အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသထေရ်ရေး

# အခြေပြု မင်္ဂလာသုတ်

ဝိုင်-အမ်-ဘီ-အေ မင်္ဂလာတရားတော်

စာမေးပွဲများအတွက်

ပြဋ္ဌာန်းသည်

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

၁၃၃၇-ခုနှစ်　　　　　　　　၁၉၇၅-ခုနှစ်

# အခြေပြုမင်္ဂလသုတ်

၂၄၇၁၆

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသထေရ်

ပြုစီရေးသားသည်။

(၁၈-ကြိမ်မြောက် ရိုက်နှိပ်ခြင်း)

ဂိုင်-အပ်-ဘီ-အေ မင်္ဂလာတရားတော်

စာမေးပွဲများအတွက်

ပြဋ္ဌာန်းသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ နိုဝင်ဘာ ၁၉၇၅

ထုတ်ဝေသူ။ ။ဦးအုံးခိုင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ၇၇၊
ရေကျော်လမ်း၊ ရန်ကုန်မြို့။ ( မှတ်ပုံတင်ကင်းလွတ်ခွင့်
အမှတ် ၀၃၁၄၂)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၄၄၅)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးလှမောင် M.A.,M.S.,B.L.
( မှတ်ပုံကင်အမှတ် ၀၈၇၉ ) က ပုံနှိပ်သည်။

# အခြေပြု မင်္ဂလသုတ်

## ရိုက်နှိပ်သည့်အကြိမ်

| | | |
|---|---|---|
| ပထမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၁၂ ခု၊ ဝါခေါင်လ |
| ဒုတိယနှိပ်ခြင်း | ၅၀၀၀။ | ၁၃၁၂ ခု၊ တပေါင်းလ |
| တတိယနှိပ်ခြင်း | ၅၀၀၀။ | ၁၃၁၃ ခု၊ တော်သလင်းလ |
| စတုတ္ထနှိပ်ခြင်း | ၁၀၀၀၀။ | ၁၃၁၃ ခု၊ တပို့တွဲလ |
| ပဉ္စမနှိပ်ခြင်း | ၁၀၀၀၀။ | ၁၃၁၄ ခု၊ ဝါဆိုလ |
| ဆဋ္ဌမနှိပ်ခြင်း | ၁၀၀၀၀။ | ၁၃၁၅ ခု၊ သီတင်းကျွတ်လ |
| သတ္တမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၁၆ ခု၊ ပြာသိုလ |
| အဋ္ဌမနှိပ်ခြင်း | ၅၁၀၀။ | ၁၃၁၇ ခု၊ တော်သလင်းလ |
| နဝမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၁၈ ခု၊ သီတင်းကျွတ်လ |
| ဒသမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၂၀ ခု၊ ဝါဆိုလ |
| ဧကာဒသမနှိပ်ခြင်း | ၁၀၀၀၀။ | ၁၃၂၃ ခု၊ တန်ခူးလ |
| ဒွါဒသမနှိပ်ခြင်း | ၁၀၀၀၀။ | ၁၃၂၆ ခု၊ တော်သလင်းလ |
| တေရသမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၃၀ ခု၊ ကဆုန်လ |
| စုဒ္ဒသမနှိပ်ခြင်း | ၄၀၀၀။ | ၁၃၃၀ ခု၊ တန်ခူးလ |
| ပန္နရသမနှိပ်ခြင်း | ၅၀၀၀။ | ၁၃၃၂ ခု၊ ဝါဆိုလ |
| သောဠသမနှိပ်ခြင်း | ၅၁၀၀။ | ၁၃၃၃ ခု၊ သီတင်းကျွတ်လ |
| သတ္တရသမနှိပ်ခြင်း | ၃၀၀၀။ | ၁၃၃၅ ခု၊ နှောင်းတန်ခူးလ |
| အဋ္ဌာရသမနှိပ်ခြင်း | ၃၀၀၀။ | ၁၃၃၇ ခု။ တန်ဆောင်မုန်းလ |

## အဂ္ဂမဟာပဏ္ဍိတ

## အရှင် ဇနကာဘိဝံသဆရာတော် ရေးသားပြုစုအပ်သော

## ကျမ်းစာအုပ်များ


၁။ ရတနာ့ဂုဏ်ရည်
၂။ အခြေပြုသင်္ဂြိုဟ်
၃။ အခြေပြုသဒ္ဒါ
၄။ သင်္ဂြိုဟ်ဘာသာဋီကာ
၅။ ဝိထိနှင့် ၃-ချက်စုဘာသာဋီကာ
၆။ ကိုယ်ကျင့်အဘိဓမ္မာ
၇။ ပါတိမောက်ဘာသာဋီကာ
၈။ ရူပသိဒ္ဓိဘာသာဋီကာ(ပ-ဒု)
၉။ ကစ္စည်းဘာသာဋီကာ(ပ-ဒု)
၁၀။ အနာဂတ်သာသနာရေး
၁၁။ ရှပ်ပုံရှင်ကျင့်ဝတ်
၁၂။ အခြေပြုမင်္ဂလသုတ်
၁၃။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၁၄။ သာမညဖလသုတ် မြန်မာပြန်
၁၅။ ဗုဒ္ဓဝင်အမေးအဖြေ
၁၆။ မူလတန်းသဒ္ဒါနှင့် အမေးအဖြေ
၁၇။ ကင်္ခါဘာသာဋီကာ(ပ-ဒု)
၁၈။ အလင်္ကာရဘာသာဋီကာ

၁၉။ ဘုရားဥပဒေတော်ကြီး

၂၀။ ဘာသာသွေး

၂၁။ ပါရာဇိကကဏ်ဘာသာဋီကာ

၂၂။ သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ

၂၃။ ကစ္စာယနသာရဘာသာဋီကာ

၂၄။ ဋီကာကျော်နိဿယ

၂၅။ (က) မူလတန်းဘာသာရေး
(ခ) ပါစိတ်ဘာသာဋီကာ

၂၆။ မဟာဝါဘာသာဋီကာ

၂၇။ အဋ္ဌသာလိနီဘာသာဋီကာနှင့် မူလဋီကာနိဿယ (ပ-ဒု-တ-စ)

၂၈။ သီလက္ခန်ဘာသာဋီကာ (ပ-ဒု-တ)

၂၉။ ဘာသာရေးပြဿနာများ အဖြေနှင့် စစ်ဘပ်တရားတော်

၃၀။ ခုဒ္ဒသိက္ခာဘာသာဋီကာ

၃၁။ ပရိဝါရဘာသာဋီကာ

၃၂။ သမ္မောဟဝိနောဒနီဘာသာဋီကာ

အလိမ္မာ စာမှာ ရှိတယ်၊
အို….ကလေးများရယ်။
နားထောင်ကြပါကွယ်၊
ဘုန်းဘုရား ပြောပြမယ်။

# နိဒါန်း

## အခြေပြုမင်္ဂလာသုတ် ထွက်ပေါ်ရခြင်း အကြောင်း

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်-အမ်-ဘီ-အေ)၏ အမှုဆောင် ကော်မီတီဖြစ်ကြသော ကျွန်တော်များသည် ကမ္ဘာအနှံ့အပြား နိုင်ငံတော်အသီးသီးတို့၌ တနေ့ထက်တနေ့ ဆူပူသောင်းကျန်းမှုများ တိုးပွါး ပြင်းထန်လာကာ ဘေး အန္တရာယ်ကြီးများနှင့် တွေ့ကြုံနေကြရသည်ဖြစ်၍ ထိုအန္တရာယ် ဆိုးကြီးတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ဖြစ်သော နည်းမှန်၊ လမ်းမှန်၊ အကြောင်းမှန်၊ လုပ်ငန်းမှန်များ စည်းကမ်း တကျဖြစ်စေရန် အကြိမ်ပေါင်းများစွာ အစည်းအဝေးပြုလုပ် ၍ ဆွေးနွေး တိုင်ပင်ကြပါသည်။

ထိုဆွေးနွေးပွဲများတွင် ကမ္ဘာသူ ကမ္ဘာသားတို့၌ မိမိတို့ လိုက်နာဆောင်ရွက်ရမည့် လူ့တာဝန်၊ လူ့ဥပဒေ၊ လူ့ စည်းမျဉ်းခေါ် မင်္ဂလာတရားတော် ကမ္ဘာ့ဥပဒေဟောင်းများ ကို ချိုးဖောက် ဖျက်ဆီးကြကာ နည်းသစ် လုပ်ငန်းသစ် အမျိုးမျိုးတို့ကို တီထွင် ဖန်တီး ကြသောကြောင့် ကမ္ဘာ့ ငြိမ်းချမ်းရေး ပျောက်ကွယ်ပြီးလျှင် ဆူပူသောင်းကျန်းမှုများ တိုးပွါး၍ ဘေးဆိုးကြီးများ ကျရောက်လာရပေသည်ဟု တခု တည်းသော အဖြေမှန် ဆုံးဖြတ်ချက် ပေါ်ထွက်ခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်အရ ကျွန်တော်များသည် လူ့ ဥပဒေခေါ် မင်္ဂလာတရားတော်ကို လေးစား လိုက်နာ ကျင့်ကြံ အားထုတ် လာရန် ရည်သန်၍ အောက်ပါ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ ကြပါသည်။

၁။ ကျောင်းသား လူငယ်များမှစ၍ လူတိုင်း လူတိုင်း မင်္ဂလာတရားတော်ကို လေ့လာသင်ကြားစေရန် မင်္ဂလာတရားတော် စာမေးပွဲကျင်းပရေး။

၂။ မင်္ဂလာတရားတော် သရုပ်သဘာဝကို ကျကျနန လူတိုင်းနားလည်လာရန် မင်္ဂလာတရားတော်စာအုပ်အမျိုးမျိုး ဖြန့်ချိရေး။

၃။ မင်္ဂလာတရားတော်ကို လူတိုင်း လူတိုင်း လက်တွေ့ ကျင့်ကြံလာရန် ကျင့်ကြံနည်းအမျိုးမျိုးတို့ကို ဆွေးနွေးပွဲများ ဟောပြောပွဲများ ပြုလုပ်ရေး။

ထိုဆုံးဖြတ်ချက်များအရ ကျွန်တော်များသည် ပထမ လုပ်ငန်းစဉ်အဖြစ်ဖြင့် ရန်ကုန်မြို့နီစပ်ယ်အတွင်းရှိ ကျောင်းသူ ကျောင်းသားများမှစ၍ လူတိုင်း လူတိုင်း ပါဝင်နိုင်အောင် အသက် အရွယ် အလိုက် သုံးတန်း ခွဲပြီးလျှင် ၁၃၁၁-ခု၊ တန်ဆောင်မုန်းလဆုတ်(၉)ရက် တနင်္ဂနွေနေ့၌ ပထမအကြိမ် မင်္ဂလာတရားတော် စာမေးပွဲများကို အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ပါသည်။

ဤသို့ ပထမလုပ်ငန်းကို အောင်မြင်စွာ ကျင်းပပြီးသော အခါ ကျွန်တော်များသည် မလျော့သော ဇွဲလုံ့လဖြင့် ဒုတိယ အဆင့်လုပ်ငန်းကို အကြိမ်ပေါင်းများစွာ ဆွေးနွေးတိုင်ပင်၍ အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြပါသည်။

(က) မင်္ဂလာတရားတော်ကို ကျောင်းသား သူငယ်များ မှစ၍ လူတိုင်း လူတိုင်း သိလွယ် မှတ်လွယ်အောင် ရေးသားနိုင်သော ကျမ်းပြုပုဂ္ဂိုလ် ရွေးချယ်ရေး။

(ခ) ရွေးချယ် ခံရပြီးသော ပုဂ္ဂိုလ်များထံ ရှိသေ လေးစားစွာ လျှောက်ထားတောင်းပန်ရေး။

(ဂ) ကျမ်းစာ မူသစ်များ ရရှိပြီးသောအခါ သေသပ် ကျနကောင်းမွန်စွာ ပုံနှိပ်ထုတ်ဝေရေး။

ထို ဆုံးဖြတ်ချက်များအရ ကျွန်တော်များသည် ကျမ်း ပေါင်းများစွာကို မြန်မာဘာသာဖြင့် သိလွယ် မှတ်လွယ် အောင် ရေးသားနိုင်သည်ဟု ထင်ရှားကျော်စောတော်မူသော အမရပူရမြို့ ဆရာတော် အရှင်ဇနကာဘိဝံသထံ မင်္ဂလာတရား တော် အခြေပြု ကျမ်းစာ တစောင်ကို ရေးသားချီးမြှင့်တော် မူပါရန် စာအားဖြင့်ရင်း လူကိုယ်တိုင်အားဖြင့်ရင်း ရှိသေ လေးစားစွာ လျှောက်ထား တောင်းပန်ခဲ့ကြပါသည်။

ဤသို့ ကျွန်တော်များ လျှောက်ထားတောင်းပန်ချက်အရ ဆရာတော်ဘုရားသည် သာသနာတော်၏ဂန္ထဓုရ ဝိပဿနာဓုရ လုပ်ငန်းကြီးများဖြင့် အားလပ်တော် မမူငြားသော်လည်း သတ္တဝါအများ ကောင်းစားရေးအတွက် မင်္ဂလာတရားတော် ကျမ်းစာတစောင်ကို နည်းစုံပြွမ်းလျက် ကြိုးပမ်း ရေးသား တော်မူပြီးလျှင် ကျွန်တော်များ အသင်းအား ချီးမြှင့်ပေး သနားတော် မူခဲ့ပါသည်။

ဤသို့ ဆရာတော် ချီးမြှင့်ပေးသနားတော်မူသော ဤ အခြေပြု မင်္ဂလသုတ် ကျမ်းစာတစောင်ကို အမှုဆောင် ကော်မီတီဖြစ်ကြကုန်သော ကျွန်တော်များသည် ဖတ်ရှု ဝေဘန်သုံးသပ်ကြသောအခါ ထိုစာစောင်သည် ဝိုင်-အမ်-ဘီ- အေ မင်္ဂလာတရားတော် စာမေးပွဲ အမျိုးမျိုး၌ ဝင်ရောက်

## အခြေပြု မင်္ဂလသုတ်

ဖြေဆိုသူများ လေ့လာသင်ကြားရန်ငှင်း, ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာအခြေခံ ကျောင်းအမျိုးမျိုးတို့၌ လေ့လာ သင်ကြားရန်ငှင်း သင့်တော်ပါပေသည်ဟု ဆုံးဖြတ်ကြပြီးလျှင် ကျွန်တော်များအသင်းက တာဝန်ခံယူ၍ ၁၃၁၂-ခု၊ ဝါခေါင်လ၌ စက်တင် ပုံနှိပ်ရပါကြောင်း။

အကျိုးဆောင်
ဝိုင်-အမ်-ဘီ-အေ အသင်း

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မင်္ဂလာအမွှန်းတင် ဂါထာ | ၁ |
| မင်္ဂလာနိဒါန်း | ၃ |
| **၁။ အသေဝနာ စ ဗာလာနံ** | |
| လူမိုက်,လူလိမ္မာ .... .... .... | ၉ |
| လူမိုက်နှင့်ပေါင်းမိ၍ ဆင်းရဲပုံ .... .... | ၁၀ |
| အရှင်မဟာကဿပထေရ်မှ ဆင်းရဲရပုံ .... | ၁၁ |
| **၂။ ပဏ္ဍိတာနဉ္စ သေဝနာ** | |
| လူလိမ္မာနှင့် ပေါင်း၍ ချမ်းသာပုံ .... | ၁၃ |
| **၃။ ပူဇာ စ ပူဇနေယျာနံ** | |
| ပူဇော်ထိုက်သူကို ပူဇော်ခြင်း .... .... | ၁၅ |
| ပူဇော်ထိုက်သူများ .... .... | ၁၅ |
| ပူဇော်စရာများ .... .... .... | ၁၇ |
| ပူဇော်ပုံ .... .... .... | ၁၇ |
| ပူဇော်ရခြင်း၏ အကျိုး .... .... | ၁၈ |
| ခဝဲပန်းနတ်သမီး .... .... .... | ၁၈ |
| မိဘစသည်ကို ပူဇော်သူ .... .... | ၁၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **၄။ ပတိရူပဒေသဝါသော စ** | |
| သင့်တော်ရာအရပ် .... .... | ၂၄ |
| ပတိရူပမင်္ဂလာ .... .... | ၂၅ |
| ပတိရူပဒေသဖြစ်အောင် ပြုပြင်ပုံ .... | ၂၅ |
| **၅။ ပုဗ္ဗေ စ ကတပုညတာ** | |
| ရှေးကောင်းမှုရှိခြင်း .... .... | ၃၀ |
| ရှေးကောင်းမှု မရှိခြင်း .... .... | ၃၀ |
| ကောင်းမှုရှိ-မရှိ သိဘွယ်များ .... .... | ၃၁ |
| **၆။ အတ္တသမ္မာပဏိဓိ စ** | |
| ကိုယ်နှင့်စိတ်ကောင်းထားခြင်း .... .... | ၃၄ |
| စိတ်ကောင်းထားပုံ .... .... | ၃၄ |
| ကိုယ်ကိုကောင်းစွာထားပုံ .... .... | ၃၅ |
| **၇။ ဗာဟုသစ္စဉ္စ** | |
| အကြားအမြင်များခြင်း .... .... | ၃၇ |
| စာမတတ်သော သူဌေးသား .... .... | ၃၉ |
| **၈။ သိပ္ပဉ္စ** | |
| လက်မှုပညာ .... .... .... | ၄၀ |
| ဘာမျှမတတ်သော သူဌေးသား .... .... | ၄၁ |
| **၉။ ဝိနယော စ သုသိက္ခိတော** | |
| ဝိနည်းလဲ သင်ရမှာ .... .... | ၄၃ |
| လူ့ဝိနည်းများ .... .... .... | ၄၄ |

အကြောင်းအရာ စာမျက်နှာ

၁၀။ သုဘာသိတာ စ ယာ ဝါစာ

ချိုသာတဲ့ နှုတ်ခွန်း .... .... ၄၆
စကားကောင်း .... .... .... ၄၇
အပြောကောင်း သုမနဒေဝီ .... .... ၄၇

၁၁။ မာတာပိတု ဥပဋ္ဌာနံ

မိဘတို့အချစ် .... .... .... ၅၂
မိဘကိုပြုစုခြင်း .... .... .... ၅၃

၁၂။ ပုတ္တဒါရဿ သင်္ဂဟော

သားမယားကို ချီးမြှောက်ခြင်း .... .... ၅၄

၁၃။ အနာကုလာ စ ကမ္မန္တာ

မရှုပ်မပွေ အလုပ်လုပ် .... .... ၅၅

၁၄။ ဒါနဥ္စ

စွန့်ကြဲ ပေးကမ်း လှူဒါန်း .... .... ၅၇
ကလေးများ ဒါန.... .... .... ၅၉

၁၅။ ဓမ္မစရိယာ စ

တရားကျင့်ခြင်း .... .... .... ၆၀
ကလေးများ တရားကျင့်စရာ .... .... ၆၁

၁၆။ ဉာတကာနဥ္စ သင်္ဂဟော

ဆွေမျိုး ထောက်ပံ့ .... .... ၆၁

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ အနဝဇ္ဇာနိ ကမ္မာနိ | | | |
| အပြစ်ကင်းသောအလုပ် | .... | .... | ၆၂ |
| ၁၈။ အာရတိ ဝိရတိ ပါပါ | | | |
| မကောင်းမှုမှ ရှောင်ခြင်း | .... | .... | ၆၆ |
| ၁၉။ မဇ္ဇပါနာ စ သံယမော | | | |
| သေရည်အရက် မသောက်ခြင်း.... | | .... | ၆၇ |
| ၂၀။ အပ္ပမာဒေါ စ ဓမ္မေသု | | | |
| ကုသိုလ်မမေ့ | .... | .... | ၆၉ |
| တရားကြောင့် အစောင့်ရပုံ | .... | .... | ၇၀ |
| ၂၁။ ဂါရဝေါ စ | | | |
| ရိုသေ လေးစားခြင်း | .... | .... | ၇၃ |
| ၂၂။ နိဝါတော စ | | | |
| ကိုယ့်ကိုယ်ကို နှိမ့်ချခြင်း | .... | .... | ၇၅ |
| ကိုယ့်ကိုယ်ကို မနှိမ့်ချခြင်း | .... | .... | ၇၆ |
| ၂၃။ သန္တုဋ္ဌိ စ | | | |
| ရောင့်ရဲလွယ် | .... | .... | ၇၇ |
| ကလေးဘဝ ရောင့်ရဲပုံ | .... | .... | ၇၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၂၄။ ကတညုတာ** | |
| ကျေးဇူးသိတတ်ခြင်း .... .... | ၃၉ |
| ကလေးဘ၀ ကျေးဇူးသိပုံ .... .... | ၃၉ |
| ကျေးဇူးမသိတတ်ပုံ .... .... | ၈၀ |
| ကျေးဇူးသိတတ်သော ခြင်္သေ့ .... .... | ၈၁ |
| ကျေးဇူးကာဏ်းသော ပုဏ္ဏား .... .... | ၈၂ |
| **၂၅။ ကာလေန ဓမ္မဿဝနံ** | |
| သင့်တော်သောအခါ တရားနာ.... .... | ၈၃ |
| ကလေးများ တရားနာသင့်ပုံ .... .... | ၈၄ |
| အနာထပိဏ်သူဌေး ငွေပေး၍ တရားနာခိုင်းပုံ .... | ၈၄ |
| **၂၆။ ခန္တီ စ** | |
| သည်းခံခြင်း .... .... .... | ၈၈ |
| သည်းမခံခြင်းအပြစ် .... .... | ၈၈ |
| သည်းခံခြင်းအကျိုး .... .... | ၈၉ |
| **၂၇။ သောဝစဿတာ** | |
| ဆုံးမ၍ လွယ်ကူခြင်း .... .... | ၉၀ |
| ဆုံးမ၍ မလွယ်သူ.... .... .... | ၉၁ |
| **၂၈။ သမဏာနဉ္စ ဒဿနံ** | |
| ရဟန်းရှင်ကို ဖူးတွေ့ခြင်း .... .... | ၉၂ |
| **၂၉။ ကာလေန ဓမ္မသာကစ္ဆာ** | |
| တရားဆွေးနွေးခြင်း .... .... | ၉၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၃၀။ တပေါ စ ဂါထာ | | | |
| ၃၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ | | | |
| လောကဓမ် ရှစ်ပါး | .... | .... | ၉၃ |
| တုန်လှုပ်ပုံ | .... | .... | ၉၇ |
| မတုန်လှုပ်မှ မင်္ဂလာ | .... | .... | ၉၇ |
| ကလေးများ မတုန်လှုပ်စရာ | .... | .... | ၉၉ |
| ဝမ်းမနည်းခြင်း | .... | .... | ၉၉ |
| မမက်မောခြင်း | .... | .... | ၁၀၀ |
| ဘေးမရှိခြင်း | .... | .... | ၁၀၀ |
| နိဂုံးချုပ် | .... | .... | ၁၀၃ |
| မင်္ဂလာသုတ် ပါဠိ-အနက် | .... | .... | ၁၀၉ |
| မင်္ဂလာကဗျာ | .... | .... | ၁၁၃ |

# အခြေပြုမင်္ဂလသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---

## မင်္ဂလာအမွှန်းတင် ဂါထာ

ယံ မင်္ဂလံ ဒွါဒသဟိ, စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ, အဋ္ဌတိံသဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန, သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ, မင်္ဂလံ တံ ဘဏာမ ဟေ။

---

အမွှန်းတင်။ ။မင်္ဂလာ ကောင်းကြောင်း အဖိုးတန်ကြောင်း ချီးမွမ်းသောစကားကို "အမွှန်း"ဟု ခေါ်၏။ "ယံ မင်္ဂလံ ဒွါဒသဟိ"စသော ၂-ဂါထာသည် အမွှန်းတင် ဂါထာများတည်း၊ ရှေးဆရာကြီးများသည် မင်္ဂလသုတ်ကို ရွတ်ချင်လာအောင်, ရွတ်ရာ၌လည်း ရွှင်ရွှင်ပျပျ အားတက်သရော ရှိကြအောင် ထိုအမွှန်းတင် ၂-ဂါထာကို ဦးဦးဖျားဖျား ထည့်

သွင်း ထားကြလေသည်။ ထို ၂-ဂါထာကို အောက်ပါအတိုင်း မြန်မာလို မှတ်ပါ။

နတ်နှင့်တကွသော လူတို့သည် ၁၂-နှစ်လောက်ကြာအောင် အကြင် မင်္ဂလာကို စဉ်းစားကြကုန်ပြီ၊ (သို့သော်) စီးပွါး ချမ်းသာခြင်းဖြင့် တည်နေကြောင်း ကောင်းသောမင်္ဂလာကို မသိနိုင်ကြပေ၊ နတ်တို့၏ ကိုးကွယ်ရာ နတ်မင်းသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှု အားလုံးကို ပယ်ဖျောက်နိုင်သော ၃၈-ပါးသော မင်္ဂလာကို အားလုံးသော သတ္တဝါတို့၏ အစီးအပွါးအလို့ငှါ ဟောတော်မူအပ်ပြီ၊ ထို မင်္ဂလာကို ငါတို့ ရွတ်ဆိုကြပါစို့။

**၁၂-နှစ်ကြာ စဉ်းစားခဲ့ခြင်း။** ။မင်္ဂလာ တရားတော်ကို ဗုဒ္ဓမြတ်စွာ မဟောမီ ၁၂-နှစ်လောက်က လူတို့ စည်းဝေး၍ စဉ်းစားခဲ့ကြရာ အချို့က မိမိနှစ်သက်သော အဆင်းကို မြင်ရလျှင် မင်္ဂလာ, အချို့က မိမိနှစ်သက်သော အသံကို ကြားရလျှင် မင်္ဂလာ, အချို့က မိမိနှစ်သက်သော အနံ့ အရသာ အတွေ့အထိကို ရလျှင် မင်္ဂလာဟု ပြောဆိုကြသည်၊ ဤသို့ အယူဝါဒကွဲရာ၌ မည်သည့်ဝါဒမျှ အားလုံးသဘောတူညီချက် မရကြချေ၊ ဤနည်းအားဖြင့် လူများ၏ ကိုယ်စောင့်နတ်တို့ပါ ဝါဒကွဲပြားလျက် အဆက်ဆက် နတ်ချင်းလည်းကွဲကာ တဆယ့် နှစ်နှစ်ကြာလတ်သော် ထိုမင်္ဂလာပြဿနာကို အဆုံးအဖြတ် ခံဘို့ရာ သိကြားမင်းထံသို့ နတ်အများ ရောက် ရ ၊ ၈ ၁ ၃ ၊

(က) ဧဝံ မေ သုတံ—

(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(ဂ) အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊

---

(က) ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၃-လ ကျော်လောက်အကြာမှာ ရာဇဂြိုဟ်မြို့တော်၌ ရဟန္တာကြီးများ စည်းဝေး၍ ဗုဒ္ဓတရားတော်များကို စီကာ စဉ်ကာ သဘောတူရာ ပေါင်းစုထားကြသည်၊ ထိုအခါ၌ ဗုဒ္ဓဟောတော်မူကြောင်း သေချာဘို့ရာ အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား မေးတော်မူ၏၊ မေးတော်မူပုံကား "အာနန္ဒာ မင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာသည် ဘယ်နေရာမှာ ဘယ်အကြောင်းကြောင့် ဟောတော်မူသနည်း"၊ ဤသို့မေးသောအခါ အရှင်အာနန္ဒာသည် မိမိ ကြားနာ မှတ်သားလိုက်သောအကြောင်းများကို လျှောက်လို၍ "ဧဝံ မေ သုတံ"ဟု စကားချီလေသည်၊ "အရှင်ဘုရား....တပည့်တော်သည် မင်္ဂလသုတ်ကို ဗုဒ္ဓမျက်မှောက်တော်၌ ဤနည်းအတိုင်း ကြားနာ မှတ်သားလိုက်ရပါသည်"ဟူလို။ ဤစကားစဉ်အရ ဤမှနောက်၌ မင်္ဂလသုတ် စကား အားလုံးသည် အရှင်မဟာကဿပအား

အရှင်အာနန္ဒာက တဆင့် လျှောက်နေသော စကားများဟု မှတ်ပါ။

(ခ) အခါတပါး ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့တော် အနီးဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော် မူပါသည်။

(ဂ) ထိုအခါ နာမည် မထင်ရှားသော နတ်သား တယောက်သည် ညဉ့်ဦးယာမ်လွန်ပြီးသော သန်းကောင်အချိန် ၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်း တိုက် တရပ်လုံးကို ကိုယ်ရောင်ဖြင့် လင်းစေလျက် ဗုဒ္ဓရှိရာသို့ ချဉ်းကပ်၍ ဝပ်ချပြီးလျှင် သင့်တော်သောအရပ်၌ ရပ်နေ ပါသည်။

(ဃ) ကေမန္တံ့ ဋ္ဌိတာ ဓါါ သာ ဒေဝတာ ဘဂဝန္တံ့ ဂါထာယ အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာ စ, မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ, ဗြူဟိ မင်္ဂလမုတ္တမံ။

---

မှတ်ချက်။ ။ထို နတ်ကား သိကြားမင်းက မိမိထံ ရောက်လာသော မင်္ဂလာပြဿနာကို ဗုဒ္ဓရှင်တော်အား လျှောက်ဘိုရန် စေလွှတ်လိုက်သော နတ်တည်း။ နတ်ဟိုသည် လူ့ခြေတိတ်မှ ဗုဒ္ဓအထံသို့ လာလေ့ရှိကြ၏၊ ထို့ကြောင့် ထိုနတ်လည်း လူများ အိပ်ပျော်ချိန် သန်းကောင်ယာမ်၌ လာသည်။ နတ်များသည် လူအနံ့ကို ရွံကြ၏။ မလွဲသာ၍ လူ့ ပြည်ကို လာရလျှင်လည်း မြန်မြန် ပြန်လိုကြ၏၊ ထို့ကြောင့် မထိုင်ဘဲ ရပ်လေသည်။

တနည်း....“ထိုင်” ဆိုသည်မှာ သွားရ လာရန့်ငှ့် ပင်ပန်းသောကြောင့် အပင်ပန်းဖြေခြင်း ဖြစ်၏။ ထိုနတ်မှာ ထိုသို့ ပင်ပန်းမှု မရှိသောကြောင့်လည်း မထိုင်ဘဲ ရပ်နေလေသည်။

တနည်း....ထိုင်ခြင်းနှင့် ရပ်ခြင်းသည် ရပ်ခြင်းက သာ၍ အရိုအသေပေးရာရောက်၏။ (ယခုကာလ အရာရှိကြီးများ လာလျှင် ထိုင်ရာမှ ထ၍ ရပ်နေပုံကို သတိပြုပါ၊) ထို့ကြောင့် သာ၍ အရိုအသေပေးရာ ရောက်အောင်လည်း ရပ်နေလေသည်။

(ဃ) သင့်တော်ရာ အရပ်၌ ရပ်နေသော ထိုနတ်သည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားလေသည်။

အက္ခရာရှစ်လုံးကို တပိုဒ် ကန့်သတ်၍, ၄ ပိုဒ်ရှိသော ပါဠိကို "ဂါထာ"ဟုခေါ်၏။ ထို ဂါထာကား "ဗဟူ ဒေဝါ မနုဿာ စ" စသော ပါဠိပင်တည်း။ ဤဂါထာသည် မင်္ဂလသုတ်၏အစဆုံး (၁) နံပတ် ဂါထာဖြစ်သည်။

၁။ များစွာကုန်သော လူနတ်တို့သည် ကြီးပွါးခြင်း ချမ်းသာခြင်းကို လိုလား တောင့်တ ကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစား ကြံစည်ခဲ့ကြ ပါကုန်ပြီ၊ ရှင်တော်မြတ် ဘုရားသည် ကောင်းမြတ်သော မင်္ဂလာကို ဟောတော်မူပါ၊ ဤသို့ နတ်က လျှောက်ထား လေသည်။ ထိုသို့ လျှောက်ထားခြင်းကြောင့် ဤမင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာ ဟောတော်မူရပါသည်။

**မင်္ဂလာ**။ ။ကြီးပွါး ချမ်းသာခြင်း၏ အကြောင်း ဖြစ်သော အလုပ်ကို "မင်္ဂလာ"ဟု ခေါ်၏။ "အလုပ်" ဟူသည်လည်း ကိုယ်ဖြင့်ပြုမှု, နှုတ်ဖြင့် ပြောမှု, စိတ်ဖြင့် စဉ်းစားကြံစည် တွေးတောမှု, များတည်း၊ ထိုအလုပ်များကြောင့် ကြီးပွါးခြင်း ချမ်းသာခြင်းကား မင်္ဂလာ၏အကျိုးဟု မှတ်၊ ထို အကျိုး ကိုပင် ဂါထာပါဠိ၌ "သောတ္ထာနံ"ဟု ဆိုထားသည်။

သု+ထာန၊ သု = တင့်တင့်တယ်တယ်, = သုခဖြင့် + ထာန=တည်နေနိုင်ခြင်း။

**မင်္ဂလသုတ်**။ ။ကြီးပွါး ချမ်းသာကြောင်း ဖြစ်သော မင်္ဂလာ အလုပ်များကို ပြထားသော (ရတနာ ရွှေကြုတ်နှင့် အလားတူသော) တရားတော်ကို "မင်္ဂလသုတ်တော်"ဟု ခေါ်သည်။ ဤစကားရပ်အရ မင်္ဂလသုတ်၌လာသော အလုပ်များကို

လက်တွေ့ လုပ်သူသည် ကေန်မုချ ကြီးပွါးချမ်းသာတော့မည် ဟု မှတ်။

[ ဆောင်ပုဒ် ] (၁) ကြီးပွါးချမ်းသာ, ကြောင်းများစွာ, မင်္ဂလာဟု ခေါ်။

(၂) ချမ်းသာကြီးပွါး, အကြောင်းများကို, ပြထား ဖော်ထုတ်, တရားကြုတ်ကို, မင်္ဂလသုတ်ဟု ခေါ်။

## လေ့ကျင့်ခဏ်းမေးခွန်း

(က) ယံ မင်္ဂလံ ဒွါဒသဟိ-စသော ၂-ဂါထာကို ဘာ ဂါထာဟု ခေါ်သနည်း။

(ခ) ထို ၂-ဂါထာသည် ဘုရားဟော ဟုတ်ပါသလား၊ အဘယ် ပုဂ္ဂိုလ်များက အဘယ်အကျိုးငှါ ထည့်ထားပါသနည်း။

(ဂ) မင်္ဂလာ အကြောင်းအရာကို ဘုရားမဟောမီက နှစ်ပေါင်း ဘယ်လောက်ကြာအောင် ဘယ်သူတွေ စဉ်းစားခဲ့ကြ သနည်း။

(ဃ) ထိုသို့ စဉ်းစားကြရာ၌ ဘယ်လို သဘောကွဲလွဲကြ သနည်း။

(င) နောက်ဆုံး၌ မင်္ဂလာပြဿနာသည် မည်သူ့ထံ ရောက်သွားသနည်း။

(စ) ထို ပြဿနာ ရောက်လာသည့်အခါ ဘယ်သူက ဘယ်သူ့ကို ဘယ်သူ့အထံသို့ မေးရန် လွှတ်လိုက်သနည်း။

(ဆ) ထို လွှတ်လိုက်အပ်သူသည် ဘယ်အချိန်လာ၍ ဘယ်နေရာက ဘယ်လိုနေပြီး မေးသနည်း။

(ဇ) ထို မေးသော ဂါထာကို မြန်မာလို သက်သက် ရေးပြစမ်းပါ။

(ဈ) အဘယ်ကို 'မင်္ဂလာ'ဟု ခေါ်၍ အဘယ်ကို 'မင်္ဂလသုတ်'ဟု ခေါ်သနည်း၊ ဆောင်ပုဒ်ကလေးပါ ရေးပြပါ။

## ၂။ အသေဝနာ စ ဗာလာနံ, ပဏ္ဍိတာနဥ္စ သေဝနာ၊ ပူဇာ စ ပူဇနေယျာနံ, ဧတံ မင်္ဂလမုတ္တမံ။

---

၂။ လူမိုက်တို့ကို မပေါင်းသင်းခြင်း, လူလိမ္မာတို့ကို ပေါင်းသင်းခြင်း, ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း, ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] လူမိုက်များကိုလ ရှောင်ရှားကြ များသူငယ်၊ လူလိမ္မာ ဟူသမျှကို ပေါင်းကြလေကွယ်။ ပူဇော်ဘွယ် တကယ်လို့ ထိုက်ငြား၊ ထိုသူကို ပူဇော်စရာနှင့်, ပူဇော်ကာ မင်္ဂလာပြုရတယ်, ကောင်းသူ့စိတ်ထား။

**လူမိုက်, လူလိမ္မာ။** ။လူတယောက် ဖြစ်စေ, အများဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ, ဆင်းရဲကြောင်းဖြစ်သော အမှုကို ပြုလုပ် ပြောဆို ကြံစည်နေသူကို "ဗာလ=လူမိုက်"ဟု ရင်း၊ လူတယောက်ဖြစ်စေ, အများဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ, ချမ်းသာကြောင်းဖြစ်သော အမှုကို ပြုလုပ် ပြောဆို ကြံစည်နေသူကို "ပဏ္ဍိတ=လူလိမ္မာ"ဟုရင်း မှတ်ပါ၊ ထို့ကြောင့် လူလိမ္မာ ပဏ္ဍိတ ဖြစ်လိုသူသည် သူတပါး ဆင်းရဲမှု ကိုယ်ချမ်းသာ နိုင်မည့်အမှု၊ အများဆင်းရဲမှု တမျိုးတဆွေ တအိမ်သား ချမ်းသာနိုင်မည့် အမှုမျိုးကို မပြုသင့်။

[ဆောင်] (၁) သတ္တဝါအပေါင်း, ဆင်းရဲကြောင်းကို, ပြောဆိုပြုလုပ်,ကြံအားထုတ်,လူယုတ် ဗာလက။

(၂) သတ္တဝါအပေါင်း, ချမ်းသာကြောင်းကို, ပြောဆို ပြုတတ်, ကြံစည်မှတ်, လူမြတ် ပဏ္ဍိတ။

## လူမိုက်နှင့် ပေါင်းမိ၍ ဆင်းရဲရပုံ

**ကျောင်းမှနှင်ထုတ်ခံရပုံ။** ။ကျောင်းသား မောင်ဒွေး သည် လူလိမ္မာတယောက် ဖြစ်၏။ ကျောင်းသား မောင်မဲ ကား လူမိုက်တယောက် ဖြစ်သည်။ မောင်ဒွေးသည် မောင်မဲ နှင့် ကျောင်းအတူသွား အတူလာ လုပ်၏၊ မောင်ဒွေး၏ မိဘ များနှင့် အကို,အမ,တို့က မောင်မဲနှင့် မပေါင်းဘို့ရန် ပြော၏။ မောင်ဒွေးကား မပေါင်းဘဲမနေနိုင်၊အခါတပါး၌ မောင်မဲသည် ကျောင်းသား မောင်အေးနှင့် ရန်ဖြစ်ရာ,မကူလျှင်မကောင်း သဖြင့် မောင်ဒွေးက ကူရိုက်သောကြောင့် မောင်အေးမှာ ခေါင်းပေါက်သွားလေ၏။ ကျောင်းဆရာကြီးသိ၍ မောင်မဲနှင့် မောင်ဒွေးကို ကျောင်းက နှင်လိုက်လေ၏။ မောင်ဒွေး၏မိဘ များ လိုက်၍ မောင်အေးမိဘများကိုတောင်းပန်သောကြောင့် သာ ကြေနပ်၍ မောင်ဒွေး ကျောင်းပြန်နေရလေသည်။

**ထောင်ကျပုံ။** ။မောင်ဒွေး, မောင်အေးနှင့် မောင်မဲတို့ အသက်ကြီး၍ ကျောင်းမှထွက်ပြီးနောက် အိမ်ထောင်ကျလေ ၏။ မောင်မဲသည် မောင်အေး၏အပေါ်၌ ကျောင်းတော်က ရန်စကို မကျေနိုင်သောကြောင့် တခြားလူများနှင့် ပေါင်း၍ ဒမြတိုက်၏။ရသောဝေစုကို မောင်ဒွေးအိမ်၌ ခဏလာထား၏။ ရဲဌာနက စုံစမ်းလေရာ မောင်မဲကိုမိ၍ မောင်မဲ၏ မိတ်ဆွေ မောင်ဒွေး၏အိမ်ကိုပါ ရှာလေသော် အပ်ထားသော တိုက်ရာ

ပါပစ္စည်းများတွေ့၍ မောင်ဒွေးပါ အဘမ်းခံရပြီး ၂-ယောက်စလုံး ထောင်ကျသွားလေသည်။

## အရှင်မဟာကဿပသော်မှ ဆင်းရဲရပုံ

အရှင်မဟာကဿပမှာ တပည့်ရဟန်း ၂-ပါးရှိ၏၊ တပါးသည် ဆရာ၏ဝတ်ကို ပြု၏၊ တပါးကား သူမပြုဘဲ သူပြုသလိုထင်အောင် လောကွတ်လုပ်၏၊ ဟိုတပါးက မျက်နှာသစ်ဘို့ရေထားပြီးသည့်အခါ သူကသွား၍ "မျက်နှာသစ်ဘို့ ရေထားပြီးပါပြီ ဘုရား"ဟု လျှောက်၏၊ ဝတ်ပြုသောကိုယ်တော်သည်သူ့အပေါ် အညွန့်ခူးသည်ကို မခံချင်၊ ထို့ကြောင့် တနေ့သ၌ထိုကိုယ်တော် အိပ်နေစဉ် ရေချိုးဘို့ရန် ရေနွေးကျို၍ ရေချိုးအိမ် နောက်ဘေး၌ သိမ်းထားပြီးလျှင် ရေနွေးအိုးကို မီးဖိုပေါ်၌ ရေအနည်းငယ်ဖြင့် တည်ထား၏။ ထိုကိုယ်တော်သည် အိပ်ရာမှ ကဗျာကယာထ၍ ရေနွေးအိုးကို လှမ်းကြည့်သောအခါ အငွေ့ထွက်နေသည်ကို မြင်၍ ရေချိုးအိမ်ထဲ ထားပြီးပြီ ထင်သောကြောင့် အရှင်ဘုရား ရေနွေးထားခဲ့ပါပြီ, ရေချိုးချိန်တန်ပါပြီ,ဟု သွားလျှောက်၏၊ အရှင်မဟာကဿပသည် အတူလိုက်လာ၍ "ရေချိုးခန်း၌ ရေနွေးမရှိသေးပါတကား"ဟု ပြောလေသော် ကဗျာကယာ ရေနွေးအိုးကို သွားကြည့်၍ ရေနွေးမရှိမှန်းသိမှ ဝတ်ပြုသော ကိုယ်တော်ကို အပြစ်တင်၍ ရေခပ် သွားလေ၏၊ ထိုအခါ ဝတ်ပြုသော ကိုယ်တော်(အစစ်)သည် သူထားသော ရေနွေးအိုးကိုယူ၍ အရှင်မဟာကဿပအား ပေးလေ၏။

ထိုအခါကျမှ အရှင်မဟာကဿပသည် နောက်ကြောင်းတို့ကိုပါ စဉ်းစား၍ ထိုကိုယ်တော် ညာနေကြောင်းကို သိရ

သဖြင့် "ရဟန်းဆိုတာ ကိုယ်မပြုဘဲနှင့် အပြုထင်အောင် မလုပ်ကောင်း"ဟု ဩဝါဒ ပေးတော်မူသည်။ ထိုသို့ ဩဝါဒ ပေးသည်ကို မခံချင်၊ နောက်ထပ် နေ့စဉ် လိမ်မှု အပြစ် ေါ်လာပြန်ရာ ထပ်မံ ဩဝါဒ ပေးသောကြောင့် အရှင်မဟာကဿပ ဆွမ်းခံချိန်၌ ရှိသမျှ အသုံးအဆောင်ကို ရိုက်ခွဲ၍ မထေရ် သီတင်းသုံးရာ သစ်ရွက်ကျောင်းကလေးကို မီးရှို့ကာ မလောင်နိုင်သောအရာကို တင်းပုတ်ဖြင့် ရိုက်ချပြီး ထွက်ပြေးလေသည်။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ အရှင် မဟာကဿပသည် ပဏ္ဍိတအစစ်ကြီး ဖြစ်ပါလျက် မလိမ္မာသော ဗာလ တပည့်နှင့် ပေါင်းမိခြင်းကြောင့် ကျောင်းကလေးနှင့် တကွ အသုံးအဆောင်များ ဖျက်ဆီးခံရသော ဒုက္ခနှင့် ကြုံရလေသည်။ ဝတ်ပြုသော ကိုယ်တော်လည်း ထိုဗာလကိုယ်တော်နှင့် အတူနေရသည့်အတွက် မိမိပြုသောဝတ်ကို သူပြုသည် ထင်အောင် အနှောက်အယှက်ခံရသော ဒုက္ခနှင့် ကြုံရလေသည်။ထို့ကြောင့် ဗာလနှင့် ပေါင်းချင်၍ ပေါင်းသူဖြစ်စေ မပေါင်းချင်ဘဲနှင့် ကံမကောင်း အကြောင်းမသင့်၍ ပေါင်းနေရသည် ဖြစ်စေ၊ တနေ့နေ့၌ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, တခုခုနှင့် တွေ့ရမည်သာ။ ဗာလနှင့်ပေါင်းရ၍ ယခုဘဝ၌ ဥစ္စာစည်းစိမ် ဂုဏ်သိရ်တိုးတက်ကာ သုခ ရှိနေပါသော်လည်း နောက်ဘဝ၌ ငရဲကျရ ပြိတ္တာဖြစ်ရ တိရစ္ဆာန်ဖြစ်ရခြင်း, လူမွဲ လူဆင်းရဲ ဖြစ်ရခြင်း ဟူသော ဒုက္ခတို့ဖြင့် ယခုဘဝ အချောင် ရထားသော သုခအကြွေးကို ကေန်မုချ ပေးဆပ်ရမည်သာတည်း။ ထို့ကြောင့် ဘယ်နည်းနှင့်မဆို ဗာလနှင့်ပေါင်းရာ၌ ဒုက္ခဖြင့်သာ အဆုံး

သတ်ရမည် ဖြစ်သောကြောင့် ဗာလနှင့် မပေါင်းရခြင်းကို မင်္ဂလာတပါးဟု ဟောထားတော်မူလေသည်။

## လူလိမ္မာနှင့် ပေါင်း၍ ချမ်းသာပုံ

**ပညာတိုးပုံ။** ။မောင်လှသည်ဉာဏ်ကောင်း၏၊ မောင်ဘကား ဉာဏ်မကောင်း၊ သူတို့ ၂-ယောက် အလွန်ခင်ကြ၏၊ မောင်လှသည် မောင်ဘ မသိတာကို ပြောပေး၏၊ မောင်ဘကို စာကြိုးစားဘို့ ပြော၏၊ မောင်ဘ၏ မိဘများက မောင်လှနှင့် ပေါင်းတာကို အလွန်ကြေနပ်၏။ သူတို့သည် စာအတူကြိုးစား၍ အထက်တန်းများကို အောင်ပြီးနောက် ကျောင်းထွက်ကြလေသည်။

**စီးပွါးတိုးပုံ။** ။သူတို့ ၂-ယောက် ကိုယ်စီကိုယ်င အိုးအိမ်ထူကြပြီးနောက် မောင်လှသည် စီးပွါး ဆုတ်ယုတ်သွား၏။ မောင်ဘသည် စီးပွါးတက်နေ၏။ မောင်ဘသည် မောင်လှအား အကြောင်းကြား၍ အရင်းအနှီးလည်း ထုတ်ပေး၏၊ စီးပွါးရှာနည်း အကြံဉာဏ်ကိုလည်း ပေး၏၊ နောက် မကြာမီ မောင်လှမှာ စီးပွါးတိုးတက်လာသည်။ သူတို့နှစ်ယောက် သေပြီးသည့်တိုင်အောင် သားသမီးများလည်း အဆက်ဆက် မိတ်ဆွေရင်းဖြစ်၍ ကျန်ရစ်ကြလေသည်။

**မလ္လိကာကြောင့် ချမ်းသာပုံ။** ။ကောသလ မင်းကြီး၌ မလ္လိကာအမည်ရှိသော မိဖုရားရှိ၏။ သူမသည် အလွန်လိမ္မာ၍ စဉ်းစားဉာဏ်လည်းရှိ၏၊ တခုသော ညဥ့်အခါဝယ် ကောသလ မင်းကြီး စက်တော်ခေါ် ၍မပျော်ဘဲနေစဉ် သာဝတ္ထိမြို့တော်၏ အနီးအောက်မှာရှိသောလောဟကုမ္ဘီငရဲမှ ငရဲသား၄-ယောက်

တို့၏ "ဒု-သ-န-သော"ဟု တလုံးစီအော်သော အသံကြီးကို ကြားရ၍ ကြောက်ရွံ့ ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်လေသည်။ ထိုအခါ နံနက်စောစော၌ မင်းအထံသို့ အခစားဝင်လာသော ပုရောဟိတ်ပုဏ္ဏားကို ပြောပြ၍ အကျိုး အပြစ်ကို မေးမြန်းလေ၏။ ပုရောဟိတ် ပုဏ္ဏားသည် ဘာအကြောင်းကိုမျှ မသိပါသော်လည်း "မသိကြောင်း" သံတော်ဦးတင်လျှင် အထင်သေးမည် စိုးသောကြောင့် "အရှင်မင်းမြတ်အတွက် အန္တရာယ်ဖြစ်ဘွယ်ရှိပါကြောင်း, အကြီးအကျယ် ယဇ်နတ်ပူဇော်မှ အန္တရာယ် ကင်းမည့်အကြောင်း" သံတော်ဦး တင်လေသည်။

ထိုအခါ ယဇ်နတ် ပူဇော်ဘို့ရန် ဆင်တရာ မြင်းတရာ နွားလားဥသဘတရာ စသည်ဖြင့် ယောကျ်ားတရာ မိန်းမတရာ တိုင်အောင် ဆွဲငင်ယူဆောင်၍ ယဇ်ပူဇော်ရာအရပ်၌ ထားရာ ဟစ်အော် ဆူညံ ငိုကြွေးသံတို့ကို မလ္လိကာမိဖုရား ကြားသောကြောင့် ဘုရင့်ထံသွား၍ အကျိုးအကြောင်း မေးလေသည်။ ထိုအခါ အကြောင်းစုံကို သိ၍ "ဘုရားရှိပါလျက် ဘုရားမလျှောက်ဘဲ ပုဏ္ဏားစကားကို ယုံရမည်လား"ဟု အပြစ်တင်ကာ ဘုရားအထံတော်သို့ ဘုရင်မင်းကို ခေါ်သွား၍ ကြားရသော အသံများကို လျှောက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဘုရင်မင်းနှင့် ထိုအသံသည် မည်သို့မျှ မဆိုင်ကြောင်း ရှေးက သူမျ‌ားမယားကို ကျူးလွန် ပြစ်မှားခဲ့ကြသော သူဌေးသား လေးယောက်တို့ ငရဲကျ၍ (ထမင်းချက်ရာ၌ ဆန်လုံးများ အပေါ်တက်သကဲ့သို့) ပွက်ပွက်ဆူသော သံရည်မှ အပေါ်တက်လာစဉ် သူတို့ ပြောချင်သော စကားကို အပြည့်အစုံ မပြောနိုင်ဘဲ တလုံးစီအော်ကာ အောက်သို့

မြုပ်သွားကြောင်းကို မိန့်တော်မူလေသည်။ ထိုအခါမှ စိတ်သက်သာရာရ၍ ယဇ်နတ်ပူဇော်ဘို့ ဆွဲငင်ထားသော သတ္တဝါများကို အလျှင်အမြန် အလွှတ်ခိုင်းလေသည်။

ဝတ္ထု မှတ်ချက်။ ။ဤဝတ္ထု၌ ပုရောဟိတ် ဗာလနှင့် ပေါင်းရခြင်းကြောင့် ဘုရင်မှာ စိတ်ဆင်းရဲ၍ သတ္တဝါများလည်း ကိုယ်ရော စိတ်ပါ ဆင်းရဲကြ၏။ စဉ်းစား ဆင်ခြင် အမြော်အမြင် ကြီးလှသော မလ္လိကာ မိဖုရားနှင့် ပေါင်းရ၍ ဘုရင်မင်းနှင့်တကွ သတ္တဝါအများ ချမ်းသာသုခ ရကြသည်။ ဤသို့လျှင် လူငယ်ချင်းချင်း ဖြစ်စေ, ဆရာနှင့်တပည့် ဖြစ်စေ, မိဘနှင့် သားသမီးဖြစ်စေ, သမီးခင်ပွန်း ဖြစ်စေ, သူကြောင့် ဆင်းရဲဒုက္ခ ဖြစ်ရလျှင် သူကို ဗာလဟု မှတ်၊ ထိုသူနှင့် ခွဲခွါ၍ နေလို့ဖြစ်လျှင် မပေါင်းသင်းဘဲ ခွဲခွါကြပါလေ၊ မပေါင်းဘဲ နေ၍ မဖြစ်သောကြောင့် ပေါင်းသင်းဆက်ဆံရလျှင် သတိကြီးစွာထား၍ ပေါင်းသင်း ဆက်ဆံကြပါလေ။ သူကြောင့် ချမ်းသာသုခ ရလျှင် သူကို မခွဲတမ်း ပေါင်းသင်းကာ ချစ်ခင် မြတ်နိုး အားကိုးကြပါလေ။

[ဆောင်] မည်သူကိုမျှ မညာကြနှင့်, မိဘ ဆရာ, ဖြစ်စေကာ
လည်း သူဟာ ဗာလ, ပဏ္ဍိတဟု, ကျနခွဲလှစ်,
တွေ့တိုင်းစစ်, စနစ် ကျစေကွဲ့။

## ပူဇော်ထိုက်သူကို ပူဇော်ခြင်း

ပူဇော်ထိုက်သူများ။ ။ဤ ပထမ ဂါထာ၌ "ပူဇာ စ ပူဇနေယျာနံ- ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာ တပါး" ဟု ဟောထားတော်မူ၏။ ပူဇော်ထိုက်သူများကား

ဘုရား, တရား, သံဃာ, မိဘ, ဘိုးဘွား, ကိုယ့်ထက်ကြီးသော အကို, အမ, ဦးကြီး, ဦးလေး, ဘကြီး, ဘထွေး, အရီး, အဒေါ်, ယောက္ခမနှင့် ခင်ပွန်းသည်များတည်း။

ဘာကြောင့် ထိုပုဂ္ဂိုလ်များကို ပူဇော်ထိုက်သနည်း?

ဘုရားသည် မိမိနှင့်တကွ သတ္တဝါအများကို သနားတော်မူ၏၊ သနားသောကြောင့် ချမ်းသာသုခရနိုင်သော နည်းလမ်းတို့ကို ဟောပြတော်မူ၏။ တရားတော်များသည် ထိုဘုရား ဟောပြ ထားသော နည်းလမ်းကောင်းများ ဖြစ်၏။ သံဃာတော်များကား ထိုတရားအတိုင်းကျင့်၍ မိမိတို့သိသမျှ ကိုလည်း တဆင့်ဟောပြကြ၏။ ထို့ကြောင့် ဘုရား, တရား, သံဃာ (ရတနာသုံးပါး)သည် ပူဇော်ထိုက်၏။

မိမိအား ပညာသင်ပေးသော ဆရာသည် (လူဝတ်ကြောင် ဖြစ်စေ, ရဟန်းဖြစ်စေ)မိမိကို တတ်သိနားလည်အောင် သင်ပြ ပေးသောကြောင့် ပူဇော်ထိုက်၏။ မိဘ ဘိုးဘွား စသော ဆွေမျိုးကြီးများသည် မိမိကို လိမ္မာအောင် ဆုံးမကြ၏၊ ဘေး ရန်ပေါ်လာလျှင် ကာကွယ် စောင့်ရှောက်ကြ, ကူညီကြ၏၊ ထို့ကြောင့် ပူဇော်ထိုက်၏။ ယောက္ခမလည်း မိမိကို သားရင်း လို သမီးရင်းလို ချစ်ခင်၏ စောင့်ရှောက်၏၊ ထို့ကြောင့် ပူဇော်ထိုက်၏။ ခင်ပွန်းသည် (လင်) ဖြစ်သူကား မိမိဇနီးကို အသက်တမျှ ချစ်မဝဘဲ အလုပ်အကိုင်လုပ်၍ ကျွေးမွေး၏၊ ထို့ကြောင့် စီးပွါးရှာ၍ စောင့်ရှောက်ဖော်ရသော ခင်ပွန်းသည် သည် အိမ်ရှင်မ၏ အပူဇော်ကို ခံထိုက်ပေသည်။ (ဆရာ စသူ တို့သည် မိမိအပေါ် မေတ္တာ ကရုဏာ ထား၍ ပူဇော်ချင် လောက်အောင် ဂုဏ်သိက္ခာလည်း ရှိသင့်ကြသည်)။

[ဆောင်] သုံးပါးရတနာ, မြတ်ဆရာတည့်, ၂-ဖြာမိဘာ, ဘိုးဘွားမှလျှင်, စရှုဆွေသား, ကြီးသူများနှင့်, လင်သားအထိ, မေတ္တာရှိ၍, မိမိကိုပင်, သွန်သင်ဆုံးမ, စောင့်ရှောက်ကြသဖြင့်, ကိုယ်ကတဖန်, ပူဇော်ရန်, ကောန်ထိုက်ပေသည်။

**ပူဇော်စရာများ။** ။ပန်း စသော ပစ္စည်း, ကောင်းသောကိုယ်ကျင့် ဤ ၂-မျိုးသည် ပူဇော်စရာ များတည်း။ ဘုရားစသော ပုဂ္ဂိုလ်များသည် မိမိကို ပစ္စည်းဖြင့် ပူဇော်ခြင်းထက် မိမိဆုံးမသည့်အတိုင်း ကောင်းမွန်စွာနေထိုင်၍ ထို ကောင်းသော အကျင့်ဖြင့် ပူဇော်ခြင်းကို သာ၍ နှစ်သက်တော်မူကြသည်၊ ဆရာမိဘ ဖြစ်သူသည် မိမိအား ပစ္စည်းဥစ္စာပေး၍ ကောင်းမွန်စွာ မနေသော တပည့်, သားသမီးများထက် ဘာမျှ မဒပေးနိုင်သော်လည်း ဆုံးမသည့်အတိုင်း နေသော တပည့် သားသမီးတို့ကို ပို၍ နှစ်သက် ချစ်ခင်ကြလေသည်။

**ပူဇော်ပုံ။** ။ဘုရား သက်တော်ထင်ရှား မရှိသော ယခုအခါ၌ ဆင်းတုတော်, စေတီတော်များကို ပန်း ဆီမီး ရေချမ်း ဆွမ်းတို့ဖြင့် ကြည်ညိုစွာ ပူဇော်နိုင်၏၊ တရားကျမ်းစာ တို့ကို သင်ယူဟောပြ ပို့ချနေသော သံဃာတော်တို့ကို တရားတော်ရည်မှန်း၍ ဆွမ်းစသော ပစ္စည်းဖြင့် ပူဇော်နိုင်၏၊ စာသင်ပေးသော ဆရာများကို စားသောက်ဘို့ထောက်ပံ့၍ရှင်း, သင်္ကြန် စသော အခါကြီးရက်များ၌ အဝတ် အစား ရေ ပန်း စသည်ဖြင့် ကန်တော့၍ ရှင်း, ပူဇော်နိုင်၏၊ မိဘမှစ၍ ခင်ပွန်းလင် တိုင်အောင် ကောင်းမွန်စွာ ပြုစုကျွေးမွေးခြင်းဖြင့် ပူဇော်နိုင်သည်။ ဘုရား

စသော ထို ပုဂ္ဂိုလ်အားလုံးကိုပင် ဆုံးမသည်ကို လိုက်နာ၍ ကောင်းမွန်စွာ နေထိုင်ခြင်း ဥပုသ်စောင့်ခြင်း ကမ္မဋ္ဌာန်းထိုင်ခြင်း ဘုရားရှိခိုးခြင်း စသော ကောင်းသော ကိုယ်ကျင့်များဖြင့် ပူဇော်နိုင်သည်။

[ဆောင်] ပူဇော်စရာ, သင့်အောင်ရှာမူ–လိုရာပစ္စည်း, ပန်းဆီမီးမှ, စ၍အသင့်, လျှော်အောင် ချင့်လော့, ကိုယ်ကျင့်တရား, ဆိုစကားကို, မှတ်သားမယွင်း, လိုက်နာခြင်းလည်း, လွန်မင်းဖိုးတန်, ပူဇော်ရန်တည့်, ၂-တန်မှတ်သား ဤသို့အားဖြင့်, အများလူငယ်, ပူဇော်ဘွယ်ကို, စိတ်ဝယ်ပိုက်ထွေး, နေ့စဉ်မွေးအောင်, မြတ်လေး ပူဇော်ကြလေသော်။

## ပူဇော်ရခြင်း၏အကျိုး

ခဝံပန်းနတ်သမီး။ ။တာဝတိံသာ နတ်ပြည်၌ နတ်သမီးအသစ် ရောက်လာသည်ကို သိကြားမင်း တွေ့ရ၏။ နတ်သမီး၏ ဘုံဗိမာန် (နေအိမ်) ပြာသာဒ်သည် ရွှေရောင် တောက်နေ၏၊ သူ့အိပ်ရာ နေရာနှင့် စားခွက် သောက်ခွက် စသော အသုံးအဆောင်များလည်း ရွှေချည်းသာ ဖြစ်၏၊ နတ်ရထား, ထီး, အလံများလည်း ရွှေရောင် ချည်းပင်၊ ဝတ်ဆင်၍ ထားသော အဝတ်တန်ဆာများလည်း ရွှေသား အဆင်းကဲ့သို့ ဝါဝင်းနေ၏၊ သိကြားမင်းသည် လှပတင့်တယ် ရှုချင်ဘွယ်ကောင်းသော ထိုနတ်သမီး၏ ရှေးဖြစ်ဟောင်းကို မေးမြန်းသဖြင့် ပြောပြသည်မှာ–သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်တော်ကို ရည်မှန်း၍ "ခဝံပန်း" လေးပွင့်ကို စေတီတော်သို့

ပူဇော်ဘို့ရန် ယူဆောင်သွားပါသည်၊ ထိုအခါ စေတီတော် မရောက်ခင် နွားမတကောင်က ဒေါ့သဖြင့် စုတေခဲ့၍ ဤ နတ်ပြည်သို့ ရောက်လာရပါသည်။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ သက်တော်ထင်ရှား မြတ်ဘုရားကို တိုက်ရိုက်ပူဇော်ခြင်း မဟုတ်၊ သက်တော်ထင်ရှား မြတ်ဘုရားကို ရည်စူး၍ ဘုရားဓာတ်တော်"ဌာပနာ"ထားသော စေတီတော်ကို ပူဇော်လိုခြင်း ဖြစ်၏။ သို့သော် စေတီတော်သို့လည်း မရောက်ရှာသေး၊ စေတီတော်ကို ပူဇော်လိုသော ကုသိုလ်စိတ်ဖြင့် သွားနေစဉ် စုတေခဲ့ရသည်။ ဤအကြောင်းကို ကြားရသော သိကြားမင်းလည်း အလွန်အံ့ဩခြင်း၊ ဖြစ်၍မာတလိနတ်သားကို ပြောသည်မှာ "မာတလိ....ဘုရား ဓာတ်တော်တို့သည် ကုသိုလ်ကောင်းမှုကို'စုပေါင်းရာ'ဌာန ဖြစ်၏၊ ထို့ကြောင့် ငါတို့လည်း ဆတက်ထမ်းပိုးတိုးကာ တိုးကာ ပူဇော်ကြစို့"ဟု ပြောလေသည်။ဤ ဝတ္ထုကိုထောက်၍ စေတီတော် ဆင်းတုတော်များကို ရိုသေလေးမြတ်စွာဖြင့် ဆည်းကပ်ပူဇော်ကြပါကုန်။

**မိဘစသည်ကို ပူဇော်သူ။** ။မိဘ ဘိုးဘွားစသူတို့ကို ပြုစုလုပ်ကျွေး၍ ပူဇော်သောခေတ်၌ လူကြီးတို့က ငယ်ရွယ်သူများကို လွန်စွာ အရေးပေးကြ၏၊ အသက်ရှည်အောင် စောင့်ရှောက်ကြ၏၊ အသက်ရှည်ကြောင်း ဆုမွန်ကောင်းကို နေ့စဉ်တောင်းကြ၏။ အစား အသောက်တို့၌ အဆီဩဇာ များ၏၊ ထို့ကြောင့် ထိုခေတ်ကောင်းချိန်၌ (အာယု) အသက်ရှည်ကြ၏။ (ဝဏ္ဏ) ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးနှင့် အလှတိုးကြ၏။ (သုခ) ကိုယ်ရောစိတ်ပါ ချမ်းသာကြ၏။ (ဗလ)

ခွန်အား ဗလ ပြည့်ဖြိုးကြ၏။ (ပဋိဘာန) ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာသောကြောင့် ထုံထိုင်းဖျင်းအသူ နည်းပါး၍ ပညာဉာဏ်လည်း ထက်သန်ကြ၏။ ဤသို့ စက္ကဝတ္တိ သုတ်ပါဠိတော်၌ ဟောတော်မူသည်။ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန(=ဉာဏ်)ဟူသော ဤအကျိုးငါးပါးတို့ တိုးပွါးရာ ခေတ်ကောင်းသည် လူကြီးမိဘတို့ကို ပြုစုလုပ်ကျွေး အရေးပေးသော မင်္ဂလာခေတ်ပင် ဖြစ်၏။

**တိုက်တွန်းချက်။** ။လူကြီးမိဘတို့ကို အရေး မထား မလေးစား မပူဇော်သောခေတ်ဆိုး၌ ကျန်းမာရေး, ပညာဉာဏ် တိုးပွါးရေးကို အလွန်ကြိုးစားသောကြောင့် အထိုက်အလိုက် တိုးတက်မည်ဖြစ်သော်လည်း ကိုယ်စိတ် ချမ်းသာမှုကား ရကြမည် မဟုတ်၊ အသက်လည်း ကြိုးစားသလောက် မရှည်နိုင်၊ ထို့ကြောင့် ဤမြန်မာနိုင်ငံဝယ် "ဗလငါးတန်"တိုးပွါးအောင် ကြိုးစားကြရာ၌ မိဘ ဘိုးဘွား လူကြီးများအား လုပ်ကျွေး ပူဇော်မှုကို ဥပဒေတခုကဲ့သို့ သတ်မှတ်ကာ ရှေးဘိုးဘွားများ၏ ကိုယ်ကျင့်ကောင်းသော ခေတ်ဟောင်းအတိုင်း လိုက်နာသင့် ကြပေသည်။

## ၂။ လေ့ကျင့်ခန်းမေးခွန်း

(က) အသေဝနာ စ ဂါထာကို ပါဠိလိုရေး၍ ဆိုင်ရာ ဆောင်ပုဒ်ကိုလည်း ရေးပါ။

(ခ) အသေဝနာ စ ဂါထာက မင်္ဂလာ ၃-ပါးကိုရေတွက်ပြပါ။

(ဂ) ဘယ်လိုလူကို ဗာလ, ဘယ်လိုလူကို ပဏ္ဍိတ-ဟု ခေါ်သနည်း။

(ဃ) "ဗာလနှင့်မပေါင်းရဟု ဘုရားဟောသော ပါဠိကလေးကို ထုတ်ပြ၍ ပေါင်းခြင်းကြောင့် အပြစ်ရပုံကို ၃-မျိုးထက် မနည်း ရေးပြပါ။

(င) "ပဏ္ဍိတနှင့် ပေါင်းရမည်" ဟူသော ပါဠိကလေးကို ထုတ်ပြ၍ ပေါင်းခြင်းကြောင့် အကျိုးရပုံကို ၃-မျိုးထက် မနည်း ရေးပြပါ။

(စ) ပူဇော်ထိုက်သူများကို ထုတ်ပြ၍ ပူဇော်စရာ အမျိုးအစားကိုလည်း သိသမျှ ဖော်ပြပါ။

(ဆ) ပူဇော်ထိုက်သူကို ပူဇော်ခြင်းကြောင့် ရနိုင်သော လောကအကျိုးကိုရင်း, မပူဇော်ခြင်းကြောင့် လောကအပြစ်ကိုရင်း ပြပါ။

(ဇ) ပူဇော်ခြင်းကြောင့် နောင်ဘဝအကျိုးကို ဝတ္ထုနှင့်တကွ ပြပါ။

(ဈ) ပူဇော်ထိုက်သူကို ပူဇော်သူ, မပူဇော်သူ ၂-ယောက်တွင် ဘယ်သူသည် ဗာလ, ဘယ်သူသည် ပဏ္ဍိတ မည်သနည်း။

၂၄၇၁၆.

## ၃။ လေ့ကျင့်ခဏ်းမေးခွန်း

အောက်ပါလူများတွင် ဘယ်သူသည်ဗာလ, ဘယ်သူသည် ပဏ္ဍိတနည်း။

(က) ကျောင်းသားတယောက်သည် ငှက်ကလေးများကို ပစ်ခတ်နေ၏။

(ခ) ကျောင်းသားတယောက်က "မပစ်ပါနဲ့ကွာ, ငရဲကြီးလိမ့်မယ်"ဟု ပြော၏။

(ဂ) ကျောင်းသူမကလေးသည် သန်းဥ တုပ်နေ၏။ သူ့အမေကား အထဲက မပျက်သေးသော ကြက်ဥလတ်လတ်ဆတ်ဆတ်ကို ကြော်နေ၏။

(ဃ) ကျောင်းဆရာသည် သန်းဥ မတုပ်ကြနှင့် ဘဲဥကိုအထဲက အကောင် ပျက်မှန်းသိမှ စားကောင်းတယ်ဟု ဆုံးမ နေ၏။

(င) ကျောင်းသား တယောက်သည် သူများကျောက်တံကို ခိုးထား၏။

(စ) ကျောင်းသား တယောက်ကား ကျောင်းသူမကလေးကို နောက်ပြောင်နေ၏။

(ဆ) ကျောင်းသားကြီးက "မနောက်ကြနဲ့ကွာ, မင်းတို့အမ နှမကို ပြောင်လျှင် ခံချင်မလား? နှမချင်းစာမှပေါ့"ဟု ပြောနေ၏။

(ဇ) ကျောင်းသားတယောက်သည် အလွန် လိမ်တတ်ညာတတ်၏။ ကျောင်းသားတယောက်ကား မလိမ်ဘဲ မှန်မှန် ပြောသည်။

(ဈ) မောင်ငွေးနှင့် မောင်အေးတို့ ချစ်ခင်နေသည်ကို မောင်ဖြူသည် 'ချစ်ချစ် ခင်ခင် နေတာ ကောင်းပါ တယ်ကွာ' ဟု ပြော၏။

(ည) မောင်မဲသည် ချစ်သူ ၂-ယောက် ကွဲကွာသွား အောင် ရန်တိုက် ပေးနေ၏။

(ဋ) ကျောင်းသားတယောက်သည် အလွန်ဆဲတတ်၏။ ကျောင်းသားတယောက်ကား ဘယ်တော့မှ မဆဲ၊ စကားပြောလျှင် ချိုချိုသာသာ ပြော၏။

(ဌ) ကျောင်းသားတယောက်သည် မဟုတ်တာတွေကို အရှော် အရွတ် ပြောလေ့ရှိ၏။ ကျောင်းသား တယောက်ကား မှန်တာကို အတည်ပြောလေ့ ရှိသည်။

## ၃။ ပတိရူပဒေသဝါသော စ, ပုဗ္ဗေ စ ကတပုညတာ၊ အတ္တသမ္မာပဏိဓိ စ, ဧတံ မင်္ဂလမုတ္တမံ။

၃။ သင့်တော်သော အရပ်၌ နေရခြင်း, ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း, မိမိကိုယ် မိမိစိတ်ကို ကောင်းစွာ ထားခြင်း၊ ဤ သုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

[ဆောင်] သင့်တော်ရာ ရပ်ဒေသ, နေရမှ တော်လိမ့်မယ်၊
ရှေး ပုဗ္ဗေ ဘဝဟောင်း, ကောင်းမှုကြွယ်၊
ကောင်းရာဝယ် နှစ်သွယ်တဲ့ ကိုယ်စိတ်၊ အမြဲ
တူယှဉ်ကာဖြင့်, ဖြူစင်စွာ မင်္ဂလာထားကြလျှင်,
များလိမ့် ဂုဏ်ဟိတ်။

**သင့်တော်ရာ အရပ်။** ။မြို့ဖြစ်စေ, ရွာဖြစ်စေ လောက အလိုက် ကြီးပွါးလမ်း ကောင်းသော အရပ်, တရားတော် အလိုက် လူမိုက်နည်းပါး၍ လူလိမ္မာ ပညာရှိ ပေါများသော အရပ်သည် ပါဠိလို ပတိရူပဒေသ, မြန်မာလို သင့်တော်ရာအရပ် မည်၏။ ထို့ကြောင့် ရေမြေကောင်းသော အရပ်သည် ကျန်းမာ ရေးအတွက် ပတိရူပဖြစ်၏။ ကစားချိန် အရွယ်ရောက်သော ကလေးအတွက် လိမ္မာသော ကစားဘော် ကလေးများ ရနိုင် သောရပ်ကွက်သည် ပတိရူပဖြစ်၏။ (ကလေးများသည် ကစား ဘော်အထဲမှ အဆဲ အဆိုအတတ်, ယုတ်မာ ညစ်ညမ်းသော အတတ်များကို တတ်လာ တတ်ကြ၏၊ ထိုကလေးများနှင့် မကစားရအောင် မိဘတို့က စောင့်ရှောက်ရလိမ့်မည်။)

ပညာ သင်ကြားရေးအတွက် ဆရာ ကောင်းကောင်း စာသင်ကျောင်းရှိသော (တတ်နိုင်ပါလျှင် အိမ်နှင့် ကျောင်း

နီးကပ်နေသော)အရပ်သည် ပတိရူပဖြစ်၏။ တိုင်းပြည် မငြိမ်သက်သော အခါ၌ မြို့ကြီးများသည် (မိမိ အားကိုးရာလည်း ရှိလျှင်) ပတိရူပဖြစ်၏၊ အားကိုးရာမရှိလျှင် သာ၍ ဆိုးတတ်သေး၏။ သူတော်ကောင်းဖြစ်ဘို့အတွက် ဗုဒ္ဓတရားတော်ကို ဟောပြော ဆုံးမမည့် ပညာရှိ ဆရာသမားရှိသော အရပ်သည် ပတိရူပဖြစ်၏။ ဤပြခဲ့သော ဂုဏ်များ နဲနဲရှိလျှင် နဲနဲ ပတိရူပဖြစ်၍, များများရှိလျှင် များများ ပတိရူပဖြစ်၏။

**ပတိရူပ မင်္ဂလာ။** ။ဤကဲ့သို့ ပတိရူပအရပ်၌ မနေရခြင်းသည် ဆင်းရဲဒုက္ခများ၍ မကြီးပွါးနိုင်သောကြောင့် အမင်္ဂလာဖြစ်၏။ ပတိရူပအရပ်၌ နေခြင်းကား ချမ်းသာသုခများ၍ ကြီးပွါးနိုင်သောကြောင့် မင်္ဂလာတပါး ဖြစ်ရ ပေသည်။ ထို့ကြောင့် မိမိနေရာဒေသသည်ပတိရူပ မဖြစ်လျှင်, သို့မဟုတ် ပတိရူပဂုဏ် နဲသေးလျှင် ပတိရူပဖြစ်သော(ပတိရူပဂုဏ် များသော) အရပ်သို့ ပြောင်းရွှေ့ နေထိုင်သင့်၏။ ထိုရွာ ထိုနယ်၏ ခေါင်းဆောင်လူကြီးများလည်း မိမိရွာ နယ်ကို ပတိရူပဒေသ ဖြစ်အောင် အစွမ်းကုန် ကြိုးစားသင့်ကြသည်။

[ဆောင်] လောကအလိုက်, သိုက်မြိုက်ကြီးပွါး, လမ်းကြောင်းများ၍,တရားရဘွယ်, များစွာလွယ်မည့်, မြို့နယ်ရွာရှိ, တွေ့ရာကြည့်, ပတိရူပခေါ်။

## ပတိရူပဒေသဖြစ်အောင် ပြုပြင်ပုံ

ဦးဖိုးထူးသည် စဉ်းစားလေရှိ၏၊ သူမှာ သားနှစ်ယောက်နှင့် သမီးသုံးယောက်ရှိ၏၊ သူတို့ရွာသည် လွန်ခဲ့သောဆယ်နှစ်လောက်က အလွန်သာယာ၏၊ ယခုသော် ဆေးဆရာကောင်း

စာသင်ကျောင်းများမရှိကြ၊ ကိုးကွယ်ထားသော သက်တော် ဝါတော်ကြီးများကလည်း ရပ်ရွာ လိမ္မာရေး ကြီးပွါးရေး၌ ကြောင့်ကြမစိုက်ဘဲ အေးအေး နေတော်မူကြ၏၊ ခေတ်မှီ ကိုယ်တော်ကလေးများအပေါ်မှာလည်း ဦးဖိုးထူး အားမရ။ ထို့ကြောင့် ၆-နှစ်သားအရွယ်ရှိသော သားအကြီး တယောက် ကို သူညီဝမ်းကွဲရှိရာ မြို့ကလေးသို့ ပို့၍ စာသင်ကျောင်း၌ ထား၏၊ ရွာထည်း၌ ဥစ္စာချို့တဲ့၍ တော်တော် စာတတ်ခဲ့ဘူး သော(ကလေးများ၏ မိခင်ဘက်က ဆွေမျိုးနီးစပ် တော် သော)အဒေါ်ကြီးကို အိမ်မှာခေါ်၍ ချမ်းသာစွာထားသည်။

၂-နှစ်လောက်ကြာလတ်သော် သမီးအကြီး နှစ်ယောက်ကို ထိုအဒေါ်ကြီးက မြန်မာစာနှင့် ဂဏန်းများကို သင်ပြပေး၏၊ လိမ္မာအောင် ပုံဝတ္ထုကလေးများကို ပြောပေး၏၊ အငယ်ဆုံး သားနှင့်သမီးများ စာသင်ချိန် ရောက်သည့်အခါလည်း အမ များ အကိုများကဲ့သို့ စာသင်စေသည်၊ သူ့သားသမီးများကို တခြားအိမ်သို့ သွား၍ မကစားစေရ၊ ကစားဘော်များကို မိမိ အိမ်သို့သာ လာချင်အောင် လုပ်ပေး၏၊ အတော်ကြာလျှင် သူ့အိမ်သည် အဒေါ်ကြီး၏ 'မိန်းကလေးများ စာသင်ကျောင်း ဖြစ်နေတော့၏။ သမီး ၃-ယောက်လည်း အလိမ္မာ စာတတ် ကလေးများ ဖြစ်လာကြ၏။ သား ၂-ယောက်လည်း ပညာ တတ် လူကောင်းများ ဖြစ်လာကြ၏။ သူနှင့် ဆွေမျိုး တော် သော ကိုယ်တော်တပါးကို ယောကျ်ားလေးများ စာသင်ပေး ဘို့ရန် တိုက်တွန်း တောင်းပန်၍ အားလုံး ယောကျ်ားကလေး များ မြန်မာစာနှင့် ဂဏန်းသင်္ချာများကို သင်ကြရပေ၏။

ဦးဖိုးထူးလည်း အသက် ၅၀-ရှိ၍ ရပ်ရွာ၌ ဩဇာရှိလာလေသတည်း။

ထိုအခါ ရပ်ရွာ၌ အမျိုးကောင်း၍ ဣန္ဒြေရသော ကိုယ်တော်တပါးနှင့် တိုင်ပင်ကာ တခြားက စာချ ကိုယ်တော်ကို ပင့်၍ အစိတ်သုံးဆယ်နေနိုင်သော စာသင်တိုက် တည်ထောင်ကာ ဆေးဆရာကောင်းရရှိအောင်လည်း ကြိုးစား၏၊ ဦးဖိုးထူးသည် ပစ္စည်းအားဖြင့် အလတ်တန်းစားဖြစ်သော်လည်း သူ၏ ကောင်းကျိုးဆောင်မှုကြောင့် ဓနရှင်များလည်း သူ့ကိုအားပေးကြ၏၊ သူ၏ စိတ်နေစိတ်ထားသည် ကျယ်ဝန်း လာ၏၊ သူ့သားကြီးကလည်း အကူအညီ အကြံဉာဏ် ပေးဘော်ရလာ၏၊ ထို့ကြောင့် သူသည် ဓနရှင်များကိုပင် အရင်းအနှီး အများဆုံး ထုတ်စေ၍ စုပေါင်းရောင်းဝယ်ရေး အစရှိသော ခေတ်မှီအလုပ်များကို လုပ်လေ၏၊ ထိုအခါ ဦးဖိုးထူး၏ အနှစ် ၃၀-မျှ တိမ်မြုပ်နေသော ရွာကြီးသည် သူတို့ခရိုင်တွင် အထင်ရှားဆုံး လောကနိဗ္ဗာန်တရွာ ဖြစ်လာ၏၊ ထိုရွာ၌ နေသူတို့မှာ ဘေးမသီ ရန်မခဘဲ ချမ်းသာသုခဖြင့် ပတိရူပဒေသ၌ နေရခြင်းမင်္ဂလာကို ရကြလေသည်။

### ၄။ လေ့ကျင့်ခဏ်းမေးခွန်း

(က) ပတိရူပဒေသဝါသော စ ဂါထာကို ပါဠိရေး၍ ဆိုင်ရာဆောင်ပုဒ်ကိုလည်း ပြပါ။

(ခ) ထိုဂါထာ၌ လာသော မင်္ဂလာသုံးပါးကို ရေတွက်ပါ။

(ဂ) ပတိရူပဒေသ၌နေခြင်းကို အဘယ်ကြောင့် မင်္ဂလာတပါးဟု ဟောတော်မူသနည်း။

(ဃ) အောက်ပါအရပ်များတွင် ကလေးများအတွက် သင့်တော်သော အရပ်နှင့် မသင့်တော်သော အရပ်ခွဲခြားပြပါ။

၁။ ကစားဘော် ကောင်းသော အရပ်၊ မကောင်းသော အရပ်။

၂။ စာသင်ကျောင်း ရှိသောအရပ်၊ မရှိသော အရပ်။

၃။ စာသင် ဆရာ ကောင်းသော ကျောင်း၊ မကောင်းသော ကျောင်း။

၄။ ဆေးဆရာ နီးသောအရပ်၊ မနီးသောအရပ်။

(င) လူရွယ်များအတွက် ပတိရူပ ဟုတ်, မဟုတ် ဒေသကို ပြပါ။

၁။ လူမိုက် ပေါသောအရပ်၊ လူလိမ္မာ ပေါသော အရပ်။

၂။ ထန်းရည် အရက် မရှိသောအရပ်၊ ရှိသော အရပ်။

၃။ ကစားဝိုင်းရှိသော အရပ်၊ မရှိသော အရပ်။
၄။ မိန်းမပေါ ရှိသောအရပ်၊ မရှိသောအရပ်။

(စ) အိမ်ထောင်သည် လူကြီးများအဘို့ ပတိရူပ ဟုတ်၊ မဟုတ် ရွေးချယ်ပြပါ။

၁။ စီးပွါးရှာ၍ ကောင်းသောအရပ်၊ မကောင်းသောအရပ်။
၂။ အားကိုးစရာ ရှိသောအရပ်၊မရှိသောအရပ်။
၃။ ဆရာသမားကောင်း ရှိသောအရပ်၊မရှိသော အရပ်။
၄။ ကုသိုလ်ကောင်းမှု ပြုဘို့ရာ ကောင်းသော အရပ်၊ မကောင်းသောအရပ်။

**ရှေးကောင်းမှုရှိခြင်း။** ။ရှေးဘဝတို့၌ ကုသိုလ်ကောင်းမှုပြုခဲ့သူတို့သည် ယခုဘဝ၌ ချမ်းသာသုခကို လွယ်ကူစွာရကြ၏၊သတ္တဝါတယောက်သည် အလွန်ကောင်းသော ရှေးကောင်းမှုကြောင့် လူ့ဘဝသို့ရောက်လာသည့်အခါ မနုရှင်အမိ ဝမ်း၌ဖြစ်ရ၏။ ဖွားမြင်သောအခါ လက်သည်ဆရာမတို့၏ ယုယုယယ အကူအညီဖြင့် ဖွားမြင်ရ၏၊ ဖွားမြင်ပြီးနောက် သန့်ရှင်းသော အိပ်ရာနေရာမှာ အိပ်ရ၏၊ ကောင်းမွန်သောနို့ကို အချိန်မှန်မှန် စို့ရ၏၊ ကစားစရာ အရုပ်ကောင်းကောင်း ရနိုင်၏၊ ချမ်းသောအခါ အနွေးထည်အဝတ်ကို လုံလုံခြုံခြုံဝတ်ရ၏၊ကောင်းသော သရည်စာကို စားရ၏၊ အဖိုးအဖွားနှင့် ဆွေးမျိုးများက ချစ်ခင်ယုယကြ၏၊ ကျောင်းထားသည့်အခါ ကျောင်းဆရာများက အရေးပေးကြ၏၊ ပညာကို ကြိုးစား၍ သင်ပေးကြ၏၊ နောက်ဆုံး၌ မနုရှင် သား, သမီးများ အီးအီးပေါက်သည်ကိုပင် နံသည်ဟု မပြောဘဲ "လူကလေးက ဒါကြောင့် ကျန်းမာတာဘဲ" ဟုငင်း, မမာသယ်ကလေး ဖြစ်နေပြန်လျှင် "မကြာခင် မာတော့မှာဘဲ"ဟု ငင်း ပြောကြ၏။ ဤသို့လျှင် ရှေးဘဝက ကုသိုလ်ကောင်းခဲ့သူများ ယခုဘဝ၌ အရေးပေးခံရ, အယုအယ ခံရခြင်းကြောင့် ရှေးဘဝက ကောင်းမှုပြုခဲ့မိခြင်းကိုပင် အလွန်အဘိုးတန်သော မင်္ဂလာတပါးဟု ဆိုရပေသည်။

**ရှေးကောင်းမှု မရှိခြင်း။** ။ရှေး ရှေး ဘဝဟောင်းတို့၌ ကောင်းမှု မပြုခဲ့သူသည် ဆင်းရဲသော အမိဝမ်း၌ ဖြစ်ရ၏။ ဆင်းရဲစွာ မွေးဖွားရ၏၊ဆင်းရဲစွာ အိပ်ရ, စားရ၏၊ မိခင်သည် အလုပ်အကိုင် အရှာအဖွေ သွားနေရသဖြင့် အချိန်မှန် နို့မစို့ရ၊

သရည်စာ ကောင်းကောင်းမစားရ၊ အရုပ်လှလှကလေးများနှင့် မကစားရ၊ ချမ်းအေးသောအခါ အနွေးထည်ကိုမဝတ်ရ၊ စောင်လုံလုံမခြုံရ၊ အိမ်ကလဲ မိုးမလုံတလုံ နေရ၏။ အဖိုးအဖွားစသောဆွေမျိုးများကလည်း အရေးမပေးလှ၊ ကျောင်းထားသည့်အခါ ဆရာများက ဂရုမစိုက်ကြ၊ နောက်ဆုံး၌ အောင့်၍မထားနိုင်သောကြောင့် အီးအီးပေါက်လျှင် "မသေခင်က ပုပ်နေတဲ့ အကောင်ကလေး" ဟု ဆိုကြ၏။ ဤသို့လျှင် ဘဝဟောင်းက ကောင်းမှု မပြုခဲ့မိခြင်းသည် ဤမျှလောက်ပင် အောက်ကျ, နောက်ကျ, ဆင်းရဲလှသဖြင့် အမင်္ဂလာဖြစ်ရလေသည်။

## ကောင်းမှု ရှိ-မရှိ သိဘွယ်များ

၁။ အသက် ရှည်-တို။ ။ရှေးဘဝဟောင်းတို့၌ သနားညှာတာမှုမရှိဘဲ သူ့အသက်ကို သတ်လေ့ရှိသူသည် ယခုဘဝ၌ အသက်တိုတတ်၏၊ သနားညှာတာမှုရှိ၍ သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခဲ့သူကား ယခုဘဝ၌ အသက်ရှည်တတ်သည်။

[ဆောင်] သူများအသက်, သတ်သည့်တွက်, အသက် ကိုယ့်မှာတို။ မသတ်ရှောင်ရှား, ထိုလူများ, ရှည်လျားအသက်ကို။

၂။ ရောဂါ ရှိ-မရှိ။ ။ရှေးဘဝဟောင်းတို့၌ သူ့အသက်ကို သေအောင်ကား မသတ်ခဲ့၊ သို့သော် လက်ဖြင့်ဖြစ်စေ, ဒုတ်, ဓား စသည်ဖြင့် ဖြစ်စေ, ရိုက်လေ့ ခုတ်လေ့ ညှဉ်းဆဲလေ့ရှိ၏၊ ထိုသူသည် ယခုဘဝ၌ အသက် မတိုသော်လည်း အနာ

ရောဂါ များတတ်၏။ ထိုသို့ မညှဉ်းဆဲခဲ့သူမှာ အနာရောဂါ ကင်းတတ်သည်။

[ဆောင်] သေအောင် မသတ်, နှိပ်စက်တတ်, များလတ် ရောဂါဆို။ ညှာတာစိတ်သွင်း, မနှိပ်နင်း, ကင်း ရှင်း ရောဂါကို။

၃။ အဆင်း လှ-မလှ။ ။ယခု ဘဝ၌ ဒေါသထွက်နေ သူကို ကြည့်လျှင် နဂိုလှသူပင် အလှပျက်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ရှေးဘဝဟောင်းတို့၌ ဒေါသအားကြီးခဲ့သူသည် ယခု ဘဝ၌ အရုပ်ဆိုး၏။ ဒေါသမကြီးဘဲ စိတ်ကြည်ကြည် လင်လင်နှင့် ရွှင်ရွှင်ပျပျ ရှေးဘဝက နေခဲ့သူသည် ရုပ်ဆင်းလှ တတ်၏။ (ပန်း, ဆီမီးတို့ဖြင့် ပူဇော်လေ့ရှိသူများလည်း ရုပ်ဆင်းလှတတ်သည်။)

[ဆောင်] ထန်ပြင်းဒေါသ, ကြီးခဲ့က, မလှ အဆင်းဆို။ ဒေါသကင်းစင်, မေတ္တာရှင်, ကြည်လင် လှသကို။

၄။ ခြွေရံ များ-မများ။ ။ကိုယ့်ထက်သာလျှင် မနာလို မကြည့်လို ကဲ့ရဲ့လိုသော ငြူစူစောင်းမြောင်းတတ်သော ဣဿာရှိခဲ့သူသည် ယခုဘဝ၌ အခြွေအရံ မရှိ, တန်ခိုးအာဏာ သြဇာ မရှိ၊ ကိုယ့်ထက်သာသူများ၌ ဣဿာမဖြစ်ခဲ့သူ, ဝမ်း မြောက်ဝမ်းသာနှင့် "တော်ပါပေသည်"ဟု ချီးမွမ်းနိုင်သူကား ယခုဘဝ၌ အခြွေအရံများ၍, တန်ခိုးအာဏာ သြဇာရှိသည်။

[ဆောင်] ကိုယ့်ထက်သာ၍, မနာလိုပြန်, ဣဿာထန်, ခြွေရံ မရှိဆို။ ဣဿာ မထား, ဝမ်းမြောက် ပြောား, ပေါများ ခြွေရံကို။

၅။ **ဥစ္စာ ပေါ-မပေါ။** ။ရှေးဘဝဟောင်း၌ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိသူသည် ယခုဘဝ၌ ပစ္စည်းဥစ္စာ မွဲ၍ ဆင်းရဲတတ်၏၊ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူကား ယခုဘဝ၌ ချမ်းသာကြွယ်ဝသည်။

[ဆောင်] မပေးမကမ်း, မလှူဒါန်း, နွမ်းပါး ဥစ္စာဆို။
စွန့်ကြဲလေ့တုံ့, ရှိစေကုန်, ကုံလုံကြွယ်ဝလို။

၆။ **အမျိုး မြတ်-မမြတ်။** ။ရှေးဘဝဟောင်း၌ မာန်မာနကြီးခဲ့သူ (ကိုယ့်ကိုယ်ကို အထင်ကြီး၍ လူများကို အဖက်မတန်ဟု ထင်တတ်သူ)သည်ယခုဘဝ၌ အမျိုးအဆွေ အောက်တန်းကျတတ်၏၊ "ရှေးဘဝက ဟန်ကြီးပန်ကြီးနှင့် လုပ်ခဲ့သမျှ ယခုဘဝ၌ အောက်ကျ နောက်ကျ ဖြစ်ရသည်"ဟူလို။ ထိုကဲ့သို့ မာန်မာနမကြီးဘဲ သူတပါးကို လေးစားတတ်သူ, ဂရုစိုက်တတ်သူသည် ယခုဘဝ၌ အထက်တန်းအမျိုးမှာ ဖြစ်ရတတ်သည်။

[ဆောင်] မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ် ညံ့မည်ဆို။
လေးစားရိုကျိုး, မာန်နှိမ်ချိုး, အမျိုး မြတ်သကို။

၇။ **ပညာ တတ်-မတတ်။** ။ရှေးဘဝဟောင်း၌ သူတပါးကို တတ်သိလိမ္မာအောင် သင်ပြဆုံးမခဲ့သူသည် ယခုဘဝ၌ ဉာဏ်ပညာထက်မြက်တတ်၏။ သူတပါးကို မသိ မလိမ္မာအောင် ညံ့ဖျင်းအောင် သွေးဆောင်ခဲ့သူကား ယခုဘဝ၌ အဖျင်း, အအ, အန, အထိုင်း ဖြစ်ရတတ်၏။

[ဆောင်] အလိမ္မာကင်း, ညှို့ဖျင်းလေအောင်, သွေးဆောင်ခဲ့ကာ, ဖျက်ဆီးပါ, ပညာ ညှို့မည်ဆို။
လိမ္မာစေကြောင်း, လမ်းကောင်းညွှန်ကာ, သင်ပြပါ, ပညာ ထက်သကို။

## ကိုယ်နှင့်စိတ်ကောင်းထားခြင်း

"အတ္တသမ္မာပဏိဓိ"ဟူသော မင်္ဂလာပါဠိကို "ကောင်းရာဝယ် ၂-သွယ်တဲ့ ကိုယ်စိတ်ထား"ဟု မြန်မာပြန်သည်။ (အတ္တ=စိတ် (ဝါ)တကိုယ်လုံး,သမ္မာ = ကောင်းစွာ, ပဏိဓိ=ထားခြင်း)ရှေးဘဝဟောင်း၌ကုသိုလ်ကောင်းမှုနည်းပါးခဲ့(ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာနည်းခဲ့)သော်လည်း ယခုဘဝ၌ စိတ်ကောင်းထားခြင်း, မိမိကိုယ်ကို ကောင်းသောအလုပ်၌ ထားခြင်းဟူသော အတ္တသမ္မာပဏိဓိ မင်္ဂလာသည် ထိုသူကို အထက်တန်းရောက်အောင် ကယ်တင်နိုင်သေး၏။ ရှေးဘဝကလည်း ကုသိုလ်ကောင်း, ယခုဘဝလည်း စိတ်ကောင်း ကိုယ်ကောင်း ထားနိုင်သူကား ပဌမတန်း သုခကို ရရှိလတ့်။ ထို့ကြောင့် စိတ်ကောင်း ကိုယ်ကောင်း ထားမှုကို မင်္ဂလာတပါးဟု ဟောတော်မူရပေသည်။

**စိတ်ကောင်းထားပုံ။** ။ကလေးများအဖို့ အရေးအပါဆုံးလူကား မိဘနှစ်ပါးနှင့် အတူနေ အကို,အမ စသူတို့တည်း။ ထို့ကြောင့် ငါ့မေမေနှင့် ငါ့ဖေဖေတို့ ငါ့အတွက် မပူရပါစေနှင့် မဆင်းခဲရပါစေနှင့်ဟု စိတ်ကောင်းထားခြင်း, ငါ့ကို သူတို့က ပညာတတ်စေချင်၏၊ ငါ ပညာတတ်အောင် ကြိုးစားမည်ဟု စိတ်ကောင်းထားခြင်း, ဆရာက ငါ့ကို ကြိုးစားစေချင်၏၊ ငါ

ကြိုးစားမည်ဟု စိတ်ကောင်းထားခြင်း, ငါ့သူငယ်ချင်းတွေကို ငါက ကူညီမည်ဟု စိတ်ကောင်းထားခြင်း, ငါ့နှမ(အမ)ကို သူများပြောင်လျှင် မခံချင်ဘူး၊ ဒါကြောင့် သူများနှမ(အမ)ကို ငါလည်း မပြောင်ဘူးဟု စိတ်ကောင်းထားခြင်း, ငါသည် လူလိမ္မာတယောက် ပညာတတ်တယောက် ဖြစ်စေရမည်ဟု စိတ်ကောင်းထားခြင်းသည် အတ္တသမ္မာပဏိဓိ မင်္ဂလာရှိခြင်း ပေတည်း။

[ **ဆောင်** ] မိဘ ၂-ပါး၊ ဆွေမျိုးများနှင့်၊ ငါ့အားချစ်ခင်၊
ဆရာရှင်တို့၊ ကြည်လင်ရွှင်ပျ၊ ချမ်းသာကြအောင်၊
နေ့ည တာရှည်၊ စိတ်ကောင်း မည်ဟု၊ ကြံစည်
ဇွဲသန်၊ မြဲမြဲမြံ၊ သမ္မာပဏိဓိ။

**ကိုယ်ကို ကောင်းစွာထားပုံ။** ။ကျောင်းမှန်မှန် တက်ခြင်း, ကျောင်းသားချင်း ရန်မဖြစ်ခြင်း, စာကြိုးစားခြင်း, မိဘ ဆွေမျိုးများနှင့် ဆရာ့စကားကို နားထောင်ခြင်း, ပိုက်ဆံ များများမသုံးခြင်း, လူအများ သွားလာနေထိုင်သော နေရာ နှင့် ရေအိုးစင်နားဌ် တံတွေးမထွေး နှပ်မညှစ် ကျင်ကြီးကျင် ငယ် မစွန့်ခြင်း, သောက်ရေကို ကုန်လောက်ရုံ ခပ်၍ အကျန် မချန်ခြင်း, ထမင်းစားသည့်အခါ ပျတ်ပျတ်မမြည်အောင် စား ခြင်း, လျှာထုတ်၍ ထမင်းလုပ်ကို ကော်မယူခြင်း, ဟင်း သောက်သည့်အခါ ရှူးရှူးမမြည်အောင် သောက်ခြင်း, အစား မကြီးခြင်း, ဖုံထည်းဌ်မထိုင်ခြင်း, အဝတ်ကို သန့်သန့်ရှင်းရှင်း ဝတ်ခြင်း, အိပ်ရာမှ အချိန်မှန်ထခြင်း, အိပ်ရာမှ ထ-ထခြင်း ရှူးရှူးပေါက် နောက်ဖေးသွား၍ သွားကိုတိုက်ပြီးမှ မျက်နှာသစ် ခြင်း, အိပ်ချိန်မှန်မှန် အိပ်ခြင်း, ပိုက်ဆံ မပူဆာခြင်း, ဘုရားပွဲ

ကျောင်းပွဲမှစ၍ ပွဲဟူသမျှကို မိမိက အလှန်မပူဆာဘဲ လူကြီးများ လိုက်ပြမှ သွားခြင်း, ရထား သင်္ဘော စသည်တို့၌ သွားရင်း လာရင်း ဆင်းရဲဒုက္ခရောက်သူကို တွေ့လျှင် ကူညီခြင်း, ကိုယ်ကောင်းမကျင့်ဘဲ သူတပါးကောင်းအောင် အများကောင်းအောင် ကျင့်ခြင်း, ဤသို့ စသည်ဖြင့် တကိုယ်လုံးကို ကောင်းစွာ ထားခြင်းသည်လည်း အတ္တသမ္မာပဏိဓိ မင်္ဂလာဖြစ်၏။ ဤမင်္ဂလာနှင့် ပြည့်စုံသောကလေးသည် ကေန်မုချကြီးပွါး ချမ်းသာရမည်သာတည်း။

[ဆောင်] ဘယ်၌မဆို၊ များထိုထိုဝယ်၊ တကိုယ်ကောင်းသာ၊ မကျင့်ပါဘဲ၊ သူပါလဲကောင်း၊ အများကောင်းဘို့၊ ငဲ့စောင်း စိတ်မှာ၊ ကိုယ်လဲပါ၊ သမ္မာပဏိဓိ။

## ၆။ လေ့ကျင့်ခဏ်းမေးခွန်း

(က) "ရှေးပုဗ္ဗေ ဘဝဟောင်း ကောင်းမှုကကြွယ်"ဟူသော စာပိုဒ်နှင့်ဆိုင်သော မင်္ဂလသုတ်ပါဠိကိုပြပါ။

(ခ) ရှေးကောင်းမှုရှိ၍ ကလေးတယောက် ချမ်းသာပုံကို ပြပါ။

(ဂ) ရှေးကောင်းမှုမရှိ၍ ကလေးတယောက် ဆင်းရဲပုံကို ပြပါ။

(ဃ) တချို့လူများ အသက်ရှည်၍ တချို့လူများ အသက်တိုရာ၌ ရှေးဘဝအကြောင်းကို ပြပါ။

(င) တချို့လူများ ရောဂါကင်း၍ တချို့လူများ ရောဂါ များရာ၌ ရှေးဘဝအကြောင်းကို ပြပါ။

(စ) မိဘချင်း တူပါလျက် ဘာ့ကြောင့် တယောက်က လှ၍ တယောက်က အရုပ်ဆိုးရသနည်း။

(ဆ) ဘာ့ကြောင့် တချို့လူများ အမျိုးမြတ်၍ တချို့ လူများ အမျိုးညံ့၌ ဖြစ်ရသနည်း။

(ဇ) ဘာ့ကြောင့် တချို့လူများ ဉစ္စာပေါသောအမျိုး၌ ဖြစ်၍ တချို့လူများ ဆင်းရဲသော အမျိုး၌ ဖြစ်ရသနည်း။

(ဈ) မိဘချင်းတူပါလျက် ဘာ့ကြောင့် တချို့ကလေး များ ဉာဏ်ကောင်း၍ တချို့ကလေးများ ဉာဏ် ထိုင်းသနည်း။

(ည) "ကောင်းရာဝယ် ၂-သွယ်တဲ့ ကိုယ်စိတ်ထား" ဟူ သော စာပိုဒ်နှင့် ဆိုင်သော မင်္ဂလာသုတ်ပါဠိကို ပြပါ။

(ဋ) ရှေးကံမကောင်းလှ၍ အောက်တန်း ကျနေလျှင် အဘယ်မင်္ဂလာဖြင့် ကယ်တင်နိုင်ပါသေးသနည်း။

(ဌ) စိတ်ကောင်းထားပုံကို ၅-မျိုးထက် မနည်း ပြ၍ ဆိုင်ရာဆောင်ပုဒ်ကိုလည်း ပြပါ။

(ဍ) ကိုယ်ကောင်းထားပုံကို ၅-မျိုးထက် မနည်း ပြ၍ ဆိုင်ရာဆောင်ပုဒ်ကိုလည်း ပြပါ။

**၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဝိနယော စ သုသိက္ခိတော၊**
**သုဘာသိတာ စ ယာ ဝါစာ, ဧတံ မင်္ဂလမုတ္တမံ။**

---

၄။ ကျမ်းစာ အကြားအမြင် များခြင်း, လက်မှုပညာ တတ်ခြင်း, ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာသင်ခြင်း, စကားကို ကောင်းစွာပြောဆိုခြင်း, ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] ကြားအမြင့်များလျှင်ကောင်းတာမို့, ကျောင်းမှာတဲ့ စာသင်ပါ၊ စက်မှုခေါ် ပညာရပ်ကို, တတ်ကြစေရာ။ ဝိနည်းလဲ သင်ရမှာ, ချိုသာတဲ့ နှုတ်ခွန်း၊ ၄-ပါးဝယ်မင်္ဂလာနှင့်, စဉ်မကွာ စုံညီရောက်လျှင်လ, မယှဉ်သာ ဂုဏ်ရည် တောက်လိမ့်မယ်, ဖွိုးမောက်လို့ထွန်း။

**မင်္ဂလာ-၄ပါး၏အကျိုး။** ။အို – ကလေးများ ဤမင်္ဂလာ ၄-ပါးသည် ကလေးများအတွက် တသက်လုံး ကောင်းကျိုးရစေနိုင်သောကြောင့် ၄-ပါးလုံးပြည့်စုံအောင် ကလေးဘဝမှစ၍ အမြဲ လိမ်လိမ်မာမာနှင့် ကြိုးစားကြပါ၊ ဤမင်္ဂလာ ၄-ပါးလုံး အရေးကြီးပုံကို တခုစီ ရှင်းပြပါဦးမည်။

**အကြားအမြင် များခြင်း။** ။ကျောင်း၌ စာသင်သည့်အခါ မကြားဘူးသော အထူးအဆန်း အကြောင်းများကို ကြားရ သိရ၏။ ထိုသို့ ကြားသိရသဖြင့် မိမိစိတ်မှာ စဉ်းစားဉာဏ် အလိမ္မာဉာဏ် တိုးလာ၏။ ထိုသို့ အသိအလိမ္မာ ဉာဏ်ပညာ တိုးလာသဖြင့် လူကဲ့ရဲ့ခံရမည့် ပြစ်မှုများကို ရှောင်ရှား

တတ်လာ၏။ လူကြီးလူကောင်းတို့ ချီးမွမ်းခံရမည့် အနေ အထိုင် အလုပ်အကိုင် အပြောအဆိုများကို လုပ်တတ်, ကိုင် တတ်, ပြောဆိုတတ်လာ၏။ စာတတ်၍ လိမ္မာသော ကျောင်း သားကလေးကို စာသင်ဘော် သူငယ်ချင်းများက အရေးပေး ကြ၏။ လူကြီးများက နေရာတိုင်းမှာ မြှောက်စားလိုကြ၏။ စာမတတ်သူသည် ဥစ္စာပေါ၍ရုပ်ချောသော်လည်း မမွှေးသော ပေါက်ပန်းပွင့်ကလေးများကဲ့သို့ အမြင့်တန်း အဆင့်မှာ နေရာ မရနိုင်။ ထို့ကြောင့် "ဗဟုသုတ" ခေါ်သော စာတတ်ခြင်း မင်္ဂလာကိုရဘို့ရာ လိမ်လိမ်မာမာနှင့် မပျင်းမရိ ကြိုးစားကြ ပါလော့။

**စာမတတ်သောသူဌေးသား။** ။ကောသမ္ဗီပြည်၌ သူဌေး ကြီးတဦးမှာ မွေးစားသော သားတယောက် ရှိ၏။ (နက္ခတ် ကောင်းတုန်းမှာ မွေးသောကြောင့် ဝယ်ယူ မွေးစားထား သော သားဖြစ်၏)။ မကြာမီ သားအရင်းမွေးပြန်သဖြင့် မွေး စားသောသားကို သူဌေးအရာ ပေးရမည် စိုးသောကြောင့် အချိုးချိုးသတ်ဖို့ ကြံခဲ့လေသည်။ နောက်ဆုံး၌ ထိုသားသည် လူလားမြောက်၍ လူပျိုအရွယ် ရောက်လာ၏။ စာကို လုံးလုံး မသင်ခဲ့ရ။ ထိုအခါ သူဌေးကြီးသည် သူ၏စီးပွါးများကို အုပ် ချုပ် ကောက်ခံပေးသော ကိုယ်စားလှယ်အထံသို့ "ယခုလာ သော သားယုတ်မာကို လူမသိအောင် သတ်ပစ်လိုက်ပါ"ဟု စာရေး၍ ထိုစာကို သားအား အပ့်ခိုင်းလိုက်လေသည်။

ထိုသားသည် သူ့ကိုသတ်ဖို့စာကို ယူကာ ခရီးအကြား၌ သူဌေးကြီးမိတ်ဆွေရှိရာသို့ ဝင်၍ အိပ်ရှာလေ၏။ ထိုအိမ်ရှင်

သူဌေးသမီးသည် သူဌေးသား ရောက်လာကြောင်းကို ကျွန်မထံမှ ကြားရ၍ သူဌေးသား အိပ်ပျော်နေစဉ် စာကို ယူ၍ ဖတ်ကြည့်ရာ သတ်ဖို့စာ ဖြစ်ကြောင်း သိရသဖြင့် သနားခြင်း ပြင်းစွာဖြစ်ပြီးလျှင် စာကို တမျိုးပြင်၍ "ယခု လာသော သားကို မည်သည့်ရွာက မိတ်ဆွေသူဌေး သမီးနှင့် ကြောင်းလမ်း စေ့စပ်ပေးပါ" ဟု ရေးသားလေသည်။ ထိုအကြံအတိုင်းပင် သူဌေးသမီးသည် သူဌေးကတော်လေး ဖြစ်လာလေသည်။

ဝတ္ထုမှတ်ချက်။ ။ဝတ္ထု၌ သူဌေးသားကို သူဌေးသမီး မကယ်လိုက်လျှင် ကေန်မုချ သူ့စာနှင့်သူ စာမတတ်မှုကြောင့် အသတ်ခံရရှာတော့မည်၊ စာတတ်သော သူဌေးသမီး၏ အရေးတကြီး ကယ်ဆယ်မှုကြောင့်သာ ချမ်းသာရာ ရလေသည်။ ထိုကဲ့သို့ ကြီးကျယ်သောကိစ္စကို ထားလိုက်ပါဦးတော့၊ ယခုအခါ ပညာမတတ်သော (တတ်သော်လည်း ဖြစ်ဖြစ်မြောက်မြောက် မသုံးလောက်သော) တောကြီး ကျေးရွာသားတို့ကို ပညာတတ် မြို့သားတို့က နေရာတိုင်း အညှန့်ခူးနေကြပုံကို ကလေးများ ကြီးရင့်သည့်အခါ စုံစုံလင်လင် တွေ့မြင်ရလိမ့်မည်။

**လက်မှုပညာ။** ။စာသင်၍ တတ်ကြသော်လည်း အသက်မွေးဘို့ရန် တချို့လူများမှာ မလုံလောက်ကြ၊ ထို့ကြောင့် လက်နှင့် လုပ်ကိုင်ရသော အတတ်များကို တတ်ထားမှ ကောင်းမည်၊ ထို့ကြောင့် ကလေးများသည် စာသင်ပြီးနောက် မိဘရိုးရာဖြစ်သော လယ်ယာလုပ်ကိုင်သောအတတ်၊ ဗိသုကာခေါ် လက်သမားအတတ်၊ အင်ဂျင်နီယာအတတ်၊ ကူးသန်း ရောင်းဝယ်ရေး အတတ် စသော အတတ်များကို

သင်ဖြစ်အောင် သင်ကြားပါ၊ ရှေး မင်းသားတို့ တတ်ရမည့် အတတ်များ၌ကား စစ်အတတ်များပင် ပါဝင်လေသည်။ ထို အတတ်များကို တတ်ထားသူသည် စီးပွါးဥစ္စာ ရှာဖွေ၍ လွယ်ကူသောကြောင့် ချမ်းသာ သုခဖြင့် နေနိုင်ကြ၏။ ထို့ ကြောင့် လက်မှုစက်မှု တတ်ခြင်းကို ကြီးပွါးကြောင်းမင်္ဂလာ တပါးဟု ဟောတော်မူသည်။ စာလည်း သုံးစွဲ၍ ဖြစ်လောက် အောင် မတတ်, လက်မှုပညာလည်း အသုံးချလောက်အောင် မတတ်လျှင် မိဘတို့က အမွေအနှစ်ကို သိန်းချီ၍ပေးနိုင်သော် လည်း အသက်ကြီးသည့်အခါ ဆင်းဆင်းရဲရဲ ဖြစ်ရမည်မှာ သေချာသလောက် ဖြစ်သောကြောင့် ထိုအတတ်များ မတတ် ခြင်းကို အမင်္ဂလာဟု မှတ်။

**ဘာမျှမတတ်သော သူဌေးသား။** ။ဗာရာဏသီ ပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးတဦးမှာ သားတယောက် ရှိ၏။ မိဘတို့သည် သူတို့၏စည်းစိမ်ကို သားတယောက်ထည်း သုံးစွဲ၍မကုန်နိုင်ဟု ထင်သောကြောင့် အတတ်ပညာကို မသင် စေဘဲ အက, အဆို, အတီး, အမှုတ် ကိုသာ သင်စေကြလေ ၏။ ထို့မြို့၌ ထိုမျှလောက် ချမ်းသာသော သူဌေးတဦးလည်း သမီးတယောက်ကို ထိုနည်းအတိုင်းပင် ထားလေ၏။ အရွယ် ရောက်၍ သူတို့နှစ်ယောက် လက်ထပ်ပြီးနောက် မိဘများ ကွယ်လွန်သည့်အခါ ထန်းရည် အရက်သမားတို့သည် သူဌေး သားကိုကပ်၍ အရက် သောက်တတ်အောင် နှိုးကြကုန်၏။ ဘာပညာမျှ မတတ်ခဲ့၍ ထုံထိုင်းလှသော သူဌေးသားသည် မကြာမီ အရက်သမား ဖြစ်တော့၏။ သူ၏ နောက်လိုက် အရက်သမား ကပ်ပါးတွေကား များလှ၏။ ထို့နောက် အက ကောင်း အဆိုကောင်းတို့ဖြင့်လည်း ပေါင်းမိကာ ပျက်စီး

ချင်တိုင်း ပျက်စီးရှာလေ၏။ ၂-ဘက်သော မိဘတို့မှ ရလိုက်သော အမွေအားလုံး ကုန်ဆုံးသည့်အခါ ဘာပညာမှ မတတ်ခဲ့သောကြောင့် သူဌေးသားနှင့် သူဌေးသမီးတို့သည် သူတောင်းစားသုပ်ကာ အသက်မွေးကြရရှာလေတော့၏။

တနေ့သ၌ ရဟန်းတော်များ၏ အကြွင်းအကျန်ကို စားသောက်နေရှာသော ထိုသူဘောင်းစား ဇနီးခင်ပွန်းကို ဘုရားသခင် မြင်တော်မူ၍ အရှင်အာနန္ဒာကို မိန့်တော်မူသည်မှာ—"အာနန္ဒာ သူတို့နှစ်ယောက်သည် ငယ်ရွယ်စဉ်က ပညာသင်၍ ကူးသန်းရောင်းဝယ်မှုပြုကြလျှင် ဤမြို့မှာ ပဌမတန်း သူဌေးကြီး ဖြစ်နိုင်လောက်၏။ လူ့ဘောင်မှထွက်၍ ရဟန်းပြုကြပြန်လျှင်လည်း ခင်ပွန်းသည်က ရဟန္တာ ဇနီးသည်က အနာဂါမ်ဖြစ်နိုင်၏၊ ဒုတိယအရွယ်ကျမှ ကိုးစားကြလျှင်လည်း ဒုတိယတန်းသူဌေး၊ သို့မဟုတ် အနာဂါမ်နှင့် သကဒါဂါမ် ဖြစ်နိုင်၏။ တတိယအရွယ်ကျမှ ကိုးစားလျှင်လည်း တတိယတန်းသူဌေး သကဒါဂါမ်နှင့် သောတာပန် ဖြစ်နိုင်ကြသေး၏။ ယခု သော်ကား အပျော်အပါးနှင့် အချိန်ဖြုန်းလာခဲ့သောကြောင့် ရွေးဘုန်းကံ ထက်သန်သူများ ဖြစ်ကြပါလျက် လူ့ဘက်နှင့် ရှင့်ဘက် အကျိုး ၂-မျိုးလုံး ဆုံးရှုံးကာ ရေကုန်ခန်းသော အိုင်အတွင်းက အတောင်ကျိုးသော ကြိုးကြာငှက်အိုကဲ့သို့ ဖြစ်ကြရရှာချေပြီ" ဟု မိန့်တော်မူလေသည်။

ဝတ္ထုမှတ်ချက်။ ။ဤဝတ္ထု၌ ဇနီးခင်ပွန်း ၂-ယောက်သည် ဘုရားနှင့်အနီး မင်းနေပြည်ကြီးမှာ မွေးဖွားနေထိုင်ကြရသောကြောင့် ပဋိရူပဒေသဝါသ မင်္ဂလာနှင့် ပြည့်စုံကြ၏။ ပဌမတန်းသူဌေး, သို့မဟုတ် ရဟန္တာနှင့် အနာဂါမ်များ

ဖြစ်နိုင်လောက်အောင် ရှေးဘုန်းရှေးကံ ကြီးမားကြသော ကြောင့် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာနှင့်လည်း ပြည့်စုံကြ ပေ၏။ သို့သော် အမြော်အမြင် နည်းပါးသော မိဘတို့က ပညာသင်၍ မပေးခဲ့ကြသောကြောင့် ဗာလဖြစ်သော မိဘ တို့နှင့်ရင်း, အရက်သမား ဗာလများနှင့်ရင်း ပေါင်းရခြင်း အမင်္ဂလာ, ပညာရှိ သူတော်ကောင်း ပဏ္ဍိတများနှင့် မပေါင်း ရခြင်း အမင်္ဂလာ, ပညာမသင်ရ၍ အကြားအမြင် မရှိခြင်း အမင်္ဂလာ, လက်မှုပညာမတတ်ခြင်း အမင်္ဂလာ, ပညာမတတ် မှုကြောင့် မိမိကိုယ်နှင့်စိတ်ကို ကောင်းသောနေရာ၌ မထား တတ်ခြင်း အမင်္ဂလာတို့ကြောင့် ယခုဘဝ၌ ရထိုက်သော ကောင်းကျိုးများမှ ဆုံးရှုံးလျက် လုံးလုံးကြီး ဝမ်းနည်းဘွယ် ရာ ဆင်းရဲဒုက္ခကိုသာ ခံစားနေကြရရှာလေတော့သည်။

ထို့ကြောင့် ကလေးများသည် မိဘတို့ ပစ္စည်းကိုသာ အားမကိုးကြဘဲ (မျက်လှည့်ပြရာ၌ ရွှေတုံးကို ပြထားသော် လည်း အဘော်ကြာလျှင် ရွှေအစစ် မဟုတ်သကဲ့သို့) ရွှေ ငွေ ဥစ္စာသည် ပြောင်းလဲ ပျက်စီးတတ်သော မျက်လှည့်ရုပ်နှင့် တူ၏။ အဟုတ်ပညာတွေသာ တသက်လုံး သုံး၍ မကုန်နိုင်သော ရွှေအိုးနှင့် တူ၏ဟု နားလည်ပြီးလျှင် ပညာကို ကိုးစား၍ သင်ကြပါလေ့။

[ဆောင်] ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ် ရွှေအိုး။ အားမကိုးနှင့် မျက်လှည့်တွေ၊ ပညာကြိုး ရွှေအိုး ရကြစေ။

**ဝိနည်းလဲ သင်ရမှာ။** ။ "ဝိနယ=ဝိနည်း" ဟူသော စကား၌ အနေအထိုင် အပြောအဆို တတ်အောင် ညွှန်ပြသော

"အဆုံးအမကို ခြဝါဒ"ဟု နားလည်ထားပါ။ ရဟန်းတော်များ၌ အနေအထိုင် အပြောအဆို သင်ပြသော ဝိနည်းတရားရှိသကဲ့သို့ လူမျိုးတိုင်း၌လည်း အမျိုးကောင်းသားသမီးတို့ အနေအထိုင် အပြောအဆို လိမ္မာအောင် ဆုံးမသောဝိနည်းရှိ၏။ ထိုဝိနည်းကို မိဘဘိုးဘွားတို့က သင်ပေးကြရ၏။ စာသင်ကျောင်း ရောက်လာလျှင်လည်း ကျောင်းဆရာက သင်ပေးရ၏။ ထိုသင်ပေးမှုကိုခံရ၍ သင်ယူမှတ်သားထားခြင်း, အချို့ဝိနည်းများကို အထူးမသင်ရဘဲ အကို အမ စသော ဆွေမျိုးတို့၏ ကောင်းသောအတုကိုမြင်၍ အတတ်သင်ခြင်းသည် "သုသိက္ခိတ ဝိနယ"မင်္ဂလာ မည်၏။

[ဆောင်] မျိုးရိုးအလိုက်, ပြုကျင့်ထိုက်သော, စရိုက်ဝိနည်း,
အသီးသီးကို, လူကြီးမိဘ, သွန်သင်ပြ၍, သင်ကြလေမှု, ဆွေမျိုးစု၏, ကောင်းတုကိုမြင်, ကောင်းတတ်သင်, ခေါ်တွင် ဝိနယ သုသိက္ခ။

**လူ့ဝိနည်းများ။** ။လူကြီးများရှေ့ ရဟန်းသံဃာကောင်းများရှေ့၌ ကိုးရိုးကားရား မထိုင်ဘဲ ရိုရိုသေသေ အမူအရာဖြင့် ထိုင်ရမည်။ (ထိုင်ခုံမှာ ထိုင်နိုင်၏။ သို့သော် ကိုယ့်ထိုင်ခုံက မမြင့်စေနှင့်၊ ခြေကို လူကြီးဘက် ထိုး၍မထားနှင့်)၊ မျက်နှာကို မချိမချဉ်နှင့် ပြုံးသလို မနေနှင့်၊ ဤန္ဒြေရရ နေရမည်။ စကားပြောသည့်အခါ နင်-ငါ စသည်ဖြင့် မပြောနှင့်၊ ရပ်ရွာထုံးစံအတိုင်း ခင်ဗျား-ကျွန်တော်, ရှင်-ကျမ, ဦး-အဒေါ်, အမ-အကို စသည်ဖြင့် သင့်တော်သလိုခေါ်၍ ပြောဆိုပါ။ အမှိုက် တံတွေး နှပ်တို့ကို လူသွားလမ်း, လူအများ နေထိုင်ရာတို့၌ မစွန့်ဘဲ အမှိုက်ပုံး ထွေးခံ လမ်းဘေးစသည်တို့၌ စွန့်ပါ။

ဤသို့ စသည်ဖြင့် မျိုးရိုးအလိုက် ပြုကျင့်ထိုက်သော ကောင်းသော အကျင့်(စရိုက်) ဝိနည်းတွေ (လင့်ဝတ်, မယားဝတ် စသည်ဖြင့်) များစွာရှိလေသည်။ ထိုဝိနည်းများတွင် စာသင်ချိန် ကလေးများ အထူး သင်ထားရမည့် တပည့်ဝတ် ငါးပါးကား—

၁။ **နေရာမှ ထခြင်း။** ။(မိမိက ထိုင်ခုံပေါ်မှာ ထိုင်နေခိုက် ဆရာလာသည်ကိုမြင်လျှင် ထိုင်မြဲထိုင်မနေဘဲ နေရာမှ ထ၍ အရိုအသေပေးရမည်၊ အဝေးမှလာသော ဆရာ၏လက်၌ တစုံတခု ဝန်လေးသော ပစ္စည်းပါလျှင် မိမိက ခရီးကြိုဆို၍ ထိုပစ္စည်းကို လှမ်းယူရမည်။)

၂။ **ဆည်းကပ်ခြင်း။** ။(ပြောဆို ဆုံးမစရာရှိလျှင် ဆုံးမ ပြောဆိုရအောင် ဆရာ့ထံသို့ မကြာခဏ အခွင့်ရတိုင်း သွားရောက် ဆည်းကပ်ရမည်။)

၃။ **စကား နားထောင်ခြင်း။** ။(ပြောဆို ဆုံးမသည့် အခါ နားမထောင်ချင်သလို ထောင်ချင်သလို မရိုမသေ မလေးမစား မနေဘဲ, လေးလေးစားစား နားထောင်ခြင်း။)

၄။ **ပြုစုခြင်း။** ။(ဆရာ့အတွက် လုပ်စရာ ကိုင်စရာ ရှိလျှင် သင့်တော်သလို ကြည့်၍ လုပ်ကိုင်ပေးခြင်း။)

၅။ **လိုလိုချင်ချင် ပညာသင်ယူခြင်း။** ။(အမှန်တကယ်လိုသော ဆန္ဒဖြင့် ပညာကို မှတ်မှတ်သားသား ကြိုးစားသင်ခြင်း။)

**[ဆောင်]** ၁-ထိုင်ရာမှထ, ၂-ချဉ်းကပ်ကြလေ, ၃-ဆုံးမသမှု,
နားစိုက်ရှုလျက်, ၄-ပြုစုတွေ့လျှင်, ၅-လိုလိုချင်နှင့်,
မှတ်သင်ပညာ, သင်ယူပါ, ငါးဖြာ တပည့်ဝတ်။

**မင်္ဂလာဖြစ်လာပုံ။** ။အမျိုးကောင်း သား သမီးတို့၏ မျိုးရိုးထုံးစံအလိုက် ကျင့်ထိုက်သော ဝိနည်းကို သင်မထား၍ နားမလည်သူသည် အနေအထိုင်မတတ် အပြောအဆိုမတတ်၊ အပေါင်းအသင်းမတတ်သောကြောင့် “အလကားအကောင်, အလကားအကောင်”ဟု အကဲ့ရဲ့ခံရတတ်၏။ ထိုလူမျိုးကို, လူကြီးလူကောင်းတို့က မချီးမြှောက်လိုကြ။ ထို့ကြောင့် အမျိုးကောင်းတို့၏ ကျင့်ထုံးဝိနည်းကို မသင်ခြင်းသည် အမင်္ဂလာဖြစ်၏။ သင်ထား၍ နားလည်သူက အနေအထိုင် အပြောအဆို အပေါင်းအသင်း တတ်သောကြောင့် ‘‘မိကောင်းဘခင် သားသမီး ပီသပါပေတယ်, တော်ပါပေတယ်”ဟု ချီးမွမ်းခံရတတ်၏။ ထိုလူမျိုးကို လူကြီးလူကောင်းတို့က ချီးမြှောက်လိုကြ၏။ ထိုသို့ အချီးအမြှောက်ခံရလျှင် ကြီးပွါးချမ်းသာနိုင်၏။ ထို့ကြောင့် အမျိုးကောင်းတို့၏ ကျင့်ထုံးဝိနည်းကို သင်ထားခြင်းသည် မင်္ဂလာတပါး ဖြစ်ရလေသည်။

**ချိုသာတဲ့ နှုတ်ခွန်း။** ။စကားကို ချိုချိုသာသာပြောတတ်ခြင်းသည် ကြီးပွါးချမ်းသာဘို့ရာ မင်္ဂလာတပါးဖြစ်၏။ လူတယောက်သည် ဗာဟုသစ္စ, သိပ္ပ မင်္ဂလာတို့နှင့် ပြည့်စုံ၍ ကိုယ်ကျင့်ကောင်းနေသော်လည်း စကားအပြောမတတ်လျှင် ကြီးပွါးသင့်သလောက် မကြီးပွါးနိုင်သေး၊ စကားကိုလည်း ချိုချိုသာသာပြောတတ်မှ အစွမ်းကုန်ကြီးပွါးသည်။ ယခုကာလ၌ စကားပြောကောင်းသူတို့ အထက်တန်းရောက်နေပုံကို ကြည့်ပါလော့။ ထို့ကြောင့် ကလေးများသည် ကလေးနှင့်တန်အောင် စကားပြောကောင်းဘို့ရာ ကြိုးစားရလိမ့်မည်။

**စကားကောင်း။** ။လိမ်၍မပြောခြင်း, မဆဲခြင်း, ချိုချို သာသာပြောခြင်း, သူများအကျိုးရှိအောင် ပြောခြင်းများ သည် "သုဘာသိတဝါစာ=စကားကောင်း" မင်္ဂလာတည်း။ ထို့ကြောင့် လိမ်မပြောနှင့်၊လိမ်ပြောသူသည် အလိမ်ပေါ်သည့် အခါ တသက်လုံး အယုံအကြည်မရှိခြင်းကို ခံရတတ်သည်။ ကြမ်းကြမ်းတမ်းတမ်း မဆဲနှင့်၊ ဆဲလျှင် မခံချင်၍ ရန်ဖြစ်တတ် သည်။ ကလေးချင်းရန်ဖြစ်လျှင် လူကြီးတွေပါ ရန်ဖြစ်၍ ငွေ ကုန် ထောင်ကျ ဆင်းရဲကြလိမ့်မည်။ မှန်မှန်ပြောပါ, ချိုချို သာသာပြောပါ၊ ဦးကြီး-ဦးလေး, ဘကြီး-ဘထွေးအရွယ်ကို ဦးကြီး-ဦးလေး, ဘကြီး-ဘထွေးလို့ ခေါ်ပါ။ အကိုအရွယ်ကို အကိုလို့ ခေါ်ပါ၊ အဒေါ်-ကြီးကြီးအရွယ်ကို အဒေါ်လို့ ကြီး ကြီးလို့ ခေါ်ပါ၊ အမအရွယ်ကို အမလို့ခေါ်ပါ၊ ကိုယ့်ကိုယ်ကို ကျွန်တော် (ကျနော်) ကျွန်မ (ကျမ)ဟု ကိုယ့်နာမည်ကို တလုံးတလေဖော်၍ [မောင်ဘဌေးဖြစ်လျှင် "ဌေးဌေး"က, မမြမြဖြစ်လျှင် "မြမြ"က ဟု] ယဉ်ကျေးအောင် ပြောပါ၊ ယဉ်ကျေးအောင် ပြောရမည်ဟု ဆိုသော်လည်း ပလီပလာ တီတီတာတာနှင့် မသတီစရာ ဖြစ်အောင် ခွဲခွဲနွဲ့နွဲ့ မပြောမိပါ စေနှင့်၊ ခပ်တည်တည် ပြောလေ့ရှိပါစေ။

**အပြောကောင်း သုမနဒေဝီ။** ။ဓိပသီ မြတ်စွာဘုရား ပွင့်တော်မူသည့်အခါ မြတ်စွာဘုရား၏ ခမည်းတော်ဖြစ်သော ဗန္ဓုမာမင်းသည် မြတ်စွာဘုရားနှင့် နောက်ပါ သံဃာများကို သူတဦးတည်းသာ ဆွမ်းပူဇော်၍ တိုင်းသူပြည်သားတို့အား ပူဇော် ခွင့်မပေးချေ၊ တိုင်းသူပြည်သားတို့သည် စစ်သူကြီးကို ကပ်၍ အတင်းအကြပ်တောင်းမှ ပူဇော်ခွင့်ရသောကြောင့် ပဌမဦးဆုံး

နေ့၌စစ်သူကြီးကို ခွင့်ပြုကြရလေသည်။စစ်သူကြီးသည် ဘုရားနှင့် သံဃာတော်များကို မည်သူမျှ ဆွမ်းမလှူရအောင် သူ့အိမ်တော်နှင့် ကျောင်းတော် အကြား၌ လမ်းတိုင်း လမ်းတိုင်းမှာ အစောင့်အကြပ်ထား၍ ဘုရားကို အိမ်တော်သို့ ပင့်လေသည်။ ထိုနံနက်မတိုင်ခင် ညဥ့်အချိန်လောက်၌ မုဆိုးမဖြစ်နေရှာသော သူဌေးကတော်ကြီးသည် သမီးရှေ့၌ ညည်းညူ ပြောဆိုသည်မှာ "သမီးဖေဖေသာ ရှိပါလျှင် မေမေတို့ ပဌမဆုံး ဆွမ်းကပ်ရမှာဘဲ၊သမီးဖေဖေ မရှိလို့ မေမေတို့ မျက်နှာငယ်ရတယ်"။ထိုစကားကို ကြားလျှင် သမီးလိမ္မာသည် "ပဌမဆုံး ဆွမ်းကပ်ရအောင် သမီးကြံပါ့မယ်"ဟု အားပေးကာ ရေမရောသော နို့ဃနာဆွမ်းကို ချက်၍ နံနက်စောစော ဘုရားကြွလာချိန်ဝယ် ရွှေခွက်၌ ထည့်ပြီးလျှင် ရွှေခွက်တခွက်ဖြင့်ဖုံး၍ ရွှေခွက် ၂ လုံး ခြုံမိအောင် မြဘ်လေးပန်းကုံးဖြင့် ရစ်ပတ်ကာ သူကိုယ်တိုင်ရွက်၍ အထိန်းတော်များ ခြံရံလျက် လမ်းသို့ ထွက်ခဲ့လေသည်။

စစ်သူကြီးတို့၏ လမ်းစောင့်တို့သည် "အမ့အမ ဒီမလာခဲ့နှင့်"ဟု တားကြကုန်၏။ သူဌေးသမီးသည် "ဇွတ်အတင်းပြောလို့တော့ ရမှာမဟုတ်"ဟု သိ၍ လမ်းစောင့်များ၏ အရွယ်ကိုကြည့်ကာ ဦးလေး, ဦးကြီး, ဘထွေးဟု တော်သလို ခေါ်ပြောလျက် "ဘာ ကိစ္စကြောင့် မလာရတာပါတုံး ဦးရဲ့" "စစ်သူကြီးက ဘယ်သူမှ ဆွမ်းမလောင်း ရဘူးတဲ့"....."အို.... ပန်းကလေးတောင်မှ မပူဇော်ရဘူးတဲ့လား ဦးရဲ့" "ပန်းတော့ ပူဇော်ရပါရဲ့"။ ဤသို့ ပြောနေစဉ် ဘုရား ကြွတော်မူလာသဖြင့်

"ဒါဖြင့် ဦးရယ် ပန်းကလေး ပူဇော်ပါရစေ"ဟု ပြောပြော ဆိုဆိုနှင့် ဘုရားအနီးသို့ကပ်၍ "ပန်းအလှူခံတော်မူပါဘုရား" ဟု လျှောက်လေရာ, မြတ်စွာဘုရားသည် လမ်းစောင့် တယောက်ကို ကြည့်တော်မူသဖြင့် ထိုလမ်းစောင့်ကပင် ပန်းအုပ်ကြီးကို ယူလိုက်ရလေ၏။ သူဌေးသမီးသည် ဝမ်း မြောက်ဝမ်းသာ လိုရာဆုနှင့်တကွ ဖြစ်လေရာဘဝဝယ် ဤ မြတ်လေးပန်းနာမည်ကို ရလိုပါကြောင်း ဆုတောင်းလိုက် လေသည်။ (မြတ်လေးပန်းကို ပါဠိလို "သုမန"ခေါ်၏။ ဤ နေရာ၌ သူ၏ အပြောအကောင်းပုံကို သတိထားခဲ့ပါ)။

စစ်သူကြီး၏ အိမ်တော်သို့ ရောက်၍ ဆွမ်းကပ်သည့်အခါ "လမ်းက ဆွမ်းရခဲ့ပြီ"ဟု မိန့်တော်မူ၍ ပန်းအုပ်ကြီးကို ဖွင့်စေ ရာ အလွန်မွှေးကြိုင်သော ဆွမ်းကို တွေ့ရလေ၏။ စစ်သူကြီး၏ လမ်းစောင့်များလည်း အမျိုးသမီးလေး တယောက်က ညာ၍ လှူလိုက်ကြောင်း ပြောကြ၏။ စစ်သူကြီးက စိတ်မဆိုးသည့် ပြင် ထိုအမျိုးသမီးကလေးကို စိတ်ထဲက ချီးမွမ်းနေ၏။ ဆွမ်း ကပ်ပြီးနောက် အကျိုးအကြောင်းကို စုံလင်စွာ မေးပြီးလျှင် "ဤမျှလောက် လိမ္မာသော အမျိုးသမီးသည် ငါ့အိမ်တော်မှာ ရှိသင့်၏"ဟု စိတ်ကူး၍ အကြီးဆုံး စစ်သူကြီးကတော်အရာကို ပေးလေသည်။ ထိုစစ်သူကြီးကတော်ကလေးသည် မိခင်ပိုင် ပစ္စည်းများနှင့် စစ်သူကြီးပိုင် ပစ္စည်းများကို တရားသဖြင့် သုံးစွဲလှူဒါန်းကာ ငါတို့ဘုရား လက်ထက်တော် အခါဝယ် "သုမနဒေဝီ"ခေါ် ကောသလမင်းကြီး၏ သမီးတော်ဖြစ်၍ ၇-နှစ်မြောက်သောအခါ သောတာပန် ဖြစ်လေသည်။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ သူဌေးသမီးသည် အပြော မကောင်းပါလျှင် လမ်းစောင့်တို့၏ မောင်းထုတ်မှုကို ခံရချေ မည်။ ယခုသော် မင်းနေပြည်တော်ဖြစ်သော ပဋိရူပဒေသ၌နေ ရခြင်း မင်္ဂလာ၊ သူဌေးသမီး ဖြစ်လောက်အောင် ရှေးကောင်းမှု ရှိခြင်း မင်္ဂလာ၊ အပြောအဆို သင်ပြသော မိဘ ပဏ္ဍိတ တို့နှင့် ပေါင်းရခြင်း မင်္ဂလာ၊ စိတ်ကောင်း ကိုယ်ကောင်း ထားခြင်း အတ္တသမ္မာ ပဏိဓိ မင်္ဂလာ၊ (ပညာ တတ်ပုံလည်း ရသဖြင့်) ဗာဟုသစ္စ-သိပ္ပမင်္ဂလာ ရှိသောကြောင့် အပြော အဆိုလည်းကောင်း၊ ထို အပြောကောင်းသော သုဘာသိတ- ဝါစာမင်္ဂလာကို အခြေခံရသောကြောင့် ပူဇော်ထိုက်သော မြတ်စွာဘုရားကို ပူဇော်ခြင်း မင်္ဂလာ ကောင်းမှုကို ပြုနိုင်၍ သောတာပန်ဖြစ်သည့်တိုင်အောင် ချမ်းသာသုခကို ရရှိလေ သည်။

## ၆။ လေ့ကျင့်ခန်းမေးခွန်း

(က) ဗာဟုသစ္စ၌ ဂါထာပါဋ္ဌိကိုရေး၍ ဆိုင်ရာ ဆောင် ပုဒ်ကိုလည်း ပြပါ။

(ခ) ဗာဟုသစ္စ၌ ဂါထာ၌လာသော မင်္ဂလာ ၄-ပါးကို ရေတွက်ပြပါ။

(ဂ) ဗာဟုသစ္စ၌ မင်္ဂလာ စာတတ်ခြင်း၏ အကျိုးနှင့် စာမတတ်ခြင်း၏ အပြစ်ကို စွမ်းနိုင်သမျှ ပြပါ။

(ဃ) သိပ္ပမင်္ဂလာ လက်မှုပညာ တတ်ခြင်း၏ အကျိုးနှင့် မတတ်ခြင်း၏ အပြစ်ကို စွမ်းနိုင်သမျှ ပြပါ။

(င) ဘယ်လို မင်္ဂလာမျိုးကို သုသိက္ခိတဝိနယမင်္ဂလာဟု ခေါ်သနည်း။

(စ) တပည့်ဝတ် ၅-ပါးကို ရေတွက်၍ ဆောင်ပုဒ်ကို လည်း ပြပါ။

(ဆ) သုဘာသိတဝါစာ [စကားကောင်း] မင်္ဂလာကို မှတ်မိသမျှ ရေးပြပါ။

(ဇ) မောင်အေးသည် မြို့ကြီး၌ သူတော်ကောင်း ကုန်သည်တယောက်၏ သားဖြစ်၍ ဉာဏ်ကောင်း စိတ်ကောင်းသော သူငယ်တယောက်ဖြစ်လေရာ, ၅-နှစ်အရွယ်ကပင် ဆရာ ဦးတိုး၏ အင်္ဂလိပ် မြန်မာ ၂-ဘာသာကျောင်း၌ မိဘများက ထား၏၊ သူသည် ကြိုးစားသဖြင့် နှစ်စဉ် အတန်းတက်ရ၏။ သူသည် တည်တည်နှင့် အပြောကောင်းပုံကို ကျောင်းသားတွေသာ မက ဆရာကြီးပါ သဘောကျ၏၊ သူသည် အင်ဂျင်နီယာအတတ်ကို သင်ဘို့ စိတ်ကူးနေ၏။ တတ်လည်း တတ်မှာဘဲ၊ ထို မောင်အေး၌ ပြည့်စုံသော မင်္ဂလာများကို "ဘာ့ကြောင့် ပြည့်စုံသည်" ဟု အကြောင်းပြ၍ တခုစီ ရှင်းလင်းပါ။

## ၅။ မာတာပိတုဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော၊
## အနာကုလာ စ ကမ္မန္တာ, ဧတံ မင်္ဂလမုတ္တမံ။

၅။ မိဘတို့ကို လုပ်ကျွေးပြုစုခြင်း, သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက်ခြင်း, မရှုပ်မထွေ အလုပ်လုပ်ခြင်း၊ ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

("အနာကုလာ" ဟူသော ပါဠိကို "မရှုပ်မထွေ" ဟု မြန်မာပြန်ထား၏၊ ရှေးက "အနှောင့်အယှက် မရှိသော"ဟု မြန်မာပြန်ကြသည်၊ အထက်တန်း မင်္ဂလသုတ်ကျမှ ရှင်းပြအံ့၊ ဤဂါထာ၌ မင်္ဂလာ ၄-ပါး တနည်း, ၅-ပါး တနည်း, ခွဲသေး၏။ ၄-ပါးခွဲရာ၌ အမိလုပ်ကျွေးခြင်း, အဘလုပ်ကျွေးခြင်းဟု ခွဲ၊ ၅-ပါးခွဲရာ၌ သားသမီးကို ချီးမြှောက်ခြင်း, ဇနီးကို ချီးမြှောက်ခြင်းဟု ခွဲ)။

[ဆောင်] မိဘကိုပြုစုလို့, သားရွှေဥ သမီးမေ၊ ဇနီးဆွေ ချစ်သူ မြင့်အောင် ချီးမြှင့်ပါလေ၊ မရှုပ်ထွေ လုပ်လေကွယ့် အလုပ်။ ၃-ပါးမင်္ဂလာ မတော့, စဉ်မကွာ နောင်ခါ ပြုရအောင် ပေါင်းစုရှဲချုပ်။

(ဤ မင်္ဂလာများသည် ကလေးအရွယ်၌ ပြုကျင့်ရမည် မဟုတ်သေး၊ သို့သော် နောင် ကြီးရင့်သည့်အခါ ပြုကျင့်တတ်အောင် စာအုပ်များမှ စုပေါင်းချုပ်ထားသကဲ့သို့ ကလေးအရွယ်ကပင် ပေါင်းစု မှတ်ထားပါဟု ဆိုလိုသည်။)

**မိဘတို့အချစ်။** ။မိဘတို့သည် ဖွားမြင်လာသော သားသမီးကို အလွန်ချစ်ကြ၏၊ မိမိတို့ စီးပွါး အခြေအနေနှင့်

လိုက်အောင် အစွမ်းကုန် ယုယကြ၏။ ကျန်းမာအောင် စောင့်ရှောက်ကြ၏၊ မိခင်ကား နို့မကောင်းမှာစိုး၍ အစား ရှောင်ရ၏၊ နို့ရည်ဆိုသည်မှာ မိခင်၏ ဖြူဆွတ်သော သွေးပင် ဖြစ်၏၊ မိခင်သည် ကလေးပြုံးတတ်သည့်အရွယ် ရောက်လျှင် ကလေးရွှင်မြူးအောင် မြှူ၍ပေးရ၏၊ ဒါက ဖေဖေခေါ်တယ်၊ ဒါက မေမေခေါ်တယ် စသည်ဖြင့်ရင်း၊ ဒီဘက်ကို အရှေ့ဘက် ခေါ်တယ် စသည်ဖြင့်ရင်း၊ လောကကြီးကို ပြသကြ၏၊ ထို့ ကြောင့် မိဘများကို ကလေးများ၏ 'လက်ဦးဆရာ' ဟု ဘုရား ဟောတော်မူသည်၊ ရင်ခွင်ပေါ်မှာသိပ်၍ အိပ်ပျော်စေ၏၊ ရင်ခွင်ပေါ်မှာနေသော ကလေးကို မြှူကာ ကလေး အလို မကျ၍ ဆံပင်ဆွဲ မျက်နှာကို လက်နှင့် ပုတ်နေလျက် အချစ် မပြယ်နိုင်ဘဲ တိုး၍ချစ်ရှာကြ၏၊ ဖုံတွေနှင့် ကစား၍ တကိုယ် လုံး ပေလာသောကလေးကို အားရ ပါးရ ပွေ့ယူကာ နမ်း ရှုပ်နိုင်ကြ၏၊ မိခင်က ကလေးများကို ကောင်းကောင်း ယုယ နိုင်အောင် ကလေးများ၏ ဖေဖေသည် ပင်ပန်းကြီးစွာ အလုပ် လုပ်နေရှာ၏၊ ၅-နှစ်လောက်ရှိလျှင် စာသင်စေ၍ ကြီးသောအခါ မိမိတို့မှာရှိသော ပစ္စည်းများကို ခွဲဝေပေးကြ လေသည်။

မိဘကို ပြုစုခြင်း။ ။ကလေးတို့သည် မိဘတို့က မိမိ အပေါ် ပြုစုထားသော ကျေးဇူးကို နားလည်ကြပြီး မိဘ တို့၏ ကျေးဇူးနှင့် ထိုက်တန်အောင် မိမိကပြန်၍ ပြုစုလုပ် ကျွေးဘို့အရေးမှာ ကလေးဖြစ်၍ မတတ်နိုင်သေး၊ ထို့ကြောင့် ကလေးနှင့်တန်အောင် မိဘကခိုင်းသော အလုပ်ကို ခပ်သွက် သွက် လုပ်ပေးပါ၊ နေမကောင်းလျှင် နင်းပေးပါ၊ (တော

ကျေးရွာဖြစ်လျှင်) အားလပ်ချိန်မှာ လဘက်ရည် တည်ပေးပါ၊ အိမ်၌ရှိသော ကျွဲ နွား စသည်ကို ကူညီစောင့်ရှောက်ပါ၊ သမီးဖြစ်လျှင် မီးဖိုချောင်မှာ ကူညီနိုင်သမျှ ကူညီပါ၊ အဝတ်ကို ကူညီလျှော်ပေးပါ၊ အိမ်မှာ အမှိုက်မရှုတ်အောင် သန့်ရှင်းပေးပါ၊ မိဘတို့၏ အဝတ်ကို ခေါက်ပေးပါ၊ မီးအိုးတိုက်တတ်အောင်သင်၍ မီးအိုးတိုက်ပေးပါ၊ ဤမျှလောက် အကူအညီရလျှင် မိဘကို ပြုစုလုပ်ကျွေးသော ကလေးဟု ဆိုရပါပြီ၊ မိဘတို့က အလွန်လိမ္မာသော သား, သမီးဟု ယူဆ၍ အားရကျေနပ်ကြပါလိမ့်မည်၊ လိမ္မာသော သားအတွက်, သမီးအတွက်, မိဘများဂုဏ်တက်ပါလိမ့်မည်၊ သာယာသောအိမ်ဟု အိမ်နီးချင်းများက အသိအမှတ် ပြုကြပါလိမ့်မည်၊ မိဘကိုပြုစုသော ကလေးများသာလျှင် အသက်ရှည်၍ ချမ်းသာကြီးပွါးနိုင်ပါသည်။ ထို့ကြောင့် မိဘပြုစုခြင်းကို ကြီးပွါးချမ်းသာကြောင်း မင်္ဂလာဟပါးဟု မှတ်ကြပါလေ။

[ဆောင်] လက်ဦးဆရာ, မည်ထိုက်စွာသား, ၂-ဖြာမိဘ,
ပြုစုကြလျက်, သုခပွါးစည်, အသက်ရှည်၍,
ရှင်ကြည် သာအေး, အိမ်လုံးမွေးအောင်,
မောင်လေး လိမ္မာစမ်းပါကွယ်၊ [မလေး လိမ္မာ
စမ်းပါကွယ်]။

**သားမယားကို ချီးမြှောက်ခြင်း။** ၊ ("ပုတ္တဒါရဿ သင်္ဂဟော" ပါဠိဝယ် ပုတ္တ ဟူရာ၌ သမီးကိုပါ ယူရသည်၊) ဤမင်္ဂလာလည်း ကလေးများနှင့် မဆိုင်လှသေး၊ လက်ထပ်ပြီး၍ သား, သမီးရသည့်အခါ ပြုကျင့်ရမည့် မင်္ဂလာဖြစ်၏၊ သို့သော် "ငါကြီးရင့်လျှင် ငါ့ကို မိဘများက ချစ်ခင်ယုယ

သကဲ့သို့ ငါ့သား သမီးများကိုလည်း ငါက ယုယုယယနှင့် ချီး မြှောက် ရလိမ့်မည်၊ ငါ၏ဇနီးသည်ကို ကြီးပွါး ချမ်းသာ အောင် မြှောက်စားရလိမ့်မည်၊ ငါသည် ဤလောကကြီး၌ တယောက်ကည်းနေရမည့်သူ မဟုတ်”ဟု စဉ်းစားကာ စီးပွါး ဥစ္စာကို ရှာကြံနိုင်သူတယောက် ဖြစ်လာအောင် ဗာဟုသစ္စ သိပ္ပမင်္ဂလာ အသက်မွေးဘို့ ပညာကိုသာ ကြိုးစား၍ သင်ယူ ပါလော့။ (မိဘဝတ်, သားသမီးဝတ်များကို အထက်ဆင့် မင်္ဂလာသုတ်ကျမ်မှ ပြမည်။)

[ဆောင်] ငါ့သားသမီး, ငါ့ဇနီးကို, ငါကြီးသည့်ခါ, ငါဖွေရှာ၍, ငါသာထောက်ပင့်, ငါချီးမြှင့်ဘို့, ငါနှင့် တော်ရာ, ငါ့ပညာကို, ငါသာကြိုးစား, ငါမနားသည့်.... ငါ့အား ငါကိုးမည်တကား။

**မရှုပ်မပွေ အလုပ်, လုပ်။** ။လောက၌ ရှုပ်ရှုပ်ပွေပွေ အလုပ်လုပ်တတ်သူတွေရှိ၏။ ဥပမာ—ကုန်သည်အလုပ်ကို လုပ် လျှင် ဝယ်ထားသော ကုန်တွေ ဟိုနေရာတချို့, သည်နေရာ တချို့နှင့် အားလုံးလိုက်၍ မသိမ်းနိုင်ဘဲ စိတ်ရှုပ်စရာဖြစ်နေ ၏၊ ငွေရေးမှာလည်း ရစရာလည်းအထွေထွေ, ပေးစရာလည်း အစားစားနှင့် များလှတော့၏။ တချို့ကား အလုပ် ၂-မျိုး ၃-မျိုးလုပ်ကာ မလည်ပတ်ဘဲ ရှိ၏။ တချို့မှာ ဟိုအလုပ်လည်း တပိုင်းတစ ဒီအလုပ်လည်း မပြီးပြတ်နှင့် အလုပ်, လုပ်ပုံ မသပ်ယပ်ချေ၊ ထိုကဲ့သို့ ရှုပ်ရှုပ်ပွေပွေ အလုပ်, လုပ်ခြင်းကား မကြီးပွါးနိုင်သဖြင့် အမင်္ဂလာဖြစ်၏။ မရှုပ်မပွေအောင် ရှင်း ရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင် အလုပ်, လုပ်ခြင်းသာ ကြီးပွါး ကြောင်း မင်္ဂလာဖြစ်လေသည်။

ဤမင်္ဂလာသည်း ကလေးများနှင့် မဆိုင်လှသေး၊ သို့သော် ကလေးများနှင့်ဆိုင်ရာဝယ် အောက်စာကိုမရသေးဘဲ အထက်စာ တက်ခြင်း, ဒီစာမကုန်သေးဘဲ ဟိုစာတက်ခြင်း, စာသင်ရာ၌ ပျင်းရိလေးဆေးခြင်းသည် ရှုပ်ပွေစွာ အလုပ်လုပ်ခြင်း မည်၏၊ ထိုကဲ့သို့ မရှုပ်မပွေရအောင် ရှင်းရှင်းလင်းလင်း လုပ်တတ်ပါစေ၊ စာအုပ် ခဲတံ ကျောက်တံ စသည်ကို ဟိုတပိုင်း ဒီတစနှင့် မရှုပ်မပွေပါစေနှင့်၊ ဝတ်ပြီး အဝတ်များကိုလည်း ရှုပ်ပွေနေအောင် ပစ်မထားဘဲ သန့်ရှင်းစွာ ထားပါ၊ နေ့တိုင်း ထမင်းစားရမှာပင် ထမင်းစ, ဟင်းစ ပေနေအောင် မစားပါနှင့် အရှုပ်ဆိုလျှင် ဆံပင်ရှုပ်နေတာပင် မကောင်း၊ ခေါင်းကို စောစောဖီးပါ၊ ဤသို့ ငယ်ရွယ်တုန်းက ရှင်းရှင်းလင်းလင်း ဝါသနာပါလာသူသည် ကြီးသည့်အခါ အလုပ် လုပ်ရာတွင် မရှုပ်မပွေအောင် လုပ်တတ်ပါလိမ့်မည်။

## ၇။ လေ့ကျင့်ခန်းမေးခွန်း

(က) မာတာပိတုဥပဋ္ဌာနံ-ဂါထာကို ပါဠိရေး၍ ဆိုင်ရာ ဆောင်ပုဒ်ကိုလည်း ပြပါ။

(ခ) ထိုဂါထာ၌လာသော မင်္ဂလာ ၃-ပါးကို ရေတွက်၍ ၄-ပါးတနည်း, ၅-ပါးတနည်း ရေတွက်ပြပါ။

(ဂ) မိဘတို့က ချစ်ခင်ယုယပုံကို နားလည်သမျှ ဖော်ပြပါ။

(ဃ) ကလေးအရွယ်၌ မိဘတို့ကို ကူညီပြုစုနိုင်သော ကိစ္စများကို ပြပါ။

(င) သားသမီးနှင့် ဇနီးတို့ကို ကြီးသည့်အခါ ချီးမြှောက် ဘို့ရာ ကလေးအရွယ်၌ အဘယ်မင်္ဂလာကို ပြည့်စုံ အောင် ကြိုးစားထားနှင့်ရမည်နည်း။

(စ) အနုကူလာ စ ကမ္မဋ္ဌာ ပါဠိကို ဘယ်လို မြန်မာပြန် မည်နည်း။

(ဆ) အလုပ်လုပ်ရာ၌ ရှုပ်ပွေနေလျှင် ထိုအလုပ် ကြီးပွါး နိုင်မည်လော၊ ရှုပ်ရှုပ်ပွေပွေ အလုပ်လုပ်ပုံကို တခုလောက်ပြပါ။

(ဇ) ကလေးအရွယ်၌ အဘယ်အလုပ်များကို မရှုပ်ပွေ အောင် လုပ်တတ်ရမည်နည်း။

**၆။ ဒါနဉ္စ ဓမ္မစရိယာ စ, ဉာတကာနဉ္စ သင်္ဂဟော၊**
**အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလမုတ္တမံ။**

---

၆။ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း, သုစရိုက်တရားကို ကျင့်ခြင်း, ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း, အပြစ်မရှိသော အလုပ်တို့ကို လုပ်ခြင်း၊ ဤ ၄-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] ပေးငှဝေ လှူဒါန်းလို့, တရားလမ်း ကျင့်ကြစေ၊
မျိုးအဆွေ အောက်မကျအောင်, ထောက်ပံ့ကြ
လေ၊ အပြစ်ကင်း အလုပ်တွေ, လုပ်လေကွဲ
အမြဲ၊ မင်္ဂလာ ၄-ပါးဂုဏ်အင်္ဂါနှင့်, စုံလင်စွာ
အခြေစိုက်ရအောင် မင်းစိတ်ဒွဲ။

စွန့်ကြဲပေးကမ်းလှူဒါန်း။ ။မိမိပစ္စည်းကို သူတပါးအား စွန့်လွှတ်ခြင်း, အများသုံးစွဲရအောင် (ပိုက်ဆံကြဲသလို) ကြဲခြင်း, ပေးခြင်း, လောက်လောက်ငငရကြအောင် ဝေငှခြင်း, မိမိလက်မှာရှိသောပစ္စည်းကို သူ့လက်သို့တဆင့် ကမ်းလှမ်းခြင်းကို ပါဠိလို ဒါန, မြန်မာလို လှူဒါန်းခြင်းဟု ခေါ်ကြသည်။ ထိုသို့ လှူဒါန်းရာ၌–မရှိဆင်းရဲသူကို ပေးကမ်းခြင်း, ဆင်းရဲသူမဟုတ်ဘဲ အလုပ်ကိုသဘောတူ၍ ကူညီခြင်း, သက်သက် ကြည်ညို၍ လှူခြင်း, ချစ်လို့ပေးခြင်းဟူ၍ ၄-မျိုးရှိ၏။ ထို့ကြောင့် အစားအသောက်မရှိသူကို အစားအသောက်ပေးခြင်း, အဝတ်မရှိသူကို အဝတ်ပေးခြင်း, အိပ်ရာနေရာမရှိသူကို အိပ်ရာနေရာပေးခြင်း, ရောဂါရှိသူကို ဆေးပေးခြင်းသည် ဒါန ဖြစ်၏။ တယောက်တည်းဖြစ်စေ အသင်းဖွဲ့၍ဖြစ်စေ အများ

ကောင်းအောင် လုပ်နေသည်ကို သဘောကျသောကြောင့် ထောက်ကူညီခြင်းသည်လည်း ဒါနဖြစ်၏။ အလှန် ကြည်ညိုစရာ ကျေနပ်စရာ အနေအထိုင်အကျင့်ကိုမြင်ရ၍ ကြည်ညိုသောကြောင့် လှူဒါန်းခြင်းလည်း ဒါနဖြစ်၏။ ချစ်စရာကောင်းသော ကလေးများကို ချစ်မေတ္တာဖြင့် ပေးကမ်းခြင်းလည်း ဒါနဖြစ်၏။ (ကြိုက်ချစ်၍ပေးခြင်း၊ ကြောက်၍ပေးခြင်း၊ ဂုဏ်ကိုရင်း လာဘ်ကိုရင်း ရလို၍ပေးခြင်းတို့ကား ဒါနမဟုတ်)။

[ဆောင်] ဆင်းရဲသောသူ သနားလှူ၍, စိတ်တူလုပ်ငန်း ကူညီစမ်းလော့, ဖြောင့်တန်းသဒ္ဓါ ကြည်ညိုစရာကို ကောင်းစွာ ကြည်နူး လှူလေဦးကွဲ့, အထူးမေတ္တာ ချစ်စရာလည်း ကြုံလာလျှင်ပေး လာဘ်မနေးနှင့်, ကြိုက်ပေး ကြောက်ပေး ဂုဏ်လာဘ်တွေး၍ ပေးပေးသမျှ ခုကာလကား ဒါနစစ်လဲ လွန်ဖြစ်ခဲသည် နက်နဲ စဉ်းစားကြစေသော်။

**ကလေးများ ဒါန**။ ။ကလေးများ အရွယ်၌ ကြီးကြီးကျယ်ကျယ် ဒါနကို မပြုနိုင်သေးသော်လည်း မုန့်စားသည့်အခါ ဝေငှ၍စားခြင်း, သူ့မှာ စာရေးစရာ ကျောက်တံ ခဲတံ မရှိလျှင် မိမိမှာ ပိုနေသော ကျောက်တံ ခဲတံကို ပေးခြင်း, မပေးနိုင်လျှင် ခဏငှါးခြင်း ,ဆင်းရဲသူကိုတွေ့လျှင် ၅-ပြား ၁၀-ပြား တပဲ တမူး စသည်ပေးခြင်း,အိမ်၌ အတောင်းလာသူကို ထမင်းပေးခြင်း ဆန်ပေးခြင်း အင်္ကျီ လုံချည် အဟောင်းပေးခြင်း စောင်ပေးခြင်း,ဥက္ကဋ္ဌေရရန်နှင့် ကြည်ညိုစရာ ဆွမ်းခံလာသော သံဃာတော်များကို ရိုသေစွာ ဆွမ်းလောင်းခြင်း,တတ်နိုင်လျှင် ဟင်းထည့်ခြင်းများသည် ကလေးဘဝ၌ ပြုထိုက်သော(ပြုလဲပြုနိုင်သော)

ဒါနဖြစ်သည်။ ဤသို့ ဒါနပြုလေ့ ရှိသော ကလေးကို ကလေး ချင်းလည်း ချစ်ခင်၏၊ လူကြီးများလည်း ချီးမွမ်း၏၊ သူ၏ဒါန ကို သုံးစွဲရသူတို့က ချမ်းသာပါစေဟု မေတ္တာပို့ကြ၏၊ မေတ္တာပို့ သူများလျှင် ချမ်းသာတတ်၏၊ သူတပါး ချမ်းသာစေကြောင်း စိတ်ကောင်းထား၍ စွန့်ကြဲပေးကမ်း လှူဒါန်းနေသူသည် ဤ ဘဝ၌ပင် လူချမ်းသာ ဖြစ်တတ်၏၊ နောက်ဘဝ၌ကား မုချ ချမ်းသာသူဖြစ်ရမည်။ ထို့ကြောင့် ဒါနကို ကြီးပွါးချမ်းသာ ကြောင်း မင်္ဂလာတပါးဟု ဟောထားတော်မူပေသည်။

တရားကျင့်ခြင်း။ ။ဒါနအားကောင်းသော အလှူရှင် ကြီးပင် ဖြစ်သော်လည်း တရားမကျင့်လျှင် အင်္ဂါမစုံသူကဲ့သို့ မင်္ဂလာမစုံသေး၊ ထို့ကြောင့် တရားကိုကျင့်မှ မင်္ဂလာပြည့်စုံ၍ လောက၌ လူကြီး လူကောင်း ကလေးကောင်း တယောက် ဖြစ်နိုင်မည်။ ဤနေရာဝယ် မတရားနှင့် တရားကို ခွဲခြား နား လည်ပါစေ။

၁။ (က) သူ့အသက်သတ်ခြင်း၊ သတ်ဘို့ကြံခြင်း၊ သတ်ဘို့ အားပေးခြင်းသည် မတရား။

(ခ) သူ့အသက် မသတ်ခြင်း၊ သတ်ဘို့ မကြံခြင်း၊ သတ်ဘို့ အားမပေးခြင်း၊ သူ့ကို သနားခြင်း၊ မေတ္တာထားခြင်း စောင့်ရှောက် ကူညီခြင်း၊ အားငယ်နေလျှင် အားပေးခြင်းသည် တရား၏။

၂။ (က) သူ့ဥစ္စာကိုခိုးခြင်း၊ ခိုးဘို့ကြံခြင်း၊ ခိုးဘို့ ဒမြ တိုက်ဘို့ သူပုန် ထဘို့ အားပေး ခြင်းသည် မတရား။

(ခ) မခိုးခြင်း၊ ခိုးဘို့မကြံခြင်း၊ တိုက်ဘို့ လုဘို့ အားမပေးခြင်း၊ သူပုန် မထဘို့ ဟောပြောဆုံးမ နားချခြင်းသည် တရား၏။

ဤသို့စသည်ဖြင့် လူဗာလတို့အလုပ်သည် မတရား၊ သူတော်ကောင်းပဏ္ဍိတတို့အလုပ်သည် တရား၏ဟု ခွဲခြားမှတ်သား၍ တရားဘက်ကို ပြုကျင့် အားပေး ကူညီခြင်းသည် တရားကို ကျင့်ခြင်းမည်၏။

**ကလေးများ တရား ကျင့်စရာ။** ။ကလေး အရွယ်၌ ကြီးကြီးကျယ်ကျယ် တရား မကျင့်နိုင်သော်လည်း ကလေး ချင်းရန်ဖြစ်လျှင် မြှောက်မပေးခြင်း, ရန်မဖြစ်အောင် ပြော နိုင်လျှင်ပြောပေးခြင်း, သူတို့ရန်ကို ဖျဉ်သည့်အတွက် မိမိ ထိ ခိုက်ပုံ (ရိုက်မိပုံ) မရလျှင် ရန်ဖျဉ်ပေးခြင်း, ခွေး ၂-ကောင် ကိုက်ရာ ရှူးတိုက်မပေးဘဲ ရေလောင်း ပေးခြင်း, တိရိစ္ဆာန် ကလေးများကို ကယ်ဆယ်ပေးခြင်း, သူက မသိ၍ မေးလာ လျှင် ကောင်းကောင်း ပြောပေးခြင်း, ဤသို့စသောအကျင့် များသည် တရားကျင့်ခြင်းပင်ဖြစ်၏၊ ထိုသို့ တရားကျင့်ခြင်း သည် လူတိုင်းက ချစ်ခင်၍ ကြီးပွါးချမ်းသာကြောင်းမင်္ဂလာ တပါးဖြစ်ပေသည်။

**ဆွေမျိုးထောက်ပံ့။** ။အခြား အရပ်၌ ဆင်းရဲ၍ မိမိ အထံ အားကိုးလာသော ဆွေမျိုး, မိမိအနီးအပါးမှာပင်ဆင်း ရဲနေ၍ မိမိကိုမှီခိုသောဆွေမျိုးများကို အဝတ်အစားပေးခြင်း အရင်းအနှီး ပေးခြင်း စသည်ဖြင့် ထောက်ပံ့ ခြင်းသည် လောက၌ လူကြီး လူကောင်း ပီသ၍ လူရိုသေ ခံရသော ကြောင့် မင်္ဂလာတပါး ဖြစ်၏။ ကလေးများအရွယ်၌ကား

ဆင်းရဲသောဆွေမျိုးကလေးများကို ကျောင်းသွားရာ၌ အတူခေါ်၍သွားခြင်း မုန့်ဝယ် စားသည့် အခါ သူ့ကို ပေးခြင်း၊ ကျောက်တံ ခဲတံ ဝယ်ပေးခြင်း၊ မိမိတို့က အလွန်ပေါများနေလျှင် အဝတ်အစား ဝယ်ပေးခြင်း၊ အားမငယ်ဘို့ရန် အားပေးခြင်း၊ ဆင်းရဲမှုန်းသိ၍ တခြားကလေးများကနှိမ်လျှင် မိမိကဝင်၍ မနှိမ်အောင် ပြောခြင်းများသည် ဆွေမျိုးကို ထောက်ပံ့ခြင်းတည်း။ ဤသို့ထောက်ပံ့သော အကို၊ အမကို ဆွေမျိုးကလေးများက ချစ်၏၊ ကူညီစရာရှိလျှင် ကူညီ၏၊ မိမိက ငယ်လျှင်လည်း ဆင်းရဲသော ဆွေမျိုး အကို အမတို့က ပြန်၍ စောင့်ရှောက်ကြ၏။ ထို့ကြောင့် ဆွေမျိုးချင်း ထောက်ပံ့ခြင်းသည် အလွန်အားရှိသော မင်္ဂလာတပါးဖြစ်၍ ကြိုးစားထောက်ပံ့ကြပါလေ။

အပြစ်ကင်းသောအလုပ်။ ။မင်းပြစ်လည်းမရှိ၊ အကုသိုလ် အပြစ်လည်း မရှိသော အလုပ်ကို အပြစ်ကင်းသော အလုပ်ဟုခေါ်၏။ ဥပုသ်စောင့်ခြင်း၊ အရိပ်ခိုရအောင် သစ်ပင်စိုက်ခြင်း ရေအိုးစင်တည်ခြင်း၊ လမ်းပြင်ခြင်း၊ ကုသိုလ်ရေးအသင်း ဖွဲ့ခြင်း၊ တရားသော ရောင်းဝယ်ရေး၊ (သမဝါယမ) အသင်း ဖွဲ့ခြင်း စသော အလုပ်များတည်း။ ကလေးအရွယ်၌ ထိုအလုပ်များကို မလုပ်နိုင်သေး၊ ကလေးနှင့် တန်သော အပြစ်ကင်းအလုပ်များကား—ကျန်းမာအောင် ကစားခြင်း၊ ကစားရာ၌ တယောက်နှင့်တယောက် ညှာတာခြင်း၊ ကျောင်းသားအချင်းချင်း ချေတာစုဆောင်းရေးအသင်း ဖွဲ့၍ တနေ့တပြားကျ စုခြင်း ထိုစုငွေ များသည့်အခါ တပျော်တပါး ဘုရားသွား၍ပန်းလှူခြင်း၊ မရှိဆင်းရဲသူတို့အား ထိုငွေဖြင့် ကောင်းစွာ

ကျွေးခြင်း, ဆေးရုံ အနူရုံ စသည်မှာ လှူခြင်း၊ ကျောင်း၌ ကစားစရာဝယ်ခြင်း, ကျောင်း၌ မရှိဆင်းရဲသူများကို စာအုပ် ခဲတံ ကျောက်တံ ဝယ်ပေးခြင်း၊ အိမ်မှာလည်း မောင်နှမတစု ထိုကဲ့သို့ စုပေါင်းကစားခြင်း၊ မှံဘိုးစုခြင်း၊ စုငွေကို ရှေးနည်း အတူ အသုံးချခြင်း၊ ဘုရားစင်ရှေ့၌ တယောက်က တံမြက် လှည်းလျှင် တယောက်က ရေလဲခြင်း၊ တယောက်က ပန်းလဲ ခြင်း၊ သောက်ရေအိုးကို သန့်ရှင်းစွာထား၍ ရေထည့်ခြင်း၊ မရခွက်ကို ဆေးကြော ပွတ်တိုက်ခြင်း စသည်ဖြင့် တအိမ်လုံး ကျက်သရေ မင်္ဂလာရှိအောင် အပြစ်ကင်း ကောင်းကျိုးရ အလုပ်များကို လုပ်ကြပါလေ။

[ဆောင်] အကုသိုလ်အပြစ် မင်းအပြစ်နှင့် စင်စစ်ဝေးခြား အလုပ်များကို ကြိုးစားမယုတ် ကောင်းပြုလုပ်က အလုပ်ကြောင့်သာ မင်္ဂလာ, မောင့်မှာ တိုးလိမ့် မည်။

### ဂ။ လေ့ကျင့်ခဏ်းမေးခွန်း

(က) ဒါနဥ္စဂါထာကို ပါဠိလိုရေး၍ ဆိုင်ရာဆောင်ပုဒ်ကို ပြပါ။

(ခ) ဒါနဥ္စဂါထာ မင်္ဂလာ ၄-ပါးကို ရေတွက်ပြပါ။

(ဂ) ကလေးဘဝ၌ ဖြစ်နိုင်သော ဒါနကိုပြ၍ ထိုဒါန၏ မင်္ဂလာဖြစ်ပုံကိုလည်း ပြပါ။

(ဃ) တရားမတရားကို ၃-မျိုးစီမျှ ပြ၍ တရားသဖြင့် ပြုကျင့်မှုကို ပါဠိလို မည်သည့်မင်္ဂလာခေါ် သည် ဟု ပြပါ။

(င) ကလေးဘဝ၌ ဆွေမျိုးကလေးချင်း ထောက်ပံ့ ကူညီပုံကို ၄-၅-မျိုးမျှ ပြပါ။

(စ) ဆွေမျိုးချင်း ထောက်ပံ့ သဖြင့် အကျိုးရှိပုံကို ပြပါ။

(ဆ) အဘယ် အမှုမျိုးကို အပြစ်မရှိသော အမှုဟု ဆို သနည်း၊ ကလေးဘဝ၌ ဖြစ်နိုင်သော အနဝဇ္ဇ-ကမ္မတို့ကို ၄-၅-မျိုးမျှ ပြပါ။

(ဇ) မောင်အေးသည် နံနက်စောစောထ၍ ဘုရားရှိခိုး၏၊ ဘုရားရှိခိုးပြီးနောက် ဆွမ်းခံကြွလာသော သံဃာတော် များကို ဆွမ်းလောင်း၏၊ ဆွမ်းလောင်းပြီးနောက် သူ၏ ညီငယ် နှမငယ်များကို စောင့်၍ ကျောင်းခေါ် သွား၏။ လမ်း၌ ဈေးသည်အမယ်ကြီးကို သနားသောကြောင့် ၅-ပြား ဘိုးဝယ်၍ ၁၀-ပြား ပေးထားခဲ့၏။ ကျောင်းရောက်သည့်အခါ ကျောင်းသားအများစုဗူးထဲ၌ ၅-ပြား ထည့်၏၊ နေ့လယ်၌ သရေစာစားချိန်မှာ သူမစားဘဲ အနားက ပိုက်ဆံမရှိ၍ ကြည့်နေသောကလေးကို ဝယ်ပေးလိုက်၏။ ဆရာကြီးသိ၍ ခေါ်ပြီးလျှင် "မောင်အေး....ငါ့တပည့်တော့ ချမ်းသာအုံးမှာ ဘဲ ပညာကို ကြိုးစား သင်နော်" ဟု ပြော၍ သူ

သောက်မည့် ကော်ဖီတခွက်နှင့် မုံ့တရွက်ကိုပါ ကျွေး၏။ ကျွန်တော် မဆာပါဘူး ဆရာကြီးဟု ပြော၏၊ အတင်းပေး၍ မုံ့တရွက် စားလေသည်၊ မောင်အေးမှာ အဘယ်မင်္ဂလာများ အဘယ့် ကြောင့် ပြည့်စုံပါသနည်း။ ထိုမောင်အေးကို ကျောင်းသားများက မုန်းမည်လား။

**၇။ ။အာရတီ ဝိရတီ ပါပါ, မဇ္ဇပါနာ စ သံယမော၊**
**အပ္ပမာဒေါ စ ဓမ္မေသု, ဧတံ မင်္ဂလမုတ္တမံ။**

---

၇။ မကောင်းမှုကို စိတ်ဖြင့် ရှောင်ခြင်း(အာရတီ), ကိုယ်နှုတ်တို့ဖြင့်ရှောင်ခြင်း ဝိရတီ ၁-ပါး၊ သေရည်သေရက်သောက်စားခြင်းမှ စောင့်စည်းခြင်း ၁-ပါး၊ ကုသိုလ်တရားတို့၌ မမေ့ခြင်း ၁-ပါး၊ ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။ (သေရည်သေရက်ဟူရာ၌ ဘိန်း, ကဇော်, လှော်စာတို့ကိုလည်း **သ**ဘောတူပင် ယူကြသည်။)

**[ဆောင်]** မကောင်းဆို ထိုအယုတ်ကိုလ, စိတ် ကိုယ် နှုတ် ရှောင်ခွါဖယ်၊.... ဘိန်း ကဇော် လှော်စာနှင့်, သေရည်ပါ အရက်များကို, သောက်စားနှင့်ကွယ်၊.... တရားနှင့်ဆိုင်ရာဝယ်, မေ့တယ်လို့ရှိဘူး၊....မင်္ဂလာ, ၃-ပါး ခြံရံကာတော့,ရန်မာန်ပါ ဘယာဝေးရမယ်, အေးမြကြည်နူး။

## မကောင်းမှုမှ ရှောင်ခြင်း

**မကောင်းမှု။** ။သူ့အသက် သတ်မှု, သူ့ဥစ္စာ ခိုးယူ လိမ်ယူ ညာယူ ဖုံးဝှက်ထားမှု, သူ့မယားနှင့် ပျော်ပါးမှု, လိမ်ပြောမှု, တယောက်နှင့်တယောက် မတည့်အောင် ရန်တိုက်မှု, ဆဲမှု, အပျက်အချော် သရော်ပြောင်လှောင်မှု, (အကျဉ်းချုပ်အားဖြင့် သူများ ဆင်းရဲအောင် မခံချင်အောင် ပြုမှုပြောဆိုမှုများ) သည်၊ "ပါပါ=မကောင်းမှု=ယုတ်မာမှု"တည်း။

**ရှောင်ပုံ။** ။ငါတို့အမျိုးသည် သူ့အသက်ကို သတ်တဲ့ အမျိုးမဟုတ်, သူ့ဥစ္စာကို ခိုးတဲ့အမျိုး မဟုတ်, သူ့မယား သူ့လင်နှင့် ပျော်ပါးတဲ့ အမျိုး မဟုတ်, (ကိုယ့်မယား) ကိုယ့်လင်ရှိလျက်နှင့် တခြား(မိန်းမ)ယောကျ်ားနှင့် ပျော်ပါးတဲ့ အမျိုး မဟုတ်, လိမ်ပြောတဲ့အမျိုးမဟုတ်, ရန်တိုက်တတ်တဲ့ အမျိုး မဟုတ် ဤသို့ စိတ်ကောင်း စိတ်မြတ်ထား၍ ထိုမကောင်းမှု၌ စိတ်မျှ မဖြစ်အောင် ရှောင်ခြင်းသည် "ပါပါ အာရတီ= မကောင်းမှုမှ စိတ်ဖြင့်ရှောင်ခြင်း"မည်၏။ ထိုမကောင်းမှုကို ပြုခွင့်ကြုံလာလျှင် ပြောခွင့်ကြုံလာလျှင် မပြုဘဲ မပြောဘဲ ကိုယ်နှုတ်ဖြင့်ရှောင်ခြင်းသည် "ပါပါ ဝိရတီ=မကောင်းမှုမှ ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း"မည်၏။ ကလေးများအရွယ်၌ ပိုးမွှားကလေး ငှက်ကလေးများကို သတ်ချင်တတ်၏၊ လိမ်ပြောချင် ညာချင်တတ်၏၊ အမြဲသတိထား၍ မသတ်မိအောင် မလိမ်မိအောင် ရှောင်ကြပါလေ။

**သေရည်အရက် မသောက်ခြင်း။** ။ဤမင်္ဂလာကား ကလေးများ၌ အမြဲပြည့်စုံနေပါပြီ။ သို့သော် ကလေးများ၏ တအိမ်လုံး ပြည့်စုံဘို့ အရေးကြီးရကား ဤဝတ္ထုလေးကို အိမ်မှာ မကြာခဏ ဖတ်ကြပါလေ။

ရှေးအခါ၌ သေရည်အရက်ကို သောက်စားလေ့ရှိသော ရှင်ဘုရင်တပါး ရှိလေ၏။ ထိုရှင်ဘုရင်သည် အသားမပါလျှင် ပွဲတော်တည်၍ မဖြစ်၊ (ထမင်းမစားနိုင်)။ တနေ့သောအခါ အရက်သောက်ပြီးလျှင် ရင်ခွင်ထက်၌ သားတော်ကလေး ထား၍နေစဉ် အသားမပါသော ပွဲတော်ထမင်းကို ဆက်သလေရာ လွန်စွာစိတ်ဆိုးသောကြောင့် သားကလေးကိုသတ်၍

အမြန်ချက်စေလေသည်။ သို့သော် အရက်မူးပြေသောအခါ သတိရ၍ လွန်စွာဝမ်းနည်းခြင်း ဖြစ်ရရှာလေသည်။ ရှင်ဘုရင်မှာ ဝမ်းနည်းရုံသာ, သားကလေးကား ပြန်မလာနိုင်ရှာတော့ပြီ။

**ဝတ္ထု မှတ်ချက်။** ။ဤ ဝတ္ထု၌ ရှင်ဘုရင်သည် အရက်မသောက်ဘဲ နဂိုစိတ်အတိုင်းသာဆိုလျှင် သားတော်ကိုသတ်ဘို့ မဆိုထားဘိ, အခြားရန်သူက အသတ်လာစေကာမူ မိမိအသက်နှင့်လဲ၍ ရဲရဲကြီး ခုခံမည်သာတည်း။ အရက်သောက်ထားသောကြောင့်သာ နဂိုစိတ် ပျောက်၍ ချစ်လှစွာသော သားတော်ကလေးကိုပင် သားတော်မှန်း မသိနိုင်အောင် ဖြစ်ရရှာလေသည်။ ဤမျှလောက် နဂိုစိတ် ပျောက်စေနိုင်သောကြောင့်ပင် တချို့ အရက်သမားများသည် မိဘကိုလည်း ရိုက်နှက်နိုင်၏၊ ချစ်မယားကိုလည်း ရိုက်နှက်ရက်ကြ၏။ လူလယ်ခေါင်၌ အဝတ်ကို ချွတ်၍ သွားဝံ့ကြ၏။ မကြားကောင်း မနာသာ ဆဲဝံ့ကြ၏။ အရက်သောက်ပြီးသည့်အခါ သူ့မယားဟု သတိမထားနိုင်ဘဲ အတင်း ကြံဝံ့ကြ၏။ ထို့ကြောင့် ထိုအရက်သမားတို့ကို အလုပ်ကြီး အကိုင်ကြီး၌ ရာထူးပေး၍ မထားဝံ့ကြပေ။

ဤသို့ မကောင်းမှုဟူသမျှကို ပြုလေ့ရှိသူသည် ယခုဘဝ၌ပင် ထောင်ကျရ၏၊ မင်းပြစ်မင်းဒဏ် ခံရ၍ ဥစ္စာဆုံးရှုံးရ၏။ ထိုမကောင်းမှုကို စုဆောင်းပြီးလျှင် အသက်တိုတိုနှင့် လူ့ဘဝကို စွန့်၍ ငရဲသို့သွားရရှာလေ၏။ ငရဲမှ တက်လာခဲ့သော် အရှုးအနှမ်းဘဝ များစွာဖြင့် ကျက်သရေ မင်္ဂလာ ကင်းမဲ့စွာ နေရရှာလေသည်။ ထို့ကြောင့် သေရည်အရက် သောက်စား

ခြင်းသည် ယခုဘဝ နောင်ဘဝ အတွက် ဒုက္ခများကြောင်း မကောင်းသော အ မင်္ဂလာ ဖြစ်၏။ အလုပ်ချင်း တူလျှင် သေရည်အရက် သောက်သူနှင့် မသောက်သူ ၂-ဦးတွင် မသောက်သူက သာ၍ ကြီးပွါးရမည်သာတည်း။ ယခုကာလ ၌ အရက်သောက်မှုကို အပြစ်ကြီးတခုဟု မယူဆကြသော် လည်း လူကောင်းရွေးသည့် အခါ၌မူ "သူကတော့ အသောက် အစား အကစား မလုပ်ဘူး" ဟု ဂုဏ်တခု အဖြစ်ဖြင့်ကား ထည့်သွင်း ရွေးချယ်ကြပါသေးသည်။ ထို့ကြောင့် သေရည် သေရက် သောက်ခြင်းမှ ရှောင်ခြင်းကို ကြီးပွါးချမ်းသာ ကြောင်း ကောင်းသော မင်္ဂလာတပါးဟု ဟောထားတော်မူ ပေသည်။

ကုသိုလ်မမေ့ ။ ။ကလေးများနှင့် ဆိုင်ရာ ကုသိုလ်များ ကို မမေ့ဘဲ မှန်မှန်ပြုပါ။ နံနက်စောစော အိပ်ရာမှထလျှင် ထချင်းမျက်နှာသစ် ခေါင်းဖီး၍ ခဏလောက် ဘုရားရှိခိုးပါ၊ ပန်းပင်ကလေးများရှိလျှင် ပန်းတပွင့်ဖြစ်စေ ဆွတ်ခူး၍ ဘုရား ကိုမှန်းပြီး ပန်းလှူပါ၊ ကျောင်းသွားခါနီး၌ လူကြီးများကို ကျွန်တော် ကျောင်းသွားပါမည်ဟု တိုင်ပါ၊ ကျောင်းရောက် လျှင် ဆရာကို အရိုအသေပြုပါ၊ ပြန်ခါနီးလဲ အရိုအသေပြု၍ အိမ်ပြန်ရောက်လျှင် လူကြီးများကို "ဖေဖေ-မေမေ(ဒွေးဒွေး) ကျောင်းကပြန်လာပါပြီ" ဟု ပြောပါ၊ အဝတ်လဲ၍ စား သောက်ပြီးနောက် အချိန်ကျလျှင် စာဖတ်ပါ။

အိပ်ခါနီးသော် ဘုရားရှိခိုးပါ၊ မိမိကို စောင့်ရှောက်သော မိဘ, ဘိုးဘွား, အကို, အမ, အဒေါ်, အရီး, ဦးကြီး, ဦးလေး စသော ဆွေမျိုးများကိုဒင်း, ဆရာကိုဒင်း နာမည်ဖော်၍

"ဖေဖေကျန်းမာချမ်းသာပါစေ, မေမေကျန်းမာချမ်းသာပါစေ" ဟု တယောက်စီ မေတ္တာပို့ပါ။ ထို့နောက် "ငါ့ကိုစောင့်နေသော နတ်မင်းများ ကျန်းမာ ချမ်းသာကြပါစေ၊ အားလုံးသတ္တဝါများ ကျန်းမာ ချမ်းသာကြပါစေ" ဟု မေတ္တာပို့၍ အိပ်ပါ၊ ကလေးများကို နတ်ကောင်းများက အိပ်ပျော်နေတုန်းမှာလည်း စောင့်ရှောက်နေပါလိမ့်မည်။

**တရားကြောင့် အစောင့်ရပုံ။** ။ရာဇဂြိုဟ်ပြည်၌ ထင်းခုတ်သမားတယောက်သည် သားကလေးနှင့်အတူ မြို့မှထွက်၍ ထင်းခုတ်သွားလေ၏။ ညနေစောင်း အချိန်ဝယ် ထင်းတို့ကို လှည်းဖြင့် ဆောင်ယူခဲ့လေ၏။ မြို့နားရောက်သည့်အခါ နွားများသည် အတင်းရုန်း၍ မြို့တွင်းသို့ ဝင်ပြေးလေ၏။ ဖခင်သည် သားငယ်ကို လှည်းအနားမှာ ထားခဲ့၍ နွားများကို ဖမ်းဘို့ရန် လိုက်သွားလေ၏။ နွားများကို ဖမ်း၍ ပြန်လာသည့်အခါ မြို့တံခါးပိတ်ပြီးဖြစ်၍ မထွက်နိုင်ဘဲ အဖေတကွဲ သားတကွဲ နေရရှာလေသည်။

သားကလေးသည် အဖေ သင်ပေးထားသော "ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံ နတ္ထိ။" ဟူသော စကားကို ရွတ်ဆိုရင်း အိပ်ပျော်သွားရှာလေသည်။ (ထိုပါဠိ မြန်မာလိုကား–ဘုရားသည် ငါ၏ ကိုးကွယ်ရာဖြစ်၏၊ ငါ့မှာ ဘုရားမှတပါး ကိုးကွယ်စရာ မရှိ။ တရားသည် ငါ၏ ကိုးကွယ်ရာဖြစ်၏၊ ငါ့မှာ တရားမှတပါး ကိုးကွယ်စရာမရှိ။ သံဃာတော်သည် ငါ၏ ကိုးကွယ်ရာဖြစ်၏၊ ငါ့မှာ သံဃာတော်မှတပါး ကိုးကွယ်စရာ မရှိ။)

ညဉ့်အခါ၌ နတ်ဘီလူး, ပြိတ္တာ, တစ္ဆေတို့သည် အစာရှာ လှည့်လည်လေ့ရှိရာ ထိုနေရာသို့ ဘီလူး ၂-ယောက် ရောက်လာ လေသော် ဘီလူးတယောက်သည် ကလေးကို ဆွဲလေ၏။

ကလေးသည် သူရွတ်နေကျ တရားကို "ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" ဟု ယောင်၍ ရွတ်လိုက်၏။ အတူပါသော ဘီလူး သည် ဘုရားကြည်ညိုသူဖြစ်၍ ကလေးကို လွှတ်ပစ်ရန်ပြောပြီး လျှင် ထိုကလေးကို သူကပင် စောင့်ရှောက်၍ အစား အသောက်များကို ရှာဖွေ ကျွေးလေသတဲ့။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ ကလေးသည် ကုသိုလ်ရ သော တရားစကားကို မမေ့သည့်အတွက် ဘီလူးဆွဲ၍ သေ မည့်ဆဲဆဲ လွှတ်ခဲ့ရ၏။ ဤသို့ တရားတော်ကို သတိရ၍ဖြစ်စေ, ဘုရား, သံဃာတော်ကို သတိရ၍ဖြစ်စေ ဘေးအန္တရာယ်မှလွတ် ရသော ဝတ္ထုတွေ များစွာရှိလေသည်။ ထို့ကြောင့် ကုသိုလ် တရား၌ မမေ့မှုကို ချမ်းသာကြောင်း မင်္ဂလာ တပါးဟု ဟော ထားတော်မူပေသည်။ ဤဂါထာ၌လာသော မင်္ဂလာ ၃-ပါး သည် ယခုဘဝ၌ပင် ဘေးအန္တရာယ်ကင်းကြောင်း မင်္ဂလာ များ ဖြစ်၏။ ထိုမင်္ဂလာများ မရှိသောကြောင့် အပြန်အလှန် သတ်ကြ ဖြတ်ကြ ထောင်တန်းကျကြနှင့် ဆင်းရဲသူတွေကို မြင်တိုင်း မြင်တိုင်း "ငါတို့တော့ မင်္ဂလာ ၃-ပါးလုံး ပြည့်စုံ အောင် ကြိုးစားရမည်" ဟု အဓိဋ္ဌာန် ပြုကြပါလေ (စွဲစွဲမြဲမြဲ စိတ်ထားခြင်းကို "အဓိဋ္ဌာန်" ဟု ခေါ်သည်။)

## ၉။ လေ့ကျင့်ခန်းမေးခွန်း

(က) အာရတိ ဝိရတိ ပါပါ-ဂါထာပါဠိကိုရေး၍ဆိုင်ရာ ဆောင်ပုဒ်ကိုလည်း ရေးပါ။

(ခ) ဤဂါထာလာ မင်္ဂလာ ၃-ပါးကို ရေတွက်၍ အာရတိနှင့် ဝိရတိအထူးကို ပြပါ။

(ဂ) "မဇ္ဇပါနာ"၌ သေရည် အရက် သောက်မှု အပြင်, အဘယ်စားသောက်မှုကိုလည်း ယခုကာလ ယူကြရသေးသနည်း။

(ဃ) "ပါပါ"အရ မကောင်းမှုတို့ကို ၄-၅-မျိုး ပြ၍ ထိုမကောင်းမှုမှ စိတ်ဖြင့် ရှောင်ပုံ, ကိုယ်နှုတ်ဖြင့် ရှောင်ပုံကိုလည်း ပြပါ။

(င) သေရည်သေရက်သောက်၍ ယခုဘဝ၌ ဖြစ်တတ်သော အပြစ်များကို ၄-၅ မျိုးမျှ ပြပါ။

(စ) သေရည် သေရက် သောက်၍ မကောင်းမှု ပြုသူသည် သေသည့်အခါ အဘယ်မှာဖြစ်ရ၍, လူ့ဘဝရလျှင် ဘယ်လိုလူမျိုး ဖြစ်တတ်သနည်း။

(ဆ) ကုသိုလ်တရားမမေ့သော ကလေးဝတ္ထု၌ သူရှုတ်ဆိုသော ပါဠိနှင့် မြန်မာပြန်ကို ပြပါ။

(ဇ) ဤဂါထာလာ မင်္ဂလာ ၃-ပါး မရှိသူတို့ ယခုဘဝ၌ ဘေးရန် အန္တရာယ်များ ဖြစ်တတ်ပုံကို ပြပါ။

## ၈။ ဂါရဝေါ စ နိဝါတော စ, သန္တုဋ္ဌိ စ ကတညုတာ၊ ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလမုတ္တမံ။

၈။ ရိုသေလေးစား ထိုက်သူကို ရိုသေလေးစားခြင်း, ကိုယ့်ကိုယ်ကို နှိမ်ချခြင်း, တင်းတိမ် ရောင့်ရဲခြင်း, သူ့ကျေးဇူးကို သိတတ်ခြင်း, သင့်လျော်သောအခါ တရားနာခြင်း, ဤ ၅-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] လေးစားဘွယ်, ဂုဏ်ကြွယ်မြင့်လျှင်လ, လေးစားသင့်ပေတယ်၊ ကိုယ့်ကိုယ်ကို မာန်စွယ်ကျိုးအောင်, ချိုးနှိမ်ချကွယ်၊ ရောင့်ရဲလွယ်, ဆာကျယ်နှင့် မေ့သား၊ ကျေးဇူးကို ဖန်ဖန်တင်လို့, ချိန်တန်လျှင် နာတရားရယ်နှင့်, ငါးပါးစုံ မင်္ဂလာပွါးရအောင်, မင်းသတိထား။

**ရိုသေ လေးစားခြင်း။** ။ရိုသေခြင်းဟူသည် လေးလေးစားစားပြုခြင်း ဂရုစိုက်ခြင်းတည်း။ လေးစားထိုက်သူများကား ကောင်းစွာကျင့်သော ရဟန်း, ဆရာ, မိဘ, ဘိုးဘွား, ဘကြီး, ဦးကြီး, ဘထွေး, ဦးလေး, အဒေါ်, အရီး, အကို, အမ တို့နှင့် မိမိထက် အသက်ကြီးသူ ဂုဏ်ကြီးသူများတည်း။ ထိုသူများကို လမ်းဆုံနေလျှင် လမ်းရှောင်ပေးခြင်း, မိမိထိုင်နေတုန်း သူတို့လာလျှင် ထိုင်နေရာမှ ထပေးခြင်း, မီးရထား သင်္ဘော မော်တော်ကားစသည်၌ သူတို့ထိုင်စရာနေရာမရှိလျှင် မိမိနေရာကို ဖယ်ပေးခြင်း လူကြီးများအနီးမှ ဖြတ်သွားစရာရှိလျှင် ခပ်ရို့ရို့ (ကုန်း၍)သွားခြင်း, တစုံတခု ပေးစရာ ယူစရာ ရှိလျှင် လက်နှစ်ဘက်ဖြင့် လေးလေးစားစား ပေးခြင်း ယူခြင်း, ထိုလူ

များ၏ အပေါ်မှ ကျော်၍ တစုံတခုကို မယူခြင်း မပေးခြင်း, မရှောင်သာ၍ ကျော်ယူ ကျော်ပေးရလျှင် "ကန်တော့ပါ"ဟု ခွင့်တောင်း၍ ယူခြင်း, ပေးခြင်း, အိပ်ပျော်နေလျှင် ကျော်မသွားခြင်းများသည် ရိုသေလေးစားခြင်း မည်၏။

အသက်ငယ်သော်လည်း မိမိထက်ဂုဏ်ကြီးသူ ရာထူးကြီးသူ စည်းစိမ်ကြီးသူများနှင့် အလုပ်အကိုင် ဆက်သွယ်ကြရာ၌ ပေါ့ပေါ့ဆဆမလုပ်ဘဲ လေးလေးစားစားလုပ်ခြင်း, လက်အုပ်ချီခြင်း, ဆလံပေးခြင်း, ကျွန်တော်, တပည့်တော်, ခင်ဗျား, လူကြီးမင်း, ဆရာ, အရှင်ဘုရား စသည်ဖြင့် သင့်တော်သလို ခေါ်ပြောခြင်းများသည် လေးစားခြင်း ရိုသေခြင်း မည်၏။ (အသက်ငယ်၍ ရာထူး စည်းစိမ် ကြီးသူကို ရိုသေ လေးစားရသကဲ့သို့ ရာထူး စည်းစိမ် ကြီးသူကလည်း မိမိထက် အသက်ကြီး၍ ရာထူးငယ်သူ ဆင်းရဲသူများကို ပြန်၍ ရိုသေလေးစားရမည်။ ရဟန်းများ၌ မိမိအလျှင် ရဟန်းပြုသူကို "သိက္ခာ=အကျင့်ကြီးသူ"ဟု ခေါ်၏။ ဂုဏ်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ သိက္ခာငယ်က သိက္ခာကြီးသူကို ရိုသေလေးစားရမည်)။

[ဆောင်] မိဘ ဆရာ, ဉာတကာနှင့်, သိက္ခာဂုဏ်ကြီး, အသက်ကြီးကို, ထံနီးတွေ့က, ရိုသေကြ, ဂါရဝမင်္ဂလာခေါ်။

မင်္ဂလာဖြစ်ပုံ။ ။ဆရာမိဘ စသူများကို မရိုသေ မလေးစားသူသည် ဆရာမိဘ စသူတို့၏ ပြောဆို ဆုံးမခြင်းကိုလည်း နာယူမည့်သူ မဟုတ်၊ ဂုဏ်ရာထူးကြီးသူကိုမလေးစားသူသည် ထိုဂုဏ်ကြီးသူများ၏ ချီးမြှောက်ခြင်းကို ခံရမည်မဟုတ်။ သို့ဖြစ်လျှင် ထိုသူမှာ လောကကြီးပွါးရေးမှ ဆုတ်ယုတ်သဖြင့် လေးစားထိုက်သူကို မလေးစားခြင်းသည် အမင်္ဂလာဖြစ်ရှိ

သာမက ဘုန်းကြီး ရာထူးကြီးသော်လည်း အသက်မရှည်, အသက်ရှည်သော်လည်း ဘုန်းကံမရှိ ဖြစ်တတ်၏။ ရိုသေလေးစားထိုက်သူကို လေးစား ရိုသေသူကား ကြီးပွါး ချမ်းသာကြောင်း နည်းလမ်းကောင်းကို ဆရာ မိဘ လူကြီး သူမတို့ ထံမှ ကြားသိရသဖြင့်၎င်း, ရာထူးကြီးသူတို့က ချီးမြှောက်ကြသဖြင့်၎င်း, အသိ အလိမ္မာ စီးပွါး ဥစ္စာ တိုးပွါး၍ ဘုန်းကြီး သက်ရှည် ဖြစ်ရ၏။ ထို့ကြောင့် ရိုသေလေးစားမှုကို မင်္ဂလာတပါးဟု ဟောတော်မူပေသည်။

မှတ်ချက်။ ။ရာထူးကြီးသူက ချီးမြှောက်ချင်အောင် ဆရာမိဘတို့က ယုံကြည်အောင် ရိုသေလေးစားဟန်ဆောင်ခြင်းမျိုးကား အကြောင်းမသိခင် အကျိုးရှိကောင်း ရှိတန်ရာသော်လည်း အကြောင်းသိသည့်အခါ တသက်လုံး အသုံးမကျအောင် အမင်္ဂလာဖြစ်ရမည်သာ၊ နောင်သံသရာအတွက်လည်း မကောင်းကျိုးသာ ခံရပေမည်၊ ထို့ကြောင့် ဟန်ဆောင်ရိုသေလေးစားမှုမဟုတ်ဘဲ စိတ်ရင်းအတိုင်း လေးစားခြင်းသာ ခုဘဝ, နောင်ဘဝတို့၌ တာရှည်ခံသော အတိုးတန် မင်္ဂလာဟု မှတ်ပါ။

ကိုယ့်ကိုယ်ကို နှိမ့်ချခြင်း။ ။လူကောင်းတယောက်သည် လမ်းသွားသည့်အခါ ခပ်ရိုးရိုးသွား၏၊ လူကြီးသူမများနှင့်တွေ့လျှင် ကိုု့ကိုု့ရို့ရို့ နေထိုင်၏၊ ပညာတတ်သော်လည်း ပညာတတ်ကြောင်းကို ဖော်ပြလေ့ မရှိ၊ ဥစ္စာပေါ၍ ရုပ်ချောသော်လည်း ဥစ္စာနည်း၍ ရုပ်ဆိုးသူတို့အပေါ်မှာ ဘယ်အခါမျှ ဟန်ကြီး ပန်ကြီး မလုပ်၊ စကားပြောသည့်အခါ ရိုးရိုးကလေးပြောတတ်၏။ ထိုသူကား မာန်မာနအစွယ်ကို ချိုးဖယ်နှိမ်ချ

ထားသူဖြစ်၏။ ထိုသူကို လူတိုင်းက ချစ်ခင်၏၊ ချီးမြှောက်စရာရှိလျှင် ထိုသူကိုဝိုင်း၍ ချီးမြှောက်လိုကြ၏။ ထို့ကြောင့် ကိုယ့်ကိုယ်ကို နှိမ်ချခြင်းသည် ကြီးပွါးချမ်းသာကြောင်းကောင်းသော မင်္ဂလာတပါး ဖြစ်ပေသည်။

ကိုယ့်ကိုယ်ကို မနှိမ်ချခြင်း။ ။လောက၌ ခပ်ကြွကြွ ခပ်ကြွားကြွားနှင့် နေထိုင်ပြောဆိုတတ်သူတွေ ရှိ၏။ လမ်းသွားသည့်အခါ ရင်ကော့၍ ခပ်မော့မော့ သွားတတ်၏၊ လူကြီးသူမများကို ရိုသေလေးစားခြင်းမရှိ၊ စကားပြောသည့်အခါ လူတဖက်သားကို အရေးမစိုက်သလို ပြောတတ်၏။ "ငါ ပညာတတ်၏, ငါ အမျိုးမြတ်၏, ငါ ရုပ်ချော၏, ငါ ဥစ္စာပေါ၏"ဟု ကိုယ့်ကိုယ်ကို အထင်ကြီးရုံသာမက, စကားပြောသည့်အခါလည်း "ပညာတတ်ကြောင်း"စသည်ဖြင့် ထည့်၍ ထည့်၍ ပြောတတ်၏။ သူကား သူ၏ မာန်မာနအစွယ်ကို မနှိမ်မချိုးသော လူမိုက်တမျိုးဖြစ်၍ ထိုသူကို မြင်သူတိုင်းက ရွံကြမုန်းကြ၏၊ နှိမ်စရာ အချက်ပေါ်လာလျှင် ဝိုင်း၍ နှိမ်လိုကြ၏။ ထို့ကြောင့် ကိုယ့်ကိုယ်ကို မနှိမ်မချခြင်းသည် မကြီးပွါးနိုင်ကြောင်း မကောင်းသော အမင်္ဂလာဖြစ်ရလေသည်။

မှတ်ချက်။ ။ယခုခေတ်၌ အနေအထိုင် အပြော အဆိုသာ၍ခက်၏၊ ပညာဖြစ်စေ ဥစ္စာဖြစ်စေ သိသိသာသာ တော်လာလျှင် နာမည်ကျော်လွယ်၏။ နာမည်ကျော်သူကို (မမော်မမောက်သော) သူကောင်းတယောက် မှန်ပါလျက် ဝိုင်း၍ နှိမ်လိုကြ၏၊ ပညာဖြစ်စေ ဥစ္စာဖြစ်စေ ညံ့နေသူကိုကား အဖက်မလုပ်ချင်ကြ၊ ရိုးရိုး ကုပ်ကုပ် နေသူကိုမူ လူဖျင်း လူအဟူ၍ ထင်တတ်ကြ၏၊ ထို့ကြောင့် ကလေးများသည် မြှောက်

တိုင်းလည်း မမြောက် ခြောက်တိုင်းလည်း မကြောက်, နှိမ့်တိုင်းလည်း မနိမ့်စေဘဲ အနုပ်စုတ် ထင်စရာဖြစ်အောင်လည်း မရိုးကုပ်ပါနှင့်၊ သင့်တော်ရုံ ဝတ်လို့စားလို့ ရိုးရိုးသားသား လိမ်လိမ်မာမာနှင့် ပညာကိုသာ ကြိုးစားပါလေ၊(ဤ နိဝါတနှင့် ဂါရဝ မင်္ဂလာတို့ကို ဆရာမိဘတို့က လက်တွေ့ပြ၍ အနေအထိုင် အပြောအဆို သင်ကြပါလေ)။

**ရောင့်ရဲလွယ်။** ။"သန္တုဋ္ဌိ"ဟူသော ပါဠိကို "ရောင့်ရဲလွယ်ခြင်း"ဟု မြန်မာပြန်၏၊ "ရောင့်ရဲ"ဟူသည် "တင်းတိမ်ခြင်း ကြေနပ်ခြင်း"ဟု အဓိပ္ပါယ်ရ၏။ လွယ်လွယ် ကူကူနှင့် တင်းတိမ်ခြင်း ကြေနပ်ခြင်းကို"ရောင့်ရဲလွယ်ခြင်း"ဟု ခေါ်၏။ ရောင့်ရဲဘို့ တင်းတိမ်ဘို့မလွယ်ကူသူကား အဆာကျယ်တတ်၏၊ "အဆာကျယ်"ဟူသည် လက်သုတ်ဟင်း တခုနှစ်ခုနှင့် အားမရဘဲ ဟိုဟာလိုချင်မှု သည်ဟာလိုချင်မှုကို "အဆာကျယ်" ဟု ဆို၏၊ "ဇီဇာကြောင်သည်=ကြေး (ဂျီး)များသည်"ဟုလည်း ဆိုကြ၏။ ထိုသို့ အဆာကျယ်လေ အလုပ်များစွာ လုပ်ရ၍ ဒုက္ခရောက်လေ ဖြစ်သောကြောင့် မရောင့်ရဲခြင်းကို ဒုက္ခများကြောင်း မကောင်းသော အ,မင်္ဂလာဟု မှတ်၍ အဆာမကျယ်ခြင်း, လွယ်ကူစွာ ရောင့်ရဲခြင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ကြောင်း ကောင်းသော မင်္ဂလာ တပါးဟု မှတ်ပါ။

**ကလေးဘဝ ရောင့်ရဲပုံ။** ။အိမ်၌ ငါးပိချက်နှင့် ဟင်းချိုချက်၍ ထား၏၊ သန္တုဋ္ဌိမင်္ဂလာ မရှိသော ကလေးသည် ကြက်သားမပါဘူး ငါးဟင်းမပါဘူး မစားချင်ဘူးဟု အဆာကျယ်၏၊ ဇီဇာ ကြောင်၏၊ သန္တုဋ္ဌိမင်္ဂလာရှိသော ကလေးကား "ဒါလောက်ဆိုလျှင် စားဖြစ်တာဘဲ, နေ့တိုင်း

ဟင်းကောင်းချည်း ဘယ်သူ စားနိုင်မှာလဲ”ဟု တွေး၍ အဆာ မကျယ်ဘဲ ရောင့်ရဲလွယ်၏၊ ထိုဟင်းဖြင့် မရောင့်ရဲသောကလေး များ၌ စိတ်ဆင်းရဲရ၏၊ ထမင်းစားလို့ ကောင်းကောင်း မရ၊ “ဟင်းကောင်း မပါဘူး မပါဘူး”ဟု အဆာ ကျယ်လွန်းသော ကြောင့် အမေက ရိုက်၏၊ “ရောင့်ရဲသောကလေးကား စိတ် လည်းမဆင်းရဲ, ထမင်းလည်းမြိန်၏၊ “ငါ့သားကတော့ ဘာနဲ့ ကျွေးကျွေးစားရှာတာဘဲ”ဟု သနား၍ ညနေ၌ ဟင်းကောင်း ကောင်း ချက်ပေး၏၊ ထို့ကြောင့် အငတ်, မုံ့ဘိုးမှစ၍ မိဘတို့ ပေးသမျှ ကျွေးသမျှဖြင့် ရောင့်ရဲခြင်းသည် မိမိနှင့်တကွ မိဘ တို့ပါ စိတ်ချမ်းသာကြောင်း ကောင်းသော မင်္ဂလာပါ ပေတည်း။

မှတ်ချက်။ ။ယခုကာလ၌ “သန္တုဋ္ဌိ=တင်းတိမ် ရောင့်ရဲ ခြင်း”ဟူရာဝယ် ရသမျှ ရှိသမျှ အခြေအနေထက် တိုးတက် ဘို့ကို စိတ်မကူးရဘဲ ဖြစ်သလို တော်သလိုနှင့် ကြေနပ်ရခြင်းဟု အဓိပ္ပါယ်အယူ မှားကြ၏၊ ထိုသို့ဖြစ်လျှင် ဤ သန္တုဋ္ဌိသည် ကြီးပွါးရေးကို တားမြစ်သော အ,မင်္ဂလာသာ ဖြစ်နေပေလိမ့် မည်၊ အမှန်မှာ ဉာဏ် ဝီရိယ ရှိသမျှ အစွမ်းကုန် တိုးတက် ကြီးပွါးအောင် လုလိမ့်မှာကို ပေါင်းခြင်း, ကြီးပွါးလောက် သော ပဋိရူပအရပ်၌ နေခြင်း, ကိုယ်နှင့်စိတ်ကို ကောင်းစွာ ထားခြင်း (အတ္တသမ္မာပဏိဓိ) စသော မင်္ဂလာတို့ကို အခြေ တည်၍ ကြီးပွါးအောင် ကြိုးစားရမည်သာ၊ ပဌမတန်းဖြစ် အောင် အစွမ်းကုန် ကြိုးစားပါလျက် ဒုတိယတန်း လောက် သာဖြစ်လျှင် စိတ်မဆင်းရဲပါနှင့်“ငါ၏ ကံဉာဏ်ဝီရိယသည် ဤမျှလောက်သာ အကျိုးပေးနိုင်၏”ဟု စိတ်ကို သက်သာ

အောင် ဖြေဘိုရာ သန္တုဋ္ဌိမင်္ဂလာ ဖြစ်ကြပါစေဟု ဆိုလိုသည်၊ တရာမြတ်အောင် ကူးသန်းရောင်းဝယ်ပါလျက် တဆယ်သာ မြတ်ရာ (သို့မဟုတ် ရှုံးရာ၌)လည်း ဤနည်းဖြင့် သက်သာ စေနိုင်ပါသည်၊ ကျမ်းစာတို့၌ မိမိမယားဖြင့် (မိမိလင်ဖြင့်) စိတ်ကြေနပ်ခြင်း အပိုအမြှောင် မရှာခြင်းကိုလည်း "ရောင့်ရဲခြင်း"ဟု ဆိုပါသည်။

**ကျေးဇူးသိတတ်ခြင်း။** ။မိဘဆရာ စသူတို့က မိမိအပေါ် အဝတ်အစား ပေးခြင်း, လိမ္မာအောင် ဆုံးမခြင်း ပညာသင် ပေးခြင်းများသည် သူတို့က ပြုထားသော ကျေးဇူးတည်း၊ ကြွေးယူမိသူသည် မိမိအပေါ်မှာ ကြွေးတင်သကဲ့သို့ သူတို့ ကျေးဇူး မိမိအပေါ်မှာ တင်နေခြင်းကို "ကျေးဇူးတင်"ဟု ခေါ်၏၊ ကြွေးတင်ခံရသူသည် ကြွေးကို ပြန်၍ ဆပ်နိုင်မှ ကျေသကဲ့သို့ ထို့အတူ တင်နေသော ကျေးဇူးလည်း ပြန်၍ ဆပ်နိုင်မှ(ပြန်လည်ပြုစု လုပ်ကျွေးနိုင်မှ)ကျေ၏၊ ထို့ကြောင့် လူကောင်းမှန်လျှင် မိဘကျေးဇူး ဆရာ့ကျေးဇူး မိတ်ကောင်း ဆွေကောင်းတို့၏ ကျေးဇူးကို ပြန်၍ ဆပ်ရ၏၊ မဆပ်နိုင်လျှင် "သူ့ကျေးဇူး ရှိပေသည်"ဟု အမြဲ ကျေးဇူးသိနေမှ တာဝန် ကျေသည်။

**ကလေးဘဝ ကျေးဇူး သိပုံ။** ။မိဘ(အကို,အမ,အဒေါ်ကြီးကြီး)တို့က ကလေးများကို ထမင်းခူး ကျွေး၏, ရေချိုးပေး၏၊ အဝတ် ဝတ်ပေး၏။ "ကျောင်းသွားကွယ်"ဟု ချိုချို ကလေးပြော၍ မုန့်ဘိုးပေးလိုက်သေး၏၊ ကျောင်းရောက်လျှင် ဆရာက ပညာသင်ပေး၏၊ လိမ္မာအောင် အမျိုးမျိုး ပြောပေး၏။ ကျောင်းသားများတွင် မိမိမသိသောစာကို ပြောပေးသူ

မှီဝေစားသူလည်း ရှိ၏၊ ကျောင်းသွားကျောင်းပြန်ချိန်၌ မိမိကို စောင့်၍ ခေါ်သူရှိ၏၊ ကလေးများသည် ထိုကျေးဇူးကို တသက်လုံးမမေ့ပါနှင့်၊ ကျေးဇူးရှင်များဟု အသိအမှတ်ပြုထားပါ။ မိမိတတ်နိုင်သည့်အခါ သူတို့ကို ပြန်၍ ကျေးဇူးဆပ်မည်ဟု အမြဲသတိပြုပါ၊ ဤသို့ ကျေးဇူးသိတတ်သူကို နောက်ထပ်လည်း ကျေးဇူးပြုချင်ကြ၏။ ထိုသို့ ကျေးဇူးပြုကြသဖြင့် မိမိမှာ ချမ်းသာကြီးပွါး၏၊ ထို့ကြောင့် ကျေးဇူးသိတတ်မှုကို မင်္ဂလာတပါးဟု ဟောတော်မူသည်။

**ကျေးဇူး မသိတတ်ပုံ။** ။တချို့ လူမိုက်များကား မိဘနှင့် ဆရာကိုပင် ကျေးဇူးရှင်မှန်း မသိတတ်၊ သူတို့က မွေးထားလို့ ငါ့ကိုပြုစုကြတာဘဲ၊ငါက မွေးလျှင်လဲ သူတို့လိုပြုစုရမှာဘဲ၊ ဘာမှ ကျေးဇူးတင်စရာမရှိပါဘူး၊ ကျောင်းဆရာကလဲ ပိုက်ဆံရလို့ သင်တာပါ၊ ငါလဲ ပိုက်ဆံရလျှင် သင်ပေးရမှာဘဲ၊ ဤသို့ ပြောဆိုကာ ဘယ်သူ့ ကျေးဇူးကိုမှ သိရမှန်းမသိတတ်၊ ထိုလူမျိုးကို ကျေးဇူးကန်းသူဟု ခေါ်၏။ အချို့ကား သူများအိမ်မှာ တည်းခိုစားသောက်ပြီးလျှင် ထိုအိမ်ရှင်ကိုပင် မတရားကြံစည်သေး၏။ထိုလူမျိုးကို ကျေးဇူးရှင် ကြေးစွပ်သူ၊ "သားရေပေါ် အိပ်ပြီး သားရေနားကို စားသော ခွေးနှင့်တူသူ"ဟု ပြောကြ၏။ ထိုသို့ ကျေးဇူး မသိတတ်သူကို နောက်ထပ်၍ ကျေးဇူးမပြုလိုကြ၊ အများက ရွံမုန်းကြသဖြင့် နောက်ဆုံး၌ ခွေးသေ ဝက်သေ သေရတတ်၏။ ထို့ကြောင့် ကျေးဇူးမသိတတ်မှုသည် ဆင်းရဲရကြောင်း မကောင်းသော အမင်္ဂလာတမျိုး ဖြစ်ရလေသည်။

## ကျေးဇူးသိတတ်သော ခြင်္သေ့

ခြင်္သေ့တကောင်သည် တောတတောာ၏ လိုဏ်ဂူအတွင်း၌ နေ၏။တောင်ခြေကိုဝိုင်း၍ ရေအိုင်ကြီးတခုလည်းရှိ၏၊ ရေအိုင် အတွင်း ရေမရှိသော ရွှံ့ညွန်အရပ်၌မြက်နုကလေးတွေ ပေါက် နေ၏၊ ထိုမြက်နုကလေးများကို ယုန် သမင် စသော ပေါ့ပါး သော သားကောင်တို့ လာစားကြကုန်၏။ တနေ့သ၌ ခြင်္သေ့ သည် သမင်တကောင်ကို ဖမ်းမည်ဟု တောင်ပေါ်မှ အဟုန် ဖြင့် ခုန်ချလေရာ သမင်က ပြေးသဖြင့် ရွှံ့ထဲ၌ ကျွံနစ်နေလေ သည်။ ၇-ရက်လုံးလုံး အစာ မစားရတော့ချေ။

ထိုအခါ မြေခွေးတကောင်လာ၍ ခြင်္သေ့ကို မြင်သော ကြောင့် ပြေးရှာသည်ကို လှမ်းခေါ်ပြီးလျှင် "ငါ့ကို ကယ်တင် ပါ"ဟု ပြော၏။ "ကျုပ်က ကယ်တင်ပြီးနောက် ကျုပ်ကို စားမှာ ကြောက်ပါတယ်"ဟု မြေခွေးက ပြော၏၊ "မစားပါ ဘူး ကျေးဇူးဆပ်ပါ့မယ်"ဟု ခြင်္သေ့က ပြော၏။ ထိုအခါ မြေခွေးသည် ခြေ ၄-ဘက်ဆီသို့ မြောင်းသွယ်၍ ရေဝင်စေပြီး လျှင် ညွန်ကို ပျော့အောင် လုပ်၏၊ ညွန်တွေ ပျော့လာသည့် အခါ သူ့ဦးခေါင်းကို ခြင်္သေ့ဗိုက်အောက်သွင်း၍ "ကြိုးစား လိုက်စမ်း သခင်"ဟု အားပေးလေရာ ခြင်္သေ့သည် ခုန်၍ တက်သွားလေ၏။

ထို့နောက် ခဏလောက်နား၍ ရေအိုင်၌ ရေချိုးပြီးလျှင် တောကျွဲကြီးတကောင်ကို ကိုက်သတ်၍ မြေခွေးအား စားပါ ဟု ပေးလေ၏။ မြေခွေးစားပြီးမှ သူစား၏။ ထိုနေ့မှစ၍ မြေခွေးမကိုပါ ခေါ်ယူစေကာ သူ၏ လိုဏ်ဂူအနီးရှိ လိုဏ်ဂူ

တခု၌ ထားလျက် ကလေးများ ပေါက်ဖွားသည့် တိုင်အောင် ပြုစု လုပ်ကျွေး၍ ကျေးဇူးဆပ်လေ၏၊ ခြသေ့ မိသားစုနှင့် မြေခွေး မိသားစုတို့သည် သားစဉ် မြေးဆက် ၇-ဆက်တိုင် အောင် မိတ်မပျက်ဘဲ ရင်းရင်းနှီးနှီးဆက်ဆံကာ အတုံ့အလှယ် ကျေးဇူးပြုရစ်ကြလေသည်။

## ကျေးဇူးကန်းသော ပုဏ္ဏား

လယ်သမား ပုဏ္ဏားတယောက်သည် နွားပျောက်၍ လိုက် ရှာလေရာ မျက်စိလည်၍ တောကြီးထဲသို့ ရောက်သွားသဖြင့် ၇-ရက်လုံးလုံး ထမင်း မစားရချေ။ ထိုအခါ ချောက်ကမ်းပါး၌ ပေါက်နေသော တည်ပင်ပေါ်သို့ တက်၍ တည်သီးများကို စားနေစဉ် အားအင် နည်းသောကြောင့် လက်ကိုင် မမြဲဘဲ ချောက်ထဲသို့ ကျသွားလေသည်၊ ထိုချောက်ထဲ၌ ၁၀-ရက် ကျော်လွန်သောအခါ ငါတို့ ဘုရားလောင်း မျောက်ကြီးသည် ထိုနေရာ ရောက်လာခိုက်နှင့် ကြုံကြိုက်သောကြောင့် ပုဏ္ဏားကို ကယ်တင်နိုင်မည့်မကယ်တင်နိုင်မည်ကို သိဘို့ရန် ကြီးစွာသော ကျောက်တုံးကိုထမ်း၍ ပထမ အစမ်းခုန်တက်ပြီးမှ ထိုပုဏ္ဏား ကို ကယ်တင်လေသည်။

ထိုသို့ ကယ်တင်ပြီးနောက် မောပန်းလှသဖြင့် ပုဏ္ဏားကို လည်း စိတ်ချ ယုံကြည်သောကြောင့် အိပ်ပျော်သွားရှာ လေလျှင် ပုဏ္ဏားသည် သူ၏ဆာလောင်ခြင်းကို အရင်းခံ၍ ယုတ်မာသောအကြံကို ကြံသည်မှာ "မျောက်ဆိုသည်မှာ အခြား သားကောင်များကဲ့သို့ လူတို့၏ အစာပင် ဖြစ်၏၊ ငါသည် ဤမျောက်ကိုသတ်၍ စားရလျှင် အဆာလည်းပြေ

မည်၊ လမ်းစာ ရိက္ခာလည်း ရမည်”ဤသို့ ကြံပြီးလျှင် အနီး၌ ရှိသော ကျောက်ခဲဖြင့် ဦးခေါင်းကို ထုလေရာ ထမင်းဝတ်၍ အားပြတ်နေသူ ဖြစ်သောကြောင့် ကြေသွားအောင် မနာဘဲ ဦးခေါင်းကွဲရုံမျှသာ ရှိလေသည်။

မျောက်မင်းသည် အလန့်တကြားထ၍ သစ်ပင်သို့ ခုန်တက်ပြီးလျှင် ထိုပုဏ္ဏား ထုမှန်း သိသော်လည်း သူလမ်းမပြလျှင် တောကြီးထဲ၌ သေမည်လည်း ကြောင့်ကြ, အနားသို့လည်း မကပ်ဝံ့တော့ ရကား သစ်ပင်အချင်းချင်း ဆက်ကာ ဆက်ကာ ခုန်လျက် သွေးစက်ဖြင့် လမ်းပြကာ လူသွားလမ်း ရောက်အောင် ပို့လိုက်ရှာလေသည်။ ကျေးဇူးကန်း မိတ်ဆွေဖျက် မိုက်တွင်းနက်သော ထိုပုဏ္ဏားလည်း အလောင်းတော်နှင့် ကွဲသွား၍ မကြာခင် တကိုယ်လုံး ကွဲအက်ကာ အနူရောဂါစွဲ၍ ၇-နှစ်လုံး အဆင်းရဲကြီး ဆင်းရဲပြီးမှ အဝီစိငရဲသို့ ကျသွားလေသည်။

**သင့်တော်သောအခါ တရားနာ။** ။မိမိ စိတ်မကောင်းနေသည့်အခါ ထိုစိတ် ကောင်းလာအောင် တရားနာဘို့ သင့်တော်သောအခါတည်း။ ဥပမာ–ကာမစိတ် အားကြီး၍ အသစ် လိုချင်နေသောအခါ ထိုစိတ် ပျောက်သွားအောင် တရားနာသင့်၏။ ဒေါသစိတ် အားကြီး၍ သတ်ချင် ဖြတ်ချင် ဖြစ်နေသည့်အခါ ထိုစိတ် အေးသွားအောင် တရား နာသင့်၏။ သဒ္ဓါတရား အလွန်ထက်သန်နေသည့် အခါလည်း သဒ္ဓါတရား မပျက်ဘဲ တိုးသည်ထက် တိုးလာအောင် တရားနာ သင့်၏။ ထိုသို့ တရားနာခြင်းသည် စိတ်မကောင်းကို ကင်းရှင်းစေ, စိတ်ကောင်းကို တိုးပွါးစေနိုင်သောကြောင့် ကြီးပွါးချမ်းသာ

ကြောင်း မင်္ဂလာတပါး ဖြစ်ပေသည်။ (တရား သဘော ဟောပြမည့် ပုဂ္ဂိုလ်မရှိလျှင် တရားသဘောပါသော ကျမ်းစာကို ကြည့်ရှုနေခြင်း သူများဖတ်နေသည်ကို နားထောင်ခြင်းလည်း တရားနာခြင်းပင် ဖြစ်၏)။

**ကလေးများ တရားနာသင့်ပုံ။** ။အချို့ ကလေးများသည် မိဘစကား, ဆရာ့စကားကို ကြားနေကျ ဖြစ်သောကြောင့် ကောင်းကောင်း နားမထောင်လိုကြ၊ မိဘတို့ ကိုးကွယ်ထားသော ဆရာဘုန်းတော်ကြီးများက ဝတ္ထုပုံပြင်နှင့် ပြောပြသည့်အခါ သဘောကျ၍ နားထောင်လွယ်ကြ၏။ ဥပမာ— ဆရာကြီးက "ဆရာကို ရိုသေရတယ်"ဟု ပြောသော စကား, မိဘက "မိဘကို ရိုသေရတယ်" ဟု ပြောသော စကားထက် ဘုန်းတော်ကြီးက "ဆရာ, မိဘကို ရိုသေရတယ်"ဟု ပြောသော စကားသည် သာ၍ လိုက်နာဘွယ် ကောင်း၏၊ ထို့ကြောင့် ကလေးများကိုလည်း တခါတရံ အပြောကောင်း အဆုံးအမကောင်း ဘုန်းတော်ကြီးများထံသို့ တရားစကား ကြားနာဘို့ရန် ခေါ်သွားသင့်ကြသည်။

### အနာထပိဏ်သူဌေး ငွေပေး၍ တရားနာ ခိုင်းပုံ

ဘုရားရှင့်ကျောင်းတကာ အနာထပိဏ်သူဌေး၌"ကာလ" မည်သော သားတယောက်ရှိ၏။ ဘုရားကို မကြည်ညို၊ တရားနာဘို့မှာ သာ၍ ဝေးသေး၏၊ သူဌေးကြီးလည်း သား၏ စိတ်ထားပုံကို မကျေနပ်၍ "ချစ်သား... ဥပုသ် စောင့်ပြီး တရားနာပါချေ၊ နက်ဖြန်တော့ ငွေတရာပေးမည်"ဟု ပြော၏၊ ကာလ-သည် ငွေလိုချင်၍ ဥပုသ်စောင့် သွား၏၊ တရားကား

မနာ, တော်ရာချောင်မှာအိပ်၍ စောစောပြန်လာခဲ့၏၊ အိမ်ရောက်၍ ယာဂုထမင်း ပေးထားသော်လည်း ငွေမရမခြင်း မစား လက်ထည်း၌ ငွေရပြီးမှ စား၏၊ နောက်တကြိမ်၌ "ချစ်သား....ဘုရားရှေ့မှာ ရပ်ပြီး တရား တပုဒ်လောက် ရအောင် မှတ်မှတ် သားသား နာခဲ့ပါ၊ ငွေတထောင်ပေးမည် ဟု ပြော၍ ကျောင်းတော်သို့ လွှတ်ပြန်၏၊ သူသည် ဘုရားရှေ့ ရောက်၍"ဟောပြော ဆုံးမသည်ကို တပုဒ်ရလျှင် ပြန်မည်" ဟူသော အကြံဖြင့် နာယူလေရာ နားစိုက်ရင်း, နားစိုက်ရင်း သဘောကျ၍ သောတာပန် ဖြစ်သွားလေသည်။

မှတ်ချက်။ ။ဤဝတ္ထု၌ 'ကာလ' သူဌေးသားသည် ပဏ္ဍိတအစစ် ဖြစ်သော ဘခင် သူဌေးကြီးနှင့် ပေါင်းရခြင်း, ဘုရားရှိသော ပတိရူပ ဒေသ၌ နေရခြင်း, ကာလေန ဓမ္မဿဝနံ (သင့်တော်သော အခါဝယ် အဆုံးအမ ဩဝါဒ တရားကို နာခြင်း), ဤ မင်္ဂလာ ၃–ပါးကြောင့် သောတာပန် ဖြစ်ရ၍ အပါယ် လေးပါးသို့ မလားရတော့ဘဲ နိဗ္ဗာန်ကို ကိုယ်တိုင် သိနိုင်သော ကြီးပွါးချမ်းသာမှုကို ရရှိပေသည်။

### ၁၀။ လေ့ကျင့်ခဏ်းမေးခွန်း

(က) ဂါရဝေါ စ ဂါထာ ပါဠိရေး၍ ဆိုင်ရာ ဆောင်ပုဒ်ကို လည်းပြပါ။

(ခ) ဂါရဝေါ စ ဂါထာလာ မင်္ဂလာ ၅-ပါးကို ပါဠိမြန်မာ ၂-မျိုးလုံးတွဲဘက်၍ ရေတွက်ပြပါ။

(ဂ) ရိုသေလေးစားထိုက်သူ ၄-၅ မျိုးနှင့် ရိုသေလေးစားပုံ ၄-၅ မျိုးကို ပြပါ။

(ဿ) အသက်ငယ်၍ ဂုဏ်ကြီးသူ, ဂုဏ်ငယ်၍ အသက်ကြီးသူ ၂-ယောက် တွေ့ဆုံလျှင် မည်သူက မည်သူ့ကို မည်သည့်အတွက် ရိုသေလေးစားရမည်ဟု ခွဲခြား၍ ပြပါ။

(င) နိဝါတမင်္ဂလာအရ ကိုယ့်ကိုယ်ကို နှိမ်ချ၍ နေထိုင်ပြောဆိုပုံ ၄-၅ မျိုးမျှ ပြပါ။

(စ) နိဝါတမင်္ဂလာမရှိ၍ ကိုယ့်ကိုယ်ကို မနှိမ်ချပုံကို ၄-၅ မျိုးမျှ ပြပါ။

(ဆ) သန္တုဋ္ဌိမင်္ဂလာအရ ရောင့်ရဲခြင်းကို မြန်မာလို နားလည်အောင် စကားတမျိုး သုံးပြပါ။

(ဇ) မရောင့်ရဲခြင်းကို အဘယ်သို့ ပြောဆိုကြသနည်း၊ မိခင်က မုန့်ဘိုးဆယ်ပြားပေးရာ၌ မရောင့်ရဲသော ကလေးနှင့် ရောင့်ရဲသောကလေးများ၏ ပြောဆိုပုံကို ပြပါ။

(ဈ) ရောင့်ရဲ၍ ချမ်းသာပုံနှင့် မရောင့်ရဲ၍ ဆင်းရဲပုံကိုပြပါ။

(ည) လုံ့လဝီရိယကင်း အကြံဉာဏ်ဖျင်းသောကြောင့် ရှိသမျှနှင့် တင်းတိမ်နေခြင်းကို သန္တုဋ္ဌိမင်္ဂလာဟု ဆိုနိုင်မည်လော။

(ဋ) ကတညုတမင်္ဂလာအရ ကျေးဇူးတင်ပုံကို ခွဲခြား ပြပါ။

(ဌ) ကျေးဇူးဆပ်ခြင်းသည် ဘာနှင့်တူသနည်း၊ ဆပ်နိုင်လျက် မဆပ်ဘဲနေသူသည် ဘယ်လိုလူနှင့် တူသနည်း။

(ဃ) သူ့အိမ်မှာ တည်းခိုစားသောက်နေထိုင်ပါလျက်, ထိုသူ့အိမ်၌ ခိုးဘို့ တိုက်ဘို့ ကြံသူကို ဘယ်လိုလူဟု ခေါ်ကြသနည်း။

(င) 'ကာလေန ဓမ္မသာဝနံ'အရ ဘယ်လိုအခါ တရားနာဘို့ သင့်တော်ပါသနည်း။

(စ) အသံကောင်းကောင်းနှင့် သီချင်းဆိုသလို ဟောသောတရားသည် နာသင့်သောတရား ဟုတ်ပါ၏လော။

(ဆ) ကလေးများ တရားစကား(ဆုံးမ စကား)ကို နာခြင်းကြောင့် အကျိုးရှိပုံကို ပြပါ။

**၉။ ခန္တီ စ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊**
**ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလမုတ္တမံ။**

---

၉။ သည်းခံခြင်း၊ ပြောဆိုဆုံးမရ၍နားထောင်လွယ်ခြင်း၊ ငြိမ်သက်နေသော ရဟန်းများကိုဖူးမြင်ခြင်း၊ သင့်တော်သော အခါ၌ တရားစကားဆွေးနွေးမေးမြန်းခြင်း၊ ဤ ၄-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မခံသာ ဆဲရိုက်သော်လည်း, သည်းခံလိုက်စေချင်၊
ကျိုးရှိအောင် ဆိုသမျှကို, နားသောတ ဆင်၊
ငြိမ်သက်တဲ့ရဟန်းရှင်ကို, ဖူးမြင်ကွဲ့ မမှား၊ သင့်
တော်ရာ တရားဆွေးနွေးကာဖြင့်, အေးဆေးစွာ
မင်္ဂလာပြုရမယ်, လေးစု တရား။

**သည်းခံခြင်း။** ။မိမိအား မခံသာအောင် သူများက ပြောသည့်အခါ၊ ဆဲသည့်အခါ၊ ရိုက်နှက်သည့် အခါ တို့ကို ပြန်၍မပြော ပြန်၍မဆဲ၊ပြန်၍ မရိုက်နှက်ဘဲ နေခြင်းကို "ခန္တီ =သည်းခံခြင်း" ဟု ခေါ်၏။ ဤသည်းခံမှု ခန္တီ တရားကား အလွန် အထက်တန်း ကျသော တရားဖြစ်၍ ကလေးများ မ လိုက်နာနိုင်အောင် ရှိပေလိမ့်မည်။ သို့သော် ကလေးများသည် ဤခန္တီတရားကို ငယ်ငယ်က အလေ့အကျင့် ရအောင် ကြိုး စားသင့်၏။ ငယ်ငယ်က အလေ့အကျင့် ရမှသာ ကြီးသည့် အခါ သည်းခံလေ့ အကျင့်ပါ၍ နေရာတိုင်း အကျိုးရရှိနိုင်မည်။

**သည်းမခံခြင်းအပြစ်။** ။မောင်အေးကို မောင်မဲက ဆဲ လျှင်(မောင်အေးတို့အမျိုးက အလကားအမျိုးဟု ပြောလျှင်, မောင်အေး စာမေးပွဲအောင်တာ ခိုးချလို့ အောင်တာဟုပြော

လျှင်, မောင်အေးအမကို မကောင်းပြောလျှင်) မောင်အေး ဘယ်လိုစိတ်ထားမလဲ၊ ပြန်ရှဲဆဲ, ပြန်ရှဲပြောလျှင် တယောက် နှင့်တယောက် ရိုက်ကြဘို့ဘဲရှိ၏။ ကလေးချင်းရိုက်ပြီးနောက် သည်းမခံတန်းဆိုလျှင် လူကြီးချင်း သတ်ကြဘို့ရှိ၏။ သတ်ကြပြီးနောက် ရုံးရောက် ထောင်ကျ၍ ငွေကုန် လူဆင်းရဲ လူသေသည့်တိုင်အောင် မကောင်းကျိုးရကြတော့မည်။ သည်းခံခြင်း မင်္ဂလာမရှိမှုသည် ဤဘဝ၌ ဤမျှလောက် ဒုက္ခပေးရုံမက, နောက်ဘဝ အဆက်ဆက်လည်း ရန်ဘက်ကြီးဖြစ်လျက် အပါယ်လေးပါးက မတက်နိုင်ဘဲ ရှိကြရတတ်သည်။

**သည်းခံခြင်းအကျိုး။** ။မောင်မဲက မခံချင်စရာတွေပြောသည့်အခါ မောင်အေးသည် သည်းခံ၏။ မောင်မဲ...ငါ့ကို ဒီလိုမပြောပါနှင့်၊ မင်းက ငါ့ကိုဒီလိုပြောလို့ မင်းမှာလဲအကျိုးမရှိ, ငါ့မှာလဲ အကျိုးမရှိပါ။ မင်းနဲ့ငါ ရန်ဖြစ်ကြလျှင် မင်းလဲ့မကောင်း ငါလဲမကောင်းပါ။ လူကြီးတွေ သိသွားလျှင် လူကြီးချင်း မုန်းကြလို့ သာပြီး ဒုက္ခများကုန်ပါလိမ့်မည်။ ဤသို့ပြောဆိုပါလေ၊ ပြော၍မရလျှင် တခြားတနေရာသို့ ရှောင်သွားပါ။ သို့သော် စိတ်ထဲမှာတော့ အားမငယ်ပါနှင့်၊ ဒီကောင်ကို ငါပြန်လုပ်မယ်ဆိုလျှင် လုပ်နိုင်တယ်၊ မနိုင်တောင် ချောင်းသတ်လျှင်ဖြစ်တာဘဲ၊ ဒါပေမယ့် ငါလို လိမ္မာတဲ့သူက သည်းခံမှတော်မည်ဟု သတိပြုကာ သည်းခံနိုင်အောင် ကြိုးစားပါလေ။

ထိုသို့ သည်းခံလိုက်ခြင်းကြောင့် မိမိနှင့်မိဘများ၌ ငွေကုန်ထောင်ကျမှုမဖြစ်ရ၊ နောက်ဘဝအဆက်ဆက်၌လည်း ရန်ဘက်မဖြစ်ရ၊ သည်းခံနိုင်မှု ကုသိုလ်တခုကို အရင်းတည်ကာ ဤ

ဘဝ၌ပင် လူကောင်းတယောက်ဟု ထင်ရှားလာ၍ ချီးမြှောက်သူတွေ ပေါများလိမ့်မည်၊ ထို့ကြောင့် သည်းခံခြင်း ခန္တီကို ကြီးပွါးကြောင်း မင်္ဂလာတပါးဟု ယုံယုံကြည်ကြည် မှတ်သားပါလေ့။ ထိုသို့ သည်းခံနိုင်သူကို စော်ကားသူကား ဤဘဝမှာပင် မကြာခင် သူ့လိုလူနှင့်တွေ့၍ အပြန်အလှန် သတ်ဖြတ်ခြင်းကို ခံရလိမ့်မည်။ သည်းခံနိုင်သူကို စော်ကား၍ ကြီးပွါးသူ မရှိနိုင်ပါ၊ အကယ်၍ ကြီးပွါးစေကာမူ "ခွေးရူးကောင်းစား တမွန်းတဲ့"ဆိုသလို ခေတ္တခဏမျှသာ ကြီးပွါးသလို ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ (ကျေးဇူး ကဏ်းသော ပုဏ္ဏားဝတ္ထု၌ အလောင်းတော်မျောက်မင်း၏ သည်းခံပုံကိုပင် ပြန်၍ စဉ်းစားကြည့်ပါလေ။)

ဆုံးမ၍ လွယ်ကူခြင်း။ ။ဆရာ မိဘ အကို အမ စသူတို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် မငြင်းဆန်ဘဲ လွယ်လွယ်ကူကူ နားထောင်ခြင်းသည် မင်္ဂလာတပါး ဖြစ်၏။ (လွယ်လွယ်ကူကူ နားထောင်ခြင်း၊ ဆုံးမသည့်အတိုင်း လိုက်နာ၍ ပြုလုပ်နေထိုင်ခြင်းကို "သောဝစဿတာ"ဟု ဆို၍ လင်္ကာဆောင်ပုဒ်၌ "ကျိုးရှိအောင် ဆိုသမျှကို, နားသောတဆင်"ဟု ဆိုထားသည်။) တချို့ ကလေးများသည် မိဘက ပွဲမကြည့်ပါနှင့် 'အအိပ်ပျက်ပြီး ဖျားတတ်သည်'ဟု ပြောလျှင် "ဟုတ်ကဲ့ မကြည့်ပါ"ဟု နားထောင်၏၊ ထိုကလေးသည် ဆုံးမသည်ကို လွယ်ကူစွာ နားထောင်သော ကလေးတည်း။ ဆုံးမ၍နားထောင်သော ကလေးကို မိဘ,ဘိုးဘွားတို့က ချစ်၏၊ ပေးစရာရှိလျှင်ပေး၏၊ ကျွေးစရာရှိလျှင် ကျွေး၏၊ ဆရာကလည်း မကြာ မကြာ ဆုံးမချင်၏၊ ဆုံးမသည်ကို လိုက်နာသူတို့သာ လူလိမ္မာပဏ္ဍိတ ဖြစ်ကြ၍ ကြီးပွါး ချမ်းသာနိုင်

ကြသည်။ ယခုကာလ၌ ကြီးပွါး ချမ်းသာသူဟူသမျှသည် လူကြီးမိဘ ဆရာသမား အကို အမများ၏စကားကို လိုက်နာ၍ **သောဝစဿတာမင်္ဂလာရှိသူများသာ** ဖြစ်ပေသည်။

**ဆိုးမ၍ မလွယ်သူ။** ။မိဘတိုးဘွား ဆရာသမား အကို အမများက "ဒီအစာ မစားနှင့်၊ ဒီလမ်း မသွားနှင့်၊ ဒီလူနှင့် မပေါင်းနှင့်၊ ဖဲမကစားနှင့်၊ ထန်းရည် အရက် မသောက်နှင့် အပျော် အပါး (မိန်းမ) မလိုက်စားနှင့်"ဟု ပြောဆို လျှင် ရှေ့တွင်တော့ 'ဟုတ်ကဲ့'ဟု ပြော၍ ကွယ်ရာ၌ စားချင်ရာစား သွားချင်ရာသွားသူသည် ဆိုးမသည်ကို နားမထောင်သူတည်း။ ထိုသူကို မိဘတို့က မနေသာ၍ ဆိုးမကြသော်လည်း ဆရာသမားတို့က မဆိုးမ,ကြ၊ "သူ့ကံအတိုင်းဘဲ၊ သူပြုသမျှ သူခံရမှာဘဲ"ဟု မျက်နှာလွှဲနေတတ်ကြ၏။ ထိုသူကား မကြာခင် ကလေးဘဝမှ လူမိုက်ကြီးဘဝသို့ ရောက်လေတော့၏။ လူနုံ လူမွဲ လူဆင်းရဲဟူသမျှ ငတ်ပြတ်ပေတေ၍ သေကြေပျက်စီးကာ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝသို့ ရောက်ရသူတွေကား လူကြီးသူမ ဆရာမိဘစကားကို မလိုက်နာဘဲ သောဝစဿတာမင်္ဂလာ မရှိသော သတ္တဝါများသာ ဖြစ်ချေသည်။

[ဆောင်] မိဘတိုးဘွား၊ ဆရာများ၏၊ ကောင်းစားစေလို၊
မေတ္တာပို၍၊ ထိုထိုဆုံးမ,သြဝါဒကို၊ နားမျှမထောင်၊
မကြားယောင်သို့၊ မောင်တို့ပြုက၊ (မယ်တို့ပြုက)၊
ခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဖြစ်များ စွာလည်း၊
ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ မောင်လေး
နားထောင်စမ်း ပါ့ကွယ် (မလေး နားထောင်စမ်း
ပါ့ကွယ်။)

ရဟန်းရှင်ကို ဖူးတွေ့ခြင်း။ ။ဘုန်းကြီးတို့ ယခု လက်ရှိ သာသနာတော်၌ ဖူးရ တွေ့ရလျှင် စိတ်ကြည်လင်၍ အလွန် မင်္ဂလာရှိသော ရဟန်းသံဃာတော်များ အမှန်ပင် ရှိပါသေး၏၊ ဆရာတော် တပါးသည် အလွန်စိတ်ကောင်းရှိ၍၊ ကမ္မဋ္ဌာန်း တရားကို လက်မလွှတ်ဘဲ သံဃာ့ပရိသတ်နှင့် စာချနေ၍၊ စကားပြောသည့်အခါအေးအေးသာသာရှိလှ၍၊ထိုဆရာတော် ကို ဘုန်းကြီးကိုယ်တိုင် ဖူးတွေ့ခဲ့ရသည်မှာ မမေ့နိုင်အောင်ရှိ၏။ "ရဟန်းတော်တို့ကို ဖူးမြင်ရခြင်းမင်္ဂလာ"ဆိုသည်မှာ ဤရဟန်း တော်မျိုးကို ဆိုလိုပါသည်။ တခါတရံ ဣန္ဒြေရရနှင့် ဆွမ်းခံကြွ လာသော ကိုယ်တော်များကို တွေ့ရပါလိမ့်မည်၊ ထိုကိုယ်တော် ကို တွေ့ရခြင်းဖြင့် မည်သူမျှ မတိုက်တွန်းရဘဲ အလိုလို စိတ် ကြည်လင်လာပါလိမ့်မည်။

တခါတုန်းက ကျောင်းတိုက်တခုမှ ရဟန်းသာမဏေများ ဣန္ဒြေရရနှင့် စီတန်း ဆွမ်းကြီးခံ ကြွကြ၍၊ အရပ်ထည်းက မည်သူမျှမတိုက်တွန်းရဘဲ အိမ်ပေါက်စေ့ထွက်၍ ဝပ်ချကြ၏၊ (မဟာမေဒင် ဘာသာဝင် အိမ်ရှင်မတယောက်ကပင်"ဒီကိုယ် တော်များ သွားပုံကတော့ စိတ်ကို အတော်ဆွဲနိုင်သားဘဲ"ဟု ပြောပါသေးသတဲ့) ဤသို့ သံဃာတော်များကို ဖူးမြော်ရခြင်း သည် စိတ်ကြည်လင်မှုမှစ၍ မင်္ဂလာများစွာရှိရကား ထိုကဲ့သို့ အဖိုးတန် ရဟန်းတော် သံဃာတော်များကို ကလေးတို့နေရာ ၌ မရရအောင် ရှာဖွေ၍ ကြီးသည့်အခါ ကိုးကွယ်ကြ ပါလေ။

[ဆောင်] ဣန္ဒြေသိက္ခာရှိလို့, မွန်မြတ်သည့် ရဟန်းတော်၊....
အပြောဆို မေတ္တာမွှေးလို့, အေးမြလိမ့်နော်။....

တွေ့ကြုံသော်, ဖူးမြော်ကဲ့မမှား၊....မတွေ့သော် ရှာဖွေလို့, မောင့်နေရာ မင်္ဂလာပြေ့အောင်, ကိုးကွယ်၍ထား။

**တရားဆွေးနွေးခြင်း။** ။တရားနှင့်စပ်သော စကားကို သူကပြော ကိုယ်ကပြော ကိုယ်မသိတာ သူ့မေး၊ သူမေးတာ ကိုယ်သိလျှင်ဖြေ၊ ဤသို့ ပြောဆိုနေခြင်းကို "တရားဆွေးနွေး" ဟု ခေါ်၏။ ဥပုသ်နေ့(တနင်္ဂနွေနေ့)များသည် တရားဆွေးနွေးဘို့ သင့်တော်သော အခါတည်း။ အားလပ်ချိန် ညဦးအခါ ဝယ် မိမိတို့ အိမ်နီးချင်းလည်း တရားဆွေးနွေးဘို့ သင့်သော အခါ ဖြစ်၏။ ဤတရားဆွေးနွေးမှုကို ရဟန်းတော်များ အထံ ၌လည်း မသိတာကို မေးမြန်းသောအားဖြင့် ဆွေးနွေးနိုင်၏၊ ဆရာပြောလိုက်သော အဓိပ္ပါယ်ကို မမှတ်မိလျှင် မှတ်မိသော ကလေးနှင့်လည်း ဆွေးနွေးကြပါလေ။

**မင်္ဂလာဖြစ်ပုံ။** ။တရားစကားကို ဆွေးနွေး မေးမြန်း ရခြင်းသည် စိတ်ထည်း၌ မရှင်းလင်းသော အချက်များကို ရှင်းသွားစေနိုင်ကြ၏။ ထိုသို့ ရှင်းသွားသဖြင့် အမှားကို မပြု မိဘဲ အမှန်ကို ပြုမိ၏၊ အမှန်ကို ပြုမိသဖြင့် ကောင်းကျိုး ချမ်းသာရ၍ မင်္ဂလာဖြစ်ရပေသည်။ တရားဟူရာ၌ ကုသိုလ် စစ် မဟုတ်သော်လည်း အပြစ်မရှိသော လောကီစီးပွါးဆိုင်ရာ ကိုလည်း လူကြီးများထံ နာခံဆွေးနွေးနိုင်၏။ ကုသိုလ်တရား ပင် ဖြစ်သော်လည်း တယောက်နှင့်တယောက် တတ်ကြောင်း ပြလို၍ သူ့ကိုစမ်းလို၍ ငြင်းကြ, ခုံကြသော ဆွေးနွေးခြင်း မျိုးကား မင်္ဂလာမဟုတ်၊ အကျိုးစီးပွါးဆုတ်ယုတ်ဘို့ရာ အ မင်္ဂလာသာ ဖြစ်၏။ (ရှေးက အချို့လူကြီးများသည် သင်္ဂြိုဟ်

စကား ဆွေးနွေးရင်း ငြင်းကြ, ခုံကြ ဒေါနှင့်မောနှင့်(ဒေါသ မောဟနှင့်) ပြောကြ၍ နောက်ဆုံးဝယ် နဘမ်းလုံးရသည် တိုင်အောင် ဆွေးနွေးခဲ့ကြလေသည်။)

### ၁၁။ လေ့ကျင့်ခဏ်းမေးခွန်း

(က) ခန္တီ စ ဂါထာကို ပါဠိရေး၍ ဆိုင်ရာ ဆောင်ပုဒ်ကို လည်း ပြပါ။

(ခ) ခန္တီ စ ဂါထာ၌လာသော မင်္ဂလာ ၄-ပါးကို ပါဠိ မြန်မာ တွဲဘက်၍ ရေတွက်ပြပါ။

(ဂ) ဘယ်လိုနေခြင်းကို ခန္တီ=သည်းခံခြင်းဟု ခေါ် သနည်း။

(ဃ) သည်းမခံခြင်း၏အပြစ် ၅-မျိုးလောက်နှင့် သည်းခံ ခြင်း၏ အကျိုး ၅-မျိုးလောက်ကို ပြပါ။

(င) သည်းခံသူကို စော်ကားသူ [ကျယ်သူ] များသည် ယခုလောက၌ ကြီးပွါးနိုင်မည်လော။

(စ) မိခင်က "သားရယ် စာကျက်ပါလား"ဟု ဆုံးမ ရာ၌ လွယ်သောကလေးသည် ဘယ်လိုလုပ်၍, မလွယ်သောကလေးက ဘယ်လိုပြောမည်နည်း။

(ဆ) ဆရာက "ကလေးများ ကျောင်းလာချိန် နောက် မကျစေနဲ့"ဟု ဆုံးမရာ၌ လွယ်သော ကလေးက ဘယ်လို, မလွယ်သောကလေးက ဘယ်လို ဟု ပြပါ။

(၉) "သမဏာနဉ္စ ဒဿနံ" မင်္ဂလာတရားတော်အရ တော်စွာ လျော်စွာနေသော ရဟန်းကို မြင်ရခြင်းမှာ ပင်္ဂလာဟု ဆိုရမည်လော။ အဘယ်ရဟန်းမျိုးကို ဖူးမြင်ရမှ မင်္ဂလာဖြစ်သနည်း။

(၁၀) သူတော်ကောင်း ရဟန်းများကို ဖူးမြင်ရာ၌ အဘယ့်ကြောင့် မင်္ဂလာဖြစ်သနည်း။

(၁၁) ကလေးများ ကြီးသည့်အခါ မင်္ဂလာဖြစ်အောင် ဘယ်လို ရဟန်းသံဃာများကို ရှာဦးရှာထိပ်မှာ ကိုးကွယ်ထားမည်နည်း။

(၁၂) တရားစကားဆွေးနွေးရာ၌ ဘယ်လို ဆွေးနွေးမှ မင်္ဂလာဖြစ်သနည်း၊ ငြင်းကြခုံကြသော ဆွေးနွေးမှုကို မင်္ဂလာဟု ဆိုနိုင်မည်လား။

**၁၀။ တပေါ စ ဗြဟ္မစရိယဉ္စ, အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာ စ, ဧတံ မင်္ဂလမုတ္တမံ။**

---

၁၀။ အကျင့်ကို ကျင့်ခြင်း, မေထုန်မှရှောင်ခြင်း, အရိယ-သစ္စာကို မြင်ခြင်း, အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, ဤ ၄-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] ရဟန္တာအဆင့် မှန်းလျှင်လ, အကျင့်စွမ်းကျင့်ကာ၊
....မေထုန်ဆို ဟိုအရေးကို, ဝေးက ရှောင်ခွါ၊....
အရိယာ သစ္စာတဲ့ မြင်ငြား၊ မြတ်နိဗ္ဗူ, အရဟတ္တာ-
ဖိုလ်ကိုယူမှ, မြတ်လေးဆူ မင်္ဂလာပြွမယ်,
ကောင်းပေ့တရား။

**အမှာ။** ။ဤမင်္ဂလာ လေးပါးသည် လူဝတ်ကြောင်များနှင့် မထိုက်တန်အောင် မွန်မြတ်လှ၏၊ ထို့ကြောင့် ကလေးများအတွက် ချဲ့ထွင်၍ ရေးပြဘွယ် မလိုတော့ပါ၊ "တပေါ=အကျင့်ဟူသည် (မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်)ဟူသော ဣန္ဒြေ ၆-ပါးလုံးကို(အကုသိုလ် လုံးလုံး မဖြစ်အောင်)စောင့်ထိန်းရသော အကျင့်နှင့် အလွန်အမင်း ကြိုးစားရသော ဝီရိယတည်း။ "ဗြဟ္မစရိယ = မြတ်သော အကျင့်"ဟူသည် မေထုန်ကြီး မေထုန်ငယ် အမျိုးမျိုး ရှောင်ရသော အကျင့်တည်း။ သစ္စာ ၄-ပါးတွင် နိရောဓသစ္စာခေါ် နိဗ္ဗာန်ပါဝင်ပြီးဖြစ်သောကြောင့် "နိဗ္ဗာနံ"အရ အရဟတ္တဖိုလ်ကိုယူရသည်။ ဤ ၄-ပါးသည် ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း ဖြစ်၍ အလွန်ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ကြရပေသည်။

**၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ န ကမ္ပတိ၊**
**အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလမုတ္တမံ။**

---

၁၁။ လောကဓမ်တရားတို့ တွေ့ထိ နှိပ်စက်ခံရလျှင် စိတ်မတုန်လှုပ်ခြင်း, ဝမ်းမနည်းခြင်း, မမက်မောခြင်း, ဘေးမရှိခြင်း, ဤ ၄-ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] လောကဓမ် ဖွေ့ရိုးမို့, အမျိုးမျိုး တွေ့ရမယ်၊
စိတ်အနေ မတုန်လှုပ်အောင်, ထိန်းချုပ်ပါကွယ်၊
ဝမ်းပန်းလည်း မနဲလွယ်, မက်မောဘွယ် ရှိဘူး၊
ဘေးကင်းစွာ, ၄-မျိုးမင်္ဂလာကြောင့်, စဉ်မကွာ
ချမ်းသာပြည့်လို့ရယ်, ဘုန်းရှိ ကံထူး။

**လောကဓမ်ရှစ်ပါး။** ။လောက၌ နေသူမှန်လျှင် မကင်းနိုင်သော မကြာခဏ တွေ့ရတတ်သောကြောင့် "လောက-ဓမ္မ=လောကဓမ်"ဟု ခေါ်၏၊ (၁) လာဘော=လာဘ်ရခြင်း၊ (၂) အလာဘော=လာဘ်မရခြင်း၊ (၃) ယသော=အခြွေအရံပေါခြင်း၊ (၄) အယသော=အခြွေအရံမရှိခြင်း၊ (၅) နိန္ဒာ=ကဲ့ရဲ့ခြင်း၊ (၆) ပသံသာ = ချီးမွမ်းခြင်း၊ (၇) သုခံ=ချမ်းသာခြင်း၊ (၈) ဒုက္ခံ=ဆင်းရဲခြင်း၊ ဤ လောကဓမ် ၈-ပါးတွင် အကောင်း ၄-ပါး, မကောင်း ၄-ပါးဟု ခွဲခြားပါ။

[ဆောင်] လာဘ်လာဘ, မရနှင့် အရလို၊ ခြွေအရံ များ
တယ် ရှားတယ်, ကဲ့ပြားသကို၊ ချီးမွမ်း၍ကဲ့ရဲ့ဆို,
ထင်သလို အပြော၊ သုခ ဒုက္ခံနှင့်, လောကဓမ်
ဤစက်ကွင်းဝယ်, ကင်းနိုင်ဘုနေ့ာ။

**အခြေပြုမင်္ဂလသုတ် ၇—ပ-မ-သ-၈**

တုန်လှုပ်ပုံ။ ။ဤလောကဓမ် ရှစ်ပါးတွင် တပါးပါးနှင့် လူတိုင်းပင် မကြာမကြာ တွေ့ရ၏။ ထိုသို့တွေ့ရာ၌ (ရောင်းလို့ ဝယ်လို့ ကောင်း၍ ရွှေ ငွေ အသုံးအဆောင် ပစ္စည်း လာဘ် ရသည့်အခါ, ရာထူးတက်၍ လာဘ်ပေါများသည့်အခါ, အခြွေ အရံ အစေခံနှင့် လက်အောက်ငယ်သား ပေါများသည့် အခါ, ချီးမွမ်းခံရသည့်အခါ, ချမ်းသာနေသည့်အခါ) ဤသို့ အကောင်းလောကဓမ် ၄-ပါးနှင့် တွေ့ကြသည့်အခါ တပြုံးပြုံး တကြွကြွ တရွှရွှနှင့် တမော်မော် ပျော်ချင်တိုင်း ပျော်ခြင်း သည် နဂိုအတိုင်းမငြိမ်ဘဲ တုန်လှုပ်ခြင်း မည်၏။

ရောင်းဝယ်လို့မကောင်း၍ ရာထူးတက်သင့်လျက် မတက် ၍ ပစ္စည်းလာဘ်လာဘ မရသည့်အခါ, အခြွေအရံ အစေခံနှင့် လက်အောက်ငယ်သား နည်းပါးသည့်အခါတို့၌ စိတ်အားငယ် ခြင်း, လူညှိုးနွမ်းခြင်း, အကဲ့ရဲ့ခံရသည့်အခါ "ငါမခံဘူး, ငါ့ကို မဟုတ်တာပြောတယ်" စသည်ဖြင့် ရှူးရှူးရှဲရှဲနှင့် ဒေါသထွက် ခြင်း တစုံတခုကြောင့် ဒုက္ခရောက်သည့်အခါ မြင်သူတိုင်း သနားစဘွယ် အားငယ်ခြင်း ညှိုးနွမ်းနေခြင်းသည် နဂိုနေရိုး အတိုင်း မဟုတ်တော့ဘဲ တုန်လှုပ်ခြင်းမည်၏။

မတုန်လှုပ်မှု မင်္ဂလာ။ ။လောကဓမ်အကောင်း တွေ့၍ တုန်လှုပ်သည့်အခါ "အလွန်ကြွတဲ့လူ အလွန်မော်တဲ့ မောက်တဲ့ လူ" ဟု မြင်သူတိုင်းက မျက်မုန်းကျိုးကြ၏၊ မျက်မုန်းကျိုးရုံတွင် မက နှောက်ယှက် ဖျက်ဆီးလိုကြ၏၊ လောကဓမ် မကောင်း နှင့် တွေ့၍ သနားစဖွယ် အားငယ်နေခြင်း ဒေါသထွက်ခြင်း ကား ထိုသို့ဖြစ်နေခြင်းပင် အမင်္ဂလာဖြစ်နေ၏၊ ထိုသို့ အမင်္ဂ- လာဖြစ်နေသူကို မည်သူကမျှ အရေးမစိုက်လိုကြ၊ ထို့ကြောင့်

လာဘ်လာဘ အခြေအရံ ပေါသည့် အခါလည်း စိတ်နေ မပြောင်း, မပေါသည့်အခါလည်း စိတ်မပျက်၊ ချီးမွမ်းခံရသည့်အခါ သူတကာမြှောက်၍လည်း မမြောက်, ကဲ့ရဲ့ခံရသည့်အခါ သူတကာနှိမ့်လို့လည်း မနိမ့်ကျ၊ချမ်းသာလည်း စိတ်ကြီးမဝင်, ဆင်းရဲလည်း စိတ်မငယ်၊ နဂိုစိတ်နေ မပြောင်း, စိတ်ကောင်း မပျက်သူကို မတုန်လှုပ်သူဟုခေါ်၏။ ထိုမတုန်လှုပ်သူကို "တော်ပါပေတယ်, စိတ်ကြီးလဲ မဝင်တတ်ဘူး, စိတ်လဲမဆင်းရဲတတ်ဘူး" ဟု ချီးမွမ်းကြရ၏။ ထို့ကြောင့် ထိုမတုန်လှုပ်ခြင်းသာ ကြီးစွာသော ကျက်သရေ မင်္ဂလာ ဖြစ်ပေသည်။

**ကလေးများ မတုန်လှုပ်စရာ။** ။ကလေးများ၌ စာမေးပွဲအောင်-စာမေးပွဲရှုံး,အဝတ်အစား ပေါခြင်း-မပေါခြင်း၊ မိဘအခြေအနေလိုက်၍ ချမ်းသာခြင်း, ဆင်းရဲခြင်းများ တွေ့ကြုံရပေသည်။ ထိုသို့တွေ့ကြုံသည့်အခါ အကောင်းတွေ့၍ ကလေးချင်းအပေါ် မော်မော်ကြွားကြွား စော်စော်ကားကား မလုပ်ပါနှင့်၊ အဆိုးတွေ့၍လည်း အားမငယ်ပါနှင့်၊ ငယ်ရွယ်စဉ်က အောက်ကျနောက်ကျနေသော်လည်း ပညာကိုသာ ကြိုးစားသင်လျှင်, ဆရာမိဘတို့စကားကို နားထောင်လျှင် ကြီးသည့်အခါ အထက်တန်း ရောက်နိုင်ပါသေး၏။ ငယ်ရွယ်စဉ်က အထက်တန်းနေကြရသော်လည်း လူမိုက်နှင့် ပေါင်းမိရုံမျှဖြင့် ခွေးကျ ဝက်ကျ အောက်တန်း ကျတတ်ပါသည်။

**ဝမ်းမနည်းခြင်း။** ။ဆွေးမျိုးမိဘတို့ သေကြေပျက်စီးသော်ရင်း, ပစ္စည်းဥစ္စာ ဆုတ်ယုတ်သော်ရင်း ဝမ်းနည်းတတ်ကြ၏။ ထိုသို့ ဝမ်းနည်းခြင်းကြောင့် သေသူလည်း ပြန်၍ မရှင်လာ, ပစ္စည်းဥစ္စာလည်း ပြန်၍မတိုးပွါး၊ ထိုဝမ်းနည်း နေခြင်း

သည် သက်သက်အကျိုးမများသော ကျက်သရေမရှိသော အ,မင်္ဂလာသာဖြစ်၏။ ဝမ်းမနည်းဘဲ စိတ်မဆင်းရဲဘဲ "မွေးလာလျှင် မည်သူမဆိုသေရမှာဘဲ, အရင်သေတာနှင့် နောက်သေတာဘဲ ကွာခြားတယ်"ဟု စိတ်ကိုဖြေ၍ ဝမ်းမနည်းခြင်း, "ပစ္စည်းဆိုတာ လူရှာလျှင် ရတာဘဲ, နဂိုကလဲ ရှာလို့ရတဲ့ ပစ္စည်းဘဲ, ပျက်ချိန်တန်လို့ ပျက်တာ, ရချိန်တန် ရဦးမှာပေါ့" ဟု စိတ်ကိုတင်း၍ ဝမ်းမနည်းခြင်းသည် ကျက်သရေမင်္ဂလာတမျိုးဖြစ်၍ "တော်ပါပေတယ်, တရားပြည့်ဝပါပေတယ်"ဟု လူချီးမွမ်းခံရပါသေးသည်။

**မမက်မောခြင်း။** ။လောက၌ မက်မောစရာတွေ များလှ၏။ ကလေးဘဝ၌ အစားကောင်းမက်၏၊ အဝတ်ကောင်းမက်၏၊ စာသင်ချိန် ခဲတံစာအုပ်ကော င်း မက်၏၊ နဲနဲကြီးလာလျှင် မက်စရာတွေ ပိုလာ၏၊ လူကြီးဖြစ်လာလျှင် သာ၍များလာ၏၊ ထိုမက်စရာတွေကို မက်၍ မရ-ရအောင်ရှာရသဖြင့် မောနေကြ၏။ ထိုသို့မက်မောခြင်းသည် ဒုက္ခရောက်ကြောင်း မကောင်းသော အ,မင်္ဂလာဖြစ်၍ ဘာကိုမျှ မမက်ခြင်းသာ ချမ်းသာကြောင်း မင်္ဂလာဖြစ်သည်။

**ဘေးမရှိခြင်း။** ။လောက၌ အမျိုးမျိုး ကြောက်စရာ ဘေးရန်တွေ များလှချေ၏။ ရေဘေး,မီးဘေး,သူခိုးဒမြဘေး, မင်းဘေး, အမွေခံသားသမီးဆိုးဘေးဟု ဘေးရန်ငါးမျိုး ဆိုရိုးရှိ၏။ ရေဖျက်ဆီး၍ လယ်များ ရေနစ်ခြင်း, ရေလွှမ်းမိုး၍ သေကြေပျက်စီးကာ အိုးမရှိအိမ်မရှိဖြစ်ရခြင်း, ရေနစ်၍သေရခြင်းသည် ရေဘေးတည်း၊ မီးလောင်၍ အိုးမရှိ အိမ်မရှိဖြစ်ရခြင်း, မီးလောင်၍ သေရခြင်းသည် မီးဘေးတည်း၊ သူခိုးအခိုးခံရ,

ဒမြအတိုက်ခံရခြင်းသည် သူခိုးဒမြဘေးတည်း၊ အစိုးရတို့က အမျိုးမျိုး မတရား အခွန်ကောက်ခြင်း, မတရားချုပ်နှောင် ဖမ်းဆီးခံရခြင်းသည် မင်းဘေးတည်း၊ အပွေခံသားသမီးဆိုး တို့က နေ့စဉ် သောက်ဘို့ စားဘို့ ကစားဘို့ အတင်းတောင်း ခြင်း, အမွေကို အတင်းတောင်းခြင်း, တသက်လုံး စုဆောင်း ထားသော ပစ္စည်းများကို သူတို့လက်ထက်၌ ဖြုန်းပစ်ခြင်း သည် အမွေခံဆိုး ဘေးတည်း။

[ ဆောင် ] ရေ့မီး, သူခိုး့မွေခံဆိုးနှင့်, မင်းဆိုအပြား, ရန် မျိုးငါး, မှတ်သားလေကွဲ့ ကြောက်ဘွယ်တဲ့။

ဤဘေးမျိုးမှလွတ်ကင်းအောင် ရေကိုလည်း အရဲမကိုးနှင့် မီးကိုလည်း ဂရုစိုက်၊ သူခိုးဒမြ လုံခြုံအောင်ထား၊ ပုန်းရှောင် သင့် ပုန်းရှောင်နေ၊ မင်းနှင့်ဆိုင်ရာဝယ် လုံးလုံး ဥပဒေနှင့်မငြိ အောင် အလုပ်အကိုင် အရောင်း အဝယ် သတိထား၊ မတော် တဆ မင်းဘေး ကြုံလာလျှင် အကူအညီရအောင် မိတ်ဆွေ ကောင်းကောင်း ရှိပါစေ၊ အမွေခံသားသမီး လူမိုက်မဖြစ် အောင် ယယ်စင်ကစ၍ ဤမင်္ဂလသုတ်ကို သင်ပြ ကြပါလေ၊ ဤသို့သတိထား၍ဘေးမရှိအောင် ကြိုးစားသူသည် ဘေးမျိုး ကင်းကွာ၍ 'ခေမံ'ဟူသော မင်္ဂလာနှင့် ပြည့်စုံပါလိမ့်မည်။

မှတ်ချက်။ ။ဤဂါထာ၌လာသော မင်္ဂလာ ၄-ပါးသည် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်များနှင့် သက်ဆိုင်၏။ သို့သော် သာမန် လူများ၌လည်း ရသင့်သလောက် ရနိုင်သောကြောင့် သာမန် လူများအတွက် အကျဉ်းမျှသာရေးလိုက်ရပေသည်၊ အကျယ် ကို အထက်တန်းမင်္ဂလသုတ်ကျမှ တွေ့ရပါလိမ့်မည်။

## ၁၂။ လေ့ကျင့်ခန်းမေးခွန်း

(က) တပေါ်စ ဂါထာပါဠိနှင့်ဆိုင်ရာဆောင်ပုဒ်ကိုပြပါ။

(ခ) တပေါ်စ ဂါထာလာ မင်္ဂလာ ၄-ပါးကို ပါဠိမြန်မာ တွဲဘက်၍ ရေတွက်ပြပါ။

(ဂ) ဖုဋ္ဌဿ ဂါထာ ပါဠိနှင့် ဆိုင်ရာဆောင်ပုဒ်ကို ပြပါ။

(ဃ) ဖုဋ္ဌဿ ဂါထာလာ မင်္ဂလာ ၄-ပါးကို ပါဠိမြန်မာ တွဲဘက်၍ ရေတွက်ပြပါ။

(င) အဘယ့်ကြောင့် လောကဓမ်ဟု ခေါ်သနည်း၊ လောကဓမ် ရှစ်ပါးကို ပါဠိမြန်မာ တွဲဘက်၍ ရေတွက်ပြပါ။

(စ) သဘာဝခြင်းကြောင့် တုန်လှုပ်ပုံ၊ မရခြင်းကြောင့် တုန်လှုပ်ပုံ အကွဲ့ရှဲခံရ၍ တုန်လှုပ်ပုံကို ပြပါ။

(ဆ) အကောင်းလောကဓမ် ၄-ပါးကြောင့် မတုန်လှုပ်ပုံ၊ မကောင်းလောကဓမ် ၄-ပါးကြောင့် မတုန်လှုပ်ပုံကို ပြပါ။

(ဇ) ဆွေမျိုးမိဘ တယောက်ယောက် သေဆုံးရာ၌ အသောက-ဝမ်းမနည်းပုံကို ပြပါ။

(ဈ) ကလေးဘဝ၌ မက်မောစရာကိုပြ၍၊ ထိုမက်မောစရာ၌ မမက်သော ဝိရဇ-မင်္ဂလာဖြစ်ပုံကို ပြပါ။

(ည) ဘေးရန်ဟူသည် အဘယ်နည်း၊ ထိုဘေးများမဖြစ်ရအောင် ခေမမင်္ဂလာ ဖြစ်အောင်၊ အဘယ်သို့ ပြုကျင့်ရမည်နည်း။

၁၂။ ဧတာဒိသာနိ ကတွာန, သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ, တံ တေသံ မင်္ဂလမုတ္တမံ။

---

၁၂။ ဤမင်္ဂလာတို့ကို ပြုကျင့်ကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့်ရန်သူမျှ အနိုင်မရဘဲ (မိမိကသာ အောင်နိုင်၍) နေရာအားလုံးတို့၌ ချမ်းသာခြင်းသို့ ရောက်ကြ၏။ ထိုမင်္ဂလာရှိသူတို့၏ ၃၈-ဖြာ ထိုမင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာတည်း။

(မင်္ဂလာ ၃၈-ပါးကို ရေတွက်ရာ၌ မာတာပိတု ဥပဋ္ဌာနံ ဂါထာဝယ် အမိလုပ်ကျွေးခြင်း, အဘလုပ်ကျွေးခြင်းဟု ၂-မျိုး ခွဲ၍ ၄ မင်္ဂလာရအောင် ရေတွက်မှ ၃၈-ပါးပြည့်သည်၊ အသေဝနာ စ ဂါထာမှစ၍ ရေတွက်ကြည့်ပါလေ။)

[ဆောင်] မင်္ဂလာ မြတ်တရားကိုလ, မြတ်ဘုရား ဟောတော်မူ....၊ သုံးဆယ်ကျော် ရှစ်ဖြာစွန်းတယ်, ထွန်းတောက်ဇမ္ဗူ။ ကျင့်ပါတော့ မျှာ ဗိုလ်လူ, ဆူပူတဲ့ ရန်မျိုး....၊ အားလုံး အောင်နိုင်၍, သက်ဆုံးတိုင် သုခတိုးလို့ရယ်, ဖြိုးလိမ့် တန်ခိုး။

## ၁၃။ လေ့ကျင့်ခဏ်း မေးခွန်း

(က) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို ရေတွက်ပြပါ။

(ခ) အိပ်ရာမှထချိန်၌ အထပျင်းသောကလေးသည် 'အတ္တသမ္မာပဏိဓိ' ခေါ် မိမိကိုယ်ကို ကောင်းစွာထားခြင်း မင်္ဂလာ ရှိနိုင်ပါမည်လော။

(ဂ) အမျိုးအလိုက် ကျင့်ထိုက်သော ဝိနည်းများ ကောင်းစွာသင်ထားသော ကလေးသည် အရာရာ၌ တတ်သိနားလည်တတ်လေရာ အသက် ၇-နှစ်သားလောက်ရှိပါလျက် (အိုးထဲခွက်ထဲ မဟုတ်လျှင်) အိမ်ပေါ်မှာ ရှူရှူမပေါက်ရဘူးဟု နားမလည်သော ကလေးသည် အဘယ်မင်္ဂလာကို မသင်ဘူးပါသနည်း။

(ဃ) ဒီလိုအလုပ်မျိုးကို မလုပ်ရဘူးဟု သိပါလျက် လုပ်သူသည် အဘယ် မင်္ဂလာကို မလိုက်နာသူဟု ဆိုရမည်နည်း။

(င) ကျောင်းသွားချိန်၌ ကျောင်းသွားပျင်းသောကလေးသည် အဘယ်မင်္ဂလာကို ရအောင်မကြိုးစားသူနည်း။

(စ) ကျောင်းသွား ကျောင်းပြန် မိဘကို အလေးပြုရမှန်း မသိသူ၊ သိလျက် အလေးမပြုသောသူတို့မှာ အဘယ် မင်္ဂလာ ၂-ပါး ပျက်နေပါသနည်း။

(ဆ) လူကြီးများ ဆရာသမား ရဟန်းသံဃာများရှေ့၌ ရိုရိုသေသေ နေထိုင်ပြောဆိုရမည်ဟု မသိသူ၊ သိလျက် မပြုသူသည် အဘယ်မင်္ဂလာ ၁-ပါး မရှိသူပါနည်း။

(ဇ) မိမိတို့မှာ ပစ္စည်း ပေါကြောင်း ဂုဏ်ကြီးကြောင်း ပညာတတ်ကြောင်း ကြွားလို၍ စကားပြောသည့်အခါ ထည့်ကာထည့်ကာ ပြောသူသည် အဘယ် မင်္ဂလာ မရှိသူပါနည်း။

(ဈ) မကြွားမဝါဘဲ ရိုးရိုးသားသား ပြောဆိုနေထိုင်သူသည် အဘယ်မင်္ဂလာ ၂-ပါးနှင့် ပြည့်စုံသူပါနည်း။

(ည) သူသည် မခံချင်အောင် ပြောသည့်အခါ အဘယ် မင်္ဂလာကို သတိထား၍ ဘယ်လိုနေရမည်နည်း။
( ဋ ) ဆရာ, မိဘ, အကို, အမက-ဆုံးမလျှင် ပြန်၍ ငြင်းသူ သည် အဘယ်မင်္ဂလာ မရှိသူပါနည်း။

## ၁၄။ လေ့ကျင့်ခဏ်း

မောင်အေး၏မိဘတို့သည်——
၁။ အရောင်းအဝယ်မှစ၍ အစစ အရာရာ ကောင်းသော မြို့ကလေး၌ နေကြ၏။
၂။ သူတော်ကောင်းများ ဖြစ်ကြ၏။
၃။ မောင်အေးသည် အိပ်ရာဝင် အိပ်ရာထတိုင်း ဘုရားကို ကန်တော့၏။
၄။ မောင်အေးသည် ဉာဏ်ကောင်း၍ ရုပ်လှသူလည်းဖြစ်၏။
၅။ သူ့ကိုယ်ကို လူလိမ္မာကလေးတယောက်ဟု အချီးမွမ်းခံရ လောက်အောင် နေထိုင်၏။
၆။ အားလပ်ချိန်၌ မိဘတို့ကို ကူညီ၏။
၇။ အဝတ်အစား အနေအထိုင်မှစ၍ ရှုပ်ရှုပ်ပွေပွေ နေလေ့ မရှိ။
၈။ မုန့်စားလျှင် မရှိဆင်းရဲသူကလေးများကို ဝေငှပေး၏။
၉။ ညီကလေး နှမကလေးများကို စောင့်ရှောက်၏။
၁၀။ ကျောင်းမှာဖြစ်စေ အိမ်မှာဖြစ်စေ လူကြီးများ အပြစ် တင်မည့် အလုပ်ကို မလုပ်။
၁၁။ "ငရဲကြီးတတ်တယ်"ဟု လူကြီးများ ပြောထားသော သတ်မှု, ခိုးမှု, လိမ်မှုများကို ဘယ်တော့မှမပြု။

၁၂။ ဘုရားရှိခိုးချိန်ကို ဘယ်တော့မှ မမေ့။

၁၃။ လူကြီးသူမ ဆရာမိဘကို ရိုသေ၏။

၁၄။ မော်မော်ကြွားကြွား ပြောဆို နေထိုင်လေ့ မရှိ။

၁၅။ မိခင်ပေးသော အဝတ်အစားနှင့်သာ ကျေနပ်၏၊ ဘယ်တော့မှ ဇီဇာမကြောင်။

၁၆။ သူ့ကို တယောက်ယောက်က ကူညီစောင့်ရှောက် ဆုံးမထားဘူးလျှင် အမြဲသတိရတတ်၏။

၁၇။ ဘယ်သူက ဘာပြောပြော ပြုံးနေတာဘဲ၊ ဘယ်တော့မှ ရန်မဖြစ်။

၁၈။ ဆရာနှင့် မိဘတို့က ပြောသမျှကို နားထောင်၍ အကောင်းချည်းဟု မှတ်ထား၏။

၁၉။ တခါတုန်းက သူညီအငယ်ဆုံးလေး သေလို့ တအိမ်လုံး ငိုကြပေမယ့် မောင်အေး မငို။ "ဘာပြုလို့ ငိုကြတာတုန်း၊ ငိုတော့ ပြန်လာမှာတဲ့လား၊ ခင်ဗျားတို့လဲ သေနေ့စေ့တဲ့ အခါ သေကြရမှာဘဲ" ဟု ပြော၏။

၂၀။ သူသည် ရုပ်ရှင်ကြည့် [ပွဲကြည့်]ရပေမယ့် သဘောကျပုံ မရ၊ "ငွေကုန်ပြီး အအိပ်ပျက်တယ်" ဟု သူ့အရွယ်နှင့် မတန်အောင် ပြောလိုက်သေး၏။

၂၁။ မောင်အေးမှာ တကျောင်းလုံး, တရပ်လုံး မုန်းသူမရှိ၊ အားလုံးက ချစ်ကြ၏၊ မောင်အေးမှာ အဘယ်မင်္ဂလာများ ပြည့်စုံနေပါသနည်း။ [နံပါတ်စဉ်အတိုင်း တခုစီ ဆရာကမေး၍ သူတို့အဖြေကို ရှင်းပြောပါ။]

# နိဂုံးချုပ်

ကလေးများ....ရှေးတုန်းက မိန်းမတယောက်မှာ မျောက်နီစပ်ကလေးနှင့် တူသော သားတယောက် မွေးဖွား၍ "နီစပ်" ဟု နာမည်ပေးသတဲ့။ ထို"နီစပ်"ကလေးသည် လူပျိုအရွယ် ရောက်လာသည့်အခါ မျောက်နီစပ်နှင့် တူတုန်းပင်ဖြစ်၍ အားလုံးက "နီစပ်"ဟုပင် ခေါ်ကြ၏။ အသက်ကြီး၍ မိန်းမရသည့်အခါလည်း မျောက်နီစပ်နှင့် တူမြဲတူနေသောကြောင့် "နီစပ်ကြီး နီစပ်ကြီး"ဟု ခေါ်မြဲ ခေါ်နေကြသတဲ့ ငယ်ငယ်က မျောက်နီစပ်နှင့် တူသူသည် ကြီးတော့လဲ မျောက်နီစပ်နှင့် တူသကဲ့သို့....

ထို့အတူ ကလေးများသည် ငယ်ငယ်က မလိမ္မာလျှင် လူပျိုဘဝ, အပျိုဘဝ ရောက်သော်လည်း လိမ္မာကြမည် မဟုတ်၊ တသက်လုံး လူမိုက်ဘဝနှင့် အညွန့်တုံးပြီးနောက် သေသည့်အခါ ဆင်းရဲသော မိဘတို့ထံ ပြန်ရောက်ဘို့နှင့် ငရဲကျဘို့သာ ဖြစ်ကြပေလိမ့်မည်၊ ဤ မြန်မာပြည်ထောင်စုသည် လူမတရားလူမိုက်များ စုနေသော ပြည်ထောင်စု မဖြစ်ဘို့ရာ ကလေးများ အရွယ်ကစ၍ အစွမ်းကုန် လိမ္မာကြစေလိုသောကြောင့် ဤမင်္ဂလသုတ်ကို ဖတ်ချင်စဘွယ်, မှတ်သားဘွယ်, မှတ်သားလွယ်အောင် ကြိုးစား၍ ရေးသားခဲ့ရာ ဤမျှလောက်ဖြင့် ကလေးများအတွက် သင့်တော်လောက်ပါပြီ၊ မင်္ဂလာရှိသော ကလေးများ ဖြစ်ကြပါစေသတည်း။

# ကျမ်းပြီးနိဂုံး

ကလေးအရွယ် လိမ္မာပါမှ
ကြီးရင့်က လိမ္မာမည်၊
မလိမ္မာ ပြည်ထောင် စုကြလျှင်
ကောင်းမှု မတည်၊
ကလေးတို့ နေပြည်
တည်စေဘို့ စိတ်စော၊
နံနက် မင်္ဂလာနှင့်
နေ့မကွာ ညဉ့်ပါသုံးလို့ရယ်
ပြီးကြစေသော။

အခြေပြု မင်္ဂလသုတ် ပြီးပြီ။

# မင်္ဂလသုတ် ပါဠိ-အနက်

## (ဝိသုဒ္ဓါရုံ)

ယံ မင်္ဂလံ ဒွါဒသဟိ, စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ, အဋ္ဌတိံသဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန, သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောက ဟိတတ္ထာယ, မင်္ဂလံ တံ ဘဏာမ ဟေ။

---

### အမွန်းတင် ဂါထာအနက်

သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ စီးပွါးချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ-န အဓိဂစ္ဆန္တိ ဧဝ၊ မသိနိုင်ကုန်သည်သာတည်း။

ဒေဝဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်မြတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွါးအလို့ငှါ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုတို့ကို ပယ်ဖျောက်တတ်သော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ ဟေ၊ သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

(က) ဧဝံ မေ သုတံ—

(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(ဂ) အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ
အဋ္ဌာသိ၊

---

## မင်္ဂလာနိဒါန်း အနက်

(က) ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤ မဟာမင်္ဂလသုတ်တော်ကို။ မေ မယာ အာနန္ဒေန၊ အကျွန်ုပ် အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။

(ခ) ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏၊ အာရာမေ၊ နှလုံးမွေ့လျော်ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။

(ဂ) အထ ခေါ၊ ထိုသို့နေတော်မူသောအခါ၌။အညတရာ၊ အမျိုးအမည် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံလွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင်

(ဃ) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာ စ, မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ, ဗြူဟိ မင်္ဂလမုတ္တမံ။

---

အဓါဠ္ဌိ။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အဆင်း ရှိသည်ဖြစ်၍။ ကေဝလ ကပ္ပံ၊ ထက်ဝန်းကျင် အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်ကို။ ဩဘာသေတွာ၊ ကိုယ် ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထို ဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရား ကို။ အဘိဝါဒေတွာ၊ အလွန်ရှိသေစွာ ရှိခိုးဦး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။

(ဃ) ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ ဌိတာ ခေါ၊ ရပ်ပြီးသော။ သာ ဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈ- ဘာသိ၊ ဤသို့ နားတော်လျှောက်ပေ၏။

၁။ ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါ စ၊ နတ်တို့သည်၎င်း။ မနုဿာ စ၊ လူတို့သည်၎င်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည်

၂။ အသေဝနာ စ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ, ဧတံ မင်္ဂလမုတ္တမံ။

၃။ ပတိရူပဒေသဝါသော စ, ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ, ဧတံ မင်္ဂလမုတ္တမံ။

---

ဖြစ်၍။ မင်္ဂလာနိ၊ စီးပွါးချမ်းသာခြင်း၏ အကြောင်း ဖြစ်ကုန်သော မင်္ဂလာ တရားတော်တို့ကို။ ဒွါဒသဟိ၊ တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တယုံ၊ ကြံကြကုန်ပြီ။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ တရားတော်ကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။

၂။ ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ လူမိုက်တို့ကို။ ယာ အသေဝနာ စ၊ အကြင် မမှီဝဲ မဆည်းကပ်ခြင်းသည် ၎င်း။ ပဏ္ဍိတာနံ၊ ပညာရှိသော သူတို့ကို။ ယာ သေဝနာ စ၊ အကြင် မှီဝဲ ဆည်းကပ်ခြင်းသည်၎င်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ယာ ပူဇာ စ၊ အကြင် ပူဇော်ခြင်းသည် ၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၃။ ဒေဝပုတ္တ၊ နတ်သား။ ယော ပတိရူပဒေသဝါသော စ၊ အကြင် တင့်အပ်လျောက်ပတ်သောအရပ်၌ နေခြင်းသည် ၎င်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ယာ ကတပုညတာ စ၊ အကြင် ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်၎င်း။ ယော အတ္တသမ္မာပဏိဓိ စ၊ အကြင် မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ သုံးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ, ဧတံ မင်္ဂလမုတ္တမံ။

၅။ မာတာပိတု ဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ, ဧတံ မင်္ဂလမုတ္တမံ။

၆။ ဒါနဉ္စ ဓမ္မစရိယာ စ, ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလမုတ္တမံ။

---

၄။ ဒေဝပုတ္တ၊ နတ်သား။ ယံ ဗာဟုသစ္စဉ္စ၊ အကြင် အကြားအမြင်များသောသူ၏ အဖြစ်သည်၎င်း။ ယံ သိပ္ပဉ္စ၊ အကြင် လက်မှုပညာ အစရှိသော အတတ်တို့ကို တတ်ခြင်းသည်၎င်း။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော။ ယော ဝိနယော စ၊ အကြင် ဝိနည်းတရားတော်သည်၎င်း။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ်သော။ ယာ ဝါစာ စ၊ အကြင် စကားသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၅။ ဒေဝပုတ္တ၊ နတ်သား။ မာတာပိတု၊ အမိအဘကို။ ယံ ဥပဋ္ဌာနဉ္စ၊ အကြင်လုပ်ကျွေး မွေးမြူခြင်းသည်၎င်း။ ပုတ္တဒါရဿ၊ သားမယားကို။ ယော သင်္ဂဟော စ၊ အကြင် သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည်၎င်း။ အနာကုလာ၊ အနှောက် အယှက် မရှိကုန်သော။ ယေ ကမ္မန္တာ၊ အကြင်အမှုတို့ကို ပြုခြင်းတို့သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၆။ ဒေဝပုတ္တ၊ နတ်သား။ ယံ ဒါနဉ္စ၊ အကြင် အလှူ ပေးခြင်းသည်၎င်း။ ယာ ဓမ္မစရိယာ စ၊ အကြင် မြတ်သော

၇။ အာရတီ ဝိရတီ ပါပါ, မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု, ဧတံ မင်္ဂလမုတ္တမံ။

၈။ ဂါရဝေါ စ နိဝါတော စ, သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလမုတ္တမံ။

---

အကျင့်ကို ကျင့်ခြင်းသည်၎င်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ ယော သင်္ဂဟော စ၊ အကြင် သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည်၎င်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ယာနိ ကမ္မာနိ- စ၊ အကြင်အမှုတို့ကို ပြုခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၇။ ဒေဝပုတ္တ၊ နတ်သား။ ပါပါ၊ မကောင်းမှုမှ။ ယာ အာရတီ စ၊ အကြင် ဝေးစွာ ရှောင်ကြဉ်ခြင်းသည် ၎င်း။ ယာ ဝိရတီ စ၊ အကြင် အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည်-၎င်း။ ပါနာ၊ သေရည်သေရက် သောက်ခြင်းမှ။ ယော သံယ- မော စ၊ အကြင် ကောင်းစွာ စောင့်စည်းခြင်းသည်၎င်း။ ဓမ္မေ- သု၊ ကုသိုလ်ကောင်းမှုတို့၌။ ယော အပ္ပမာဒေါ စ၊ အကြင် မမေ့မလျော့ ခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၈။ ဒေဝပုတ္တ၊ နတ်သား။ ယော ဂါရဝေါ စ၊ အကြင် ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းသည်၎င်း။ ယော နိဝါ- တော စ၊ အကြင် မိမိကိုယ်ကို နှိမ့်ချခြင်းသည်၎င်း။ ယာ သန္တုဋ္ဌိ စ၊ အကြင် ရောင့်ရဲ လွယ်ခြင်းသည်၎င်း။ ယာ ကတ- ညုတာ စ၊ အကြင် သူပြုဘူးသော ကျေးဇူးကို သိခြင်းသည်

၉။ ခန္တီ စ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလမုတ္တမံ။
၁၀။ တပေါ စ ဗြဟ္မစရိယဉ္စ, အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာ စ, ဧတံ မင်္ဂလမုတ္တမံ။

---

ဝှင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သော အခါ၌။ ယံ ဓမ္မဿဝနဉ္စ၊ အကြင်တရားကို နာခြင်းသည်ဝှင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ မည်၏။

၉။ ဒေဝပုတ္တ၊ နတ်သား။ ယာ ခန္တီ စ၊ အကြင် သည်းခံခြင်းသည်ဝှင်း။ ယာ သောဝစဿတာ စ၊ အကြင် သူတော်ကောင်းတို့ ဆုံးမစကားကို နာလွယ်သောသူ၏ အဖြစ်သည်ဝှင်း။ သမဏာနံ၊ ရဟန်း ပုဏ္ဏားတို့ကို။ ယံ ဒဿနဉ္စ၊ အကြင် ဖူးမြင်ခြင်းသည်ဝှင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သော အခါ၌။ ယာ ဓမ္မသာကစ္ဆာ စ၊ အကြင်တရားစကားကို ဆွေးနွေး မေးမြန်းခြင်းသည်ဝှင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၁၀။ ဒေဝပုတ္တ၊ နတ်သား။ ယော တပေါ စ၊ အကြင် ခြိုးခြံစွာကျင့်ခြင်းသည်ဝှင်း။ ယံ ဗြဟ္မစရိယဉ္စ၊ အကြင် မြတ်သော အကျင့်ကို ကျင့်ခြင်းသည်ဝှင်း။ အရိယသစ္စာနံ၊ အရိယ-သစ္စာ တို့ကို။ ယံ ဒဿနဉ္စ၊ အကြင်သိမြင်ခြင်းသည်ဝှင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ ယာ သစ္ဆိကိရိယာ စ၊ အကြင် မျက်မှောက် ပြုခြင်းသည်ဝှင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဧတာဒိသာနိ ကတွာန, သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ, တံ တေသံ မင်္ဂလမုတ္တမံ။

---

၁၁။ ဒေဝပုတ္တ၊ နတ်သား။ ယဿ၊ အကြင်ပုဂ္ဂိုလ်သည်။ လောကဓမ္မေဟိ၊ လောကဓမ် တရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့သည်။ အဿ ဟောတိ၊ ဖြစ်၏။ တဿ၊ ထို ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ၊ ရမက်ဟူသော မြူလည်း မရှိ။ ခေမံ၊ ဘေးလည်းမရှိ။ ဧတံ၊ ဤ လေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

၁၂။ ဒေဝပုတ္တ၊ နတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဋ္ဌတိံသ မင်္ဂလာနိ။ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ အပရာဇိတာ၊ ရန်သူတို့သည် မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ တံ၊ ထို သုံးဆယ့်ရှစ်ပါးသော တရားသည်။ တေသံ၊ ထို နတ်လူတို့၏။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။ ဣတိ၊ ဤသို့။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်ယူလေလော့။

မင်္ဂလသုတ် ပါဠိ-အနက် ပြီး၏။

# မင်္ဂလာကဗျာ

### အသေဝနာစ ဗာလာနံ

၁။ လူမိုက်ဆိုလျှင်-ရှောင်သွေလွှဲလို့,
မမှီဝဲနှင့်-ကင်းအောင်နေ၊
ပညာရှိကို-အရှည်တွဲလို့,
မှီဝဲဆည်းကပ်-နည်းယူစေ၊
သုံးပါးရတနာ-မိဘများနှင့်,
ဆရာသမားကို-ပူဇော်လေ၊
ချမ်းသာကိုပေး....ဆက်ဆံရေး....
မျှော်တွေး-သုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

### ပတိရူပ

၂။ ကုသိုလ်ပညာ, ဥစ္စာရဘို့,
သင့်ရာဒေသ-အမြဲနေ၊
ရှေးကတင်ကြို-ပြုခဲ့ဘူးသည့်,
ကောင်းမှုအထူး-ရှိပါစေ၊
မိမိကိုယ်ကို-ကောင်းအောင်ထိန်းလို့,
မတိမ်းစေနဲ့-ဆောက်တည်လေ၊
ဥစ္စာကိုပေး....နေထိုင်ရေး....
မျှော်တွေး-သုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဗဟုသစ္စဥ္စ

၃။ တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ၊
အိုးအိမ်တည်ထောင်, ဝမ်းစာရေးနှင့်၊
အသက်မွေးဘို့ အတတ်သင်လေ၊
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ၊
မှန်ကန်ယဉ်ကျေး....ချိုသာအေး....
ဆိုရေး တတ်ပါစေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## မာတာပိတု

၄။ မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊
ကြွေးသစ်ချကာ သားနှင့်မယား၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ၊
စည်းစိမ်ကိုပေး....ပြုစုရေး....
မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## ဒါနဉ္စ

၅။ သုံးတန်စေတနာဖြူစင်လန်းလို့,
ပေးကမ်းဝေမျှ လှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့,
သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြင်ပ မထားနဲ့,
သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
သန့်ရှင်းပြစ်မျိုး....လူထုအကျိုး....
သည်ပိုး ရွက်ဆောင်စေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## အာရတီ ဝိရတီ

၆။ မကောင်းမှုတွေ ဟူသမျှကို,
မတွေ့ခင်က ရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့,
အထူးသဖြင့် စောင့်စည်းနေ၊
အရက်သေစာ မသောက်စားနဲ့,
မှောက်မှားတတ်တဲ့ အရာပေ၊
လုပ်ကိုင်ပြောကြား....သတိထား....
တရား မမေ့စေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## မင်္ဂလာအကျိုး

၁၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို,
လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွါးချမ်းသာ ကျက်သရေတိုးလို့,
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးရန်ကင်းကွာ ချစ်သူပေါလို့,
စိတ်ရောကိုယ်ရော ချမ်းသာမလေ၊
ပြောဆိုကြံဆ....ဆောင်သမျှ....
အောင်ရမည် ကိန်းသေ၊
အဲဒါကြောင့်....ပန်ကြ ဆင်ကြ,
"မင်္ဂလာ့ ပန်းခိုင်တွေ"။

## နိဂုံးကဗျာ

၁၂။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့,
ပျက်ပြားနေကြ ကမ္ဘာမြေ၊
ဟိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့,
လူနှင့်လူချင်း သတ်ကာနေ၊
ငြိမ်းချမ်းပါစေ အာသီသနဲ့,
စွမ်းနိုင်ရာက ကူညီသလေ၊
သုံးဆယ့်ရှစ်ပါး...မင်္ဂလာတရား....
ရေးသား ဖြန့်ကာဝေ၊
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ"ကမ္ဘာက သိပါစေ။

ဒဂုန်--ဦးထွန်းမြင့်။

ပ-မ-သ-စ—၆၉၉—၂၂-၁၁-၇၅—၃၀၀၀-အုပ်။(၂)

ပညာအလင်းပြစာအုပ်ဆိုင်
၁၃၀-အေ-ဗိုလ်ချုပ်လမ်း
၄၀-လမ်း၊ ထိပ်၊ ဖုံး-၁၃၄၁၄
ရန်ကုန်မြို့။

သာသနာရေး ဦးစီးဌာန သို့
အရှင် ကာဝိဓ မှ
လှူဒါန်းပါသည်။